# မြဝတီ

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 March 2021 ၁၀၃၀၉


# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မတ် ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန် အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၅၁၆၈၉ ဦး၊ အတွင်းလူနာ ၃၅၁၄ ဦးကို တပ်မတော်မှ ပါရဂူ များ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများ အား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့် အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။


**အထူးကြပ်မတ်ကုသပေးလျက်ရှိ**

ထိုသို့ လာရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၂၈၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၂၉ ဦး စုစုပေါင်း ၃၅၁၆ ဦးတို့ကို ခွဲစိတ်ကုသပေး နိုင်ခဲ့ပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



ဘုတ်ပြင်းမြို့ တပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူတစ်ဦးအား ခွဲစိတ်ကုသပေးနေသည်ကို တွေ့ရစဉ်။

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး



ယင်းမာပင်တိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် မတ် ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ် ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ် ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက် ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံ မှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် များမှ တပ်နယ်များအလိုက် တပ်မတော် ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

**မြဝတီ ယနေ့ ဖတ်စရာ**

ဘယ်သူဖျက်ဖျက် နိုင်ငံတော်ပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင် နေကြပါသည်

စာမျက်နှာ » ၈

မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွေမှာ ပူးပေါင်း ပါဝင်နိုင်ကြပါစေ

စာမျက်နှာ » ၁၀




# (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကြေးမုံ

# အခြေအနေမှန်ကို မှန်ကန်စွာရှုမြင်၍လုပ်ကိုင်

နိုင်ငံရေးအပြောင်းအလဲကို လက်မခံလိုသည့် ဆန္ဒထုတ်ဖော်သူအများစုမှာ ပထမပိုင်းတွင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြသော်လည်း ဖေဖော်ဝါရီလ ၉ ရက်နောက်ပိုင်းမှစတင်၍ နိုင်ငံတစ်ဝန်းရှိ မြို့ကြီးအချို့တွင် အကြမ်းဖက်ဆူပူမှုအသွင် (Riot)ဖော်ဆောင်လာခဲ့ကြပြီးနောက် မင်းမဲ့စရိုက်ဆန်သောလူအုပ်စုအသွင် (Anarchy Mob) ဖြင့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်မှုများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ထို့ကြောင့် တိုင်းပြည်မတည် မငြိမ်ဖြစ်ပြီး ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်မှုများကို ဥပဒေနှင့်အညီ စနစ်တကျ ကိုင်တွယ်ဖြေရှင်းနေသည်ကို တွေ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၄၁၇)အရ အရေးပေါ်အခြေအနေကြေညာသည့်ကာလအတွင်း ပုဒ်မ (၄၁၃)ပါ လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းနှင့် ပုဒ်မ(၄၂၀)အရ နိုင်ငံသားများ မူလအခွင့်အရေးကို ကန့်သတ်နိုင်ခြင်းစသည်ဖြင့် ပြုလုပ်နိုင်သော်လည်း ထိုကဲ့သို့ဆောင်ရွက်ခြင်းမပြုခဲ့ဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အညင်သာဆုံးနည်း၊ ထိခိုက်မှုအနည်းဆုံးနည်းများဖြင့်သာ ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို တွေ့ရသည်။ သို့သော် ဆူပူအကြမ်းဖက်လိုသူများနှင့် တိုင်းပြည်ဖျက်လိုဖျက်ဆီးလုပ်လိုသူများက အကောင်းဆုံး၊ အသက်သာဆုံးကိုင်တွယ်ဖြေရှင်းနေသည်ကို သတိမမူဘဲ ပြည်သူလူထုအား နှိပ်စက်နေသည်ဟူသော မဟုတ်မမှန်သတင်းများ၊ ဖျက်လိုဖျက်ဆီး ကောလာဟလသတင်းများ မပြတ်ထုတ်လွှင့်၍ တိုင်းပြည်မတည်ငြိမ်မှု၊ ဆူပူမှုပိုမိုကြီးထွားအောင် ဆက်လက်လုပ်ဆောင်နေကြသည်။

ထိုသို့ မတည်မငြိမ်ဖြစ်ပွားနေစဉ်တွင် NLD လိုလားထောက်ခံသူများနှင့် ပြည်ပမှ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း တစိုက်မတ်မတ်ပြုလုပ်နေသူတို့သည် ၎င်းတို့ကိုယ်တိုင် ဆူပူလှုပ်ရှားမှုများတွင် ရှေ့တန်းမှမပါဝင်ဘဲ လွတ်ရာလွတ်ကြောင်းနေရာမှနေ၍ လူမှုကွန်ရက်၊ အင်တာနက်ကိုအသုံးချကာ စည်းရုံးလှုံ့ဆော်နေကြသည်။ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား CDM နှင့် လူထုလှုပ်ရှားမှုအသွင်ဆောင်ရွက်ရန် နည်းအမျိုးမျိုးဖြင့် ဖိအားပေးဆောင်ရွက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းဖြင့် ပူးပေါင်းပါဝင်စေခြင်း၊ ပါဝင်ခြင်းမရှိသူများအား အုပ်စုဖွဲ့လျက် လူတစ်ဦးစီ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးဆုံးရှုံးစေသော၊ ဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်စေသော အပြုအမူများဖြင့် ဖိအားပေးခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ Public Bullying အဖြစ် အရှက်သိက္ခာကျစေမှုများ ပြုလုပ်လာခဲ့ကြသည်။

အရေးပေါ်ကာလ သတ်မှတ်ပြီးချိန်မှစတင်၍ အကြမ်းဖက်ဆူပူမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံအချို့၌ ဆူပူရမ်းကား အကြမ်းဖက်သည့် လူအုပ်စုများကို ဖြေရှင်းသည့်ပုံစံထက် ပိုမိုပျော့ပျောင်းသောပုံစံဖြင့် ကိုင်တွယ်ဖြေရှင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ မလွှဲမရှောင်သာသည့် အခြေအနေရောက်မှသာ အနည်းဆုံးအင်အားဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် NLD ပါတီဝင်များ၊ ထောက်ခံဝန်းရံသူများနှင့် ပြည်ပမှအကူအညီအထောက်အပံ့ဖြင့် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းပြုလုပ်သူများ၏ သွေးထိုးလှုံ့ဆော်မှုများကို သေချာစွာဆန်းစစ်လေ့လာသုံးသပ်ကြည့်၍ သူတစ်ပါးစည်းရုံးမှုကို လက်မခံဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်း၊ တိုးတက်ရာတိုးတက်ကြောင်းတို့ကိုသာ တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ထုတ်ပြန်ထားသော ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား လေးစားလိုက်နာရန်လိုအပ်ပေသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လည်းကောင်း တိုင်းပြည်၏ပကတိအခြေအနေမှန်ကို မှန်မှန်ကန်ကန်ရှုမြင်ဆင်ခြင်၍ တိုင်းပြည်ကို ၎င်းတို့လိုလားသည့်ပါတီ၊ လိုလားသည့်သူ အာဏာမရသည်ကို အကြောင်းပြု၍ ဖျက်လိုဖျက်ဆီးလုပ်ဆောင်မှုများ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ မရေရာသော သွေးထိုးလှုံ့ဆော်မှုများတွင် ယုံကြည်ပါဝင်ခြင်း မပြုလုပ်ဘဲ မိမိတို့ဘဝ၊ မိမိတို့မိသားစုဘဝ၊ မိမိတို့နိုင်ငံ အေးချမ်းတည်ငြိမ်သောဘဝဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| ဘာသာပြန် | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော် | ဒီဇိုင်း | |
| အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | | |

# တိုင်းပြည်အတွက် စားနပ်ရိက္ခာ ပေါများရေး ဆောင်ရွက်ရမည်

**စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့် အခြေခံကောင်းများရှိပါကြောင်း၊ ယင်းကို အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်အတွက် စားနပ်ရိက္ခာပေါများရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးမှာ လွယ်ကူသည့် နည်းလမ်းဖြစ်ကြောင်း၊ မြစ်ချောင်း အင်းအိုင်များတွင် ငါးမျိုးများအမြောက်အမြား စိုက်ထည့်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်လျှင် စားနပ်ရိက္ခာ ဖူလုံသည့်အပြင် စီးပွားဖြစ်သည့်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း။**

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁)တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၆**

ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မန္တလေးမြို့ Mandalay Swan Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)



**တက်ရောက်**

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)နှင့် မြန်မာနိုင်ငံ အမှတ်တရပစ္စည်းအရောင်းဆိုင်များ အသင်း (မန္တလေးဇုန်)တို့မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဟိုတယ်များ တစ်ပြေးညီ ပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားကဏ္ဍနှင့် ဆက်စပ်သည့်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးစဉ်ကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်း ခရီးသွားမြှင့်တင်ရာတွင် ခရီးသွားများသာမက ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများအနေဖြင့်လည်း ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် UNWTO/WTTC စသည့် နိုင်ငံတကာ ခရီးသွားအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ပြီး Enchanting Myanmar Health and Safety Protocols ကို ရေးဆွဲထုတ်ပြန်ထားရှိပြီးဖြစ်သဖြင့် ယင်းအစီအစဉ်အရ ဟိုတယ်များရှိ ဝန်ထမ်းများကို သင်တန်းများပေးခြင်း၊ Certificate များ ထုတ်ပေးခြင်း၊ ဟိုတယ်များအား ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီစစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ခရီးသွားလုပ်ငန်းအရင်းအမြစ်များ များစွာကြွယ်ဝသဖြင့် ခရီးသွားကဏ္ဍသစ်များ ဖော်ဆောင်ခြင်းအပါအဝင် ဈေးကွက်မြှင့်တင်ရေး၊ ဝန်ဆောင်မှုများ တိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ပြီး ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism-CBT) ကိုလည်း ဆက်လက်ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ တက်ရောက်လာသည့် အသင်းအဖွဲ့ဥက္ကဋ္ဌများကလည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဖွင့်လှစ်ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် လုပ်ငန်းလိုအပ်ချက်များနှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်မှု၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသည့် အသင်းဥက္ကဋ္ဌများက ဟိုတယ်များ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမြန်ပြန်လည်ဖွင့်လှစ်လိုသည့် အခြေအနေ၊ ခရီးသည်တင် Express ကားများဖြင့် သွားလာမည့် ခရီးသွားပြည်သူများအတွက် ကိုဗစ်-၁၉ စစ်ဆေးပေးနိုင်ရေး၊ ကိုဗစ်-၁၉ စစ်ဆေးသည့် Test Kit နှုန်းထားလျှော့ပေါ့ပေးနိုင်ရေး၊ နိုင်ငံတော်မှ အခွန်အခနှုန်းထားများ လျှော့ပေါ့ပေးရေး၊ စားသောက်ဆိုင်များ ချေးငွေရရှိရေး ပံ့ပိုးပေးနိုင်မှုတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဆွေးနွေးညှိနှိုင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် တွေ့ဆုံပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဟိုတယ်လုပ်ငန်းလိုင်စင်များ အမြန်စိစစ် ခွင့်ပြုပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ Hotel Shwe Pyi Thar ကို ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❒ တိုင်းဒေသကြီးမှ**

စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၃၀၅ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၉၅၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၃၂၅၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တပ်မတော်ဆေးရုံတို့တွင် တက်ရောက်ကုသနေသော ဒေသခံပြည်သူများအတွက် သွေးလိုအပ်ချက်မရှိစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် နယ်မြေခံတပ်မတော်သားများက စုပေါင်းသွေးလှူဒါန်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မကွေး မတ် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် နှမ်းစပါးနှင့် နှမ်းနှမ်းအပါအဝင် နှမ်းသီးနှံများအား လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရေး၊ အထွက်နှုန်းတိုးအောင်ဆောင်ရွက်ရေး၊ တောင်သူများ နည်းပညာအသိမြင့်မားရေး တွန်းအားပေး ဆောင်ရွက်ရေး၊ ဆည်ရေများဖြန့်ဝေရာတွင် ရေအလေအလွင့် နည်းပါးရေးနှင့် စနစ်တကျရေပေးဝေနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် တိရစ္ဆာန်များ မွေးမြူနိုင်ရေး ဆွေးနွေးမှာကြားခဲ့ပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းဦးက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရေအရင်းအမြစ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု



အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကြန့်ကြာနေသောလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ပြုလုပ်

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကြန့်ကြာနေသောလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းကို မတ် ၅ ရက် မွန်းတည့် ၁၂ နာရီက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



**အမှာစကားပြောကြား**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်နိုင်က ပြည်သူ့အိမ်ရာ၊ ပြည်သူ့အငှားအိမ်ရာ၊ အဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းဗီလာ၏ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး၊ ဒဂုံမြို့သစ် စိုက်ပျိုးရေးစီမံကိန်းနေရာတွင် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုအိမ်ရာ၊ Eco Green City Project၊ Yangon Amata Smart Eco City၊ နိုင်ငံတကာအဆင့် စက်မှုဇုန်စီမံကိန်းဖော်ဆောင်ရေးလုပ်ငန်းများအပါအဝင် ဌာနက ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တင်က ပြည်ထောင်စုရင်းနှီးမြှုပ်နှံမှုဖြင့် ကိုရီးယားနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော လှည်းကူးစက်မှုဥယျာဉ်စီမံကိန်း၊ ထန်းတပင်စက်မှုဥယျာဉ်စီမံကိန်းနှင့် ရန်ကုန်ဆင်ခြေဖုံးနေဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဌာနသို့ သဘောထားမှတ်ချက်တင်ပြတောင်းခံထားသော လုပ်ငန်းများ၊ စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသော လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများက ကူညီပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာရေး ၂၀၂၁ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ စက်မှုဇုန်အသီးသီးတွင် စက်ရုံအလုပ်ရုံများ ပုံမှန်ဖွင့်လှစ်လည်ပတ်စေရန်နှင့် ရင်းနှီးမြှုပ်နှံထားပြီး လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်းမရှိသေးသော လုပ်ငန်းများ အမြန်ဆုံးလည်ပတ်စေရန် ညှိနှိုင်းပေါင်းစပ်ပေးရမည့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

○ ရှေ့ဖုံးမှ

ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသ ကြီး မော်လိုက်မြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များပျက်ကွက်လျက်ရှိပြီး ဆေးရုံ၌ အထက်တန်းသူနာပြုတစ်ဦး၊ ကျန်းမာရေးဝန်ထမ်းရှစ်ဦးတို့ဖြင့် ဒေသခံပြည်သူများကို ဆေးထည့်ပေးခြင်း၊ ကာကွယ်ဆေး ထိုးနှံပေးခြင်းတို့သာ ဆောင်ရွက်ပေးနိုင်သဖြင့် ဆေးကုသရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများက အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာသည့်အတွက် ယနေ့တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ဒေသခံပြည်သူများက ကြိုဆိုခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒



# ရိဒ်ရေကန်တွင် ဆောင်းခိုငှက်လာရောက်မှုနှင့် ရေပျော်ငှက်များ နေထိုင်မှုနည်းပါးလာသဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်

**ရိခေါဒါရ် မတ် ၆**

ချင်းပြည်နယ်၏ အမှတ်တရနေရာတစ်ခုဖြစ်သော မြန်မာ – အိန္ဒိယနယ်စပ် ရိဒ်ရေကန်အတွင်းသို့ နှစ်စဉ်ဆောင်းရာသီရောက်တိုင်း ဆောင်းခိုငှက်အများအပြားဝင်ရောက်မှုရှိခဲ့သော်လည်း ယခုအခါ ဆောင်းခိုငှက်ဝင်ရောက်မှုနှင့် ရိဒ်ရေကန်အတွင်း ပုံမှန်ဝင်ထွက်သွားလာသည့် ရေပျော်ငှက်များနေထိုင်မှုသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာနည်းပါးလာ၍ အချိန်မီထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်ရန်လိုအပ်နေကြောင်း တီးတိန်မြို့အခြေစိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**

**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း မရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH)အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့် ဥပဒေနှင့်ဆန့်ကျင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်နိုင်သောပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၆**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြု၍ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံး ဆိုင်းဘုတ်များ ဖြုတ်ချခြင်း၊ အဖျက်အမှောင့် စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်/ ကျေးရွာနေပြည်သူလူထုများ အနေဖြင့် ဥပဒေ၏အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်မှုယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များဖြစ်ပွားခဲ့သည့် နေရာများတွင်






ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများ နှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများ အား တရားဥပဒေနှင့်အညီ အရေးယူ နိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါဥပဒေမဲ့လုပ်ရပ်များလုပ်ဆောင်ပြီး ပိတ်ထားသည့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာ ကျေးရွာရှိ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးသို့ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ရပ်မိ ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိဘပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်






**နေပြည်တော် မတ် ၆**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နေ့ညမပြတ် လုံခြုံရေးတာဝန်များ ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ ပြည်သူတွေ ခွဲပြားကြဖို့လိုပါပြီ

ကနောင်

(ယမန်နေ့မှအဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းတစ်ရပ်မှာ တာဝန်ယူချိန်ကနေစတင်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ပြောင်းလဲသွားဖို့မရှိကြောင်းနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေတယ်ဆိုတာကို ပြောကြားထားခဲ့ပြီးဖြစ်ပါတယ်။

**ဒီနေရာမှာ ဗိုလ်ချုပ်အောင်ဆန်းက သခင်နု(ဦးနု)ကို ပြောခဲ့တဲ့စကားတစ်ခွန်းကို သတိရမိပါတယ်။ "ဒီမှာ ကိုနု၊ အသိဉာဏ်ရှိတဲ့ဒေသမှာ အများနဲ့ အမှန်ကို စကားလုံးနဲ့ခွဲခြားပြီး ပြောပြလို့ ရကောင်းပေမယ့် အသိဉာဏ်မရှိတဲ့ဒေသမှာ ဗုဒ္ဓဘုရားရှင်ကြွလာပြီး တရားဟောတောင် နားညည်းလို့ အပြစ်ပြောမယ့်သူတွေ တစ်ပုံကြီး။ အဲဒီတော့ ကျုပ်တို့မှာ လုပ်စရာတစ်ခုပဲ ရှိတယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တိုင်းပြည်ကောင်းစားဖို့ဆိုရင် ဒယ်ဉ့်တိုက်ပြီး ဆွဲခေါ်သင့်ရင် ခေါ်ရမှာပဲ.." ဆိုတဲ့ စကားရပ်ဖြစ်။**

အရေးပေါ်အခြေအနေတစ်ရပ်မှာ ပြည်သူတွေရဲ့ အဓိကလိုအပ်ချက်က စားဝတ်နေရေးနဲ့ တည်ငြိမ်အေးချမ်းရေး ဖြစ်ပါတယ်။ တည်တည်ငြိမ်ငြိမ်နဲ့ တိုင်းပြည်တိုးတက်ရေးကို ရှေးရှုလို့ စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲကို အမြန်ဆုံးပြန်လည်ကျင်းပနိုင်ဖို့ အားလုံးက တက်ညီလက်ညီ ရှေ့ဆက်ကြရမယ့်အချိန်ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေဟာ တည်ဆဲအစိုးရရဲ့ သြဇာခံရမှာဖြစ်ပါတယ်။ အုပ်ချုပ်တဲ့အစိုးရကို မကြိုက်တိုင်း၊ လက်မခံတိုင်းသာ နိုင်ငံ့တာဝန်တွေကို မလုပ်ဆောင်ဘဲ၊ ကြိုက်တဲ့အစိုးရကို စောင့်ဆိုင်းမယ်ဆိုရင်တော့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ သစ္စာစောင့်သိသူတွေမဟုတ်ဘဲ တစ်ဦး၊ တစ်ပါတီကို ချစ်မြတ်နိုးတဲ့၊ ပါတီစွဲမကင်းတဲ့ နိုင်ငံ့ဝန်ထမ်းကောင်း မပီသသူတွေ ဖြစ်မှန်းမသိ ဖြစ်သွားနိုင်ပါတယ်။ တက်လာတဲ့အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေက CDM ထပ်တလဲလဲ လုပ်ကြမယ်ဆိုရင် တိုင်းပြည်ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ။ အဲဒါကြောင့်လည်း နိုင်ငံ့ဝန်ထမ်းတွေအတွက် သက်ဆိုင်ရာ ဥပဒေတွေ၊ ကျင့်ဝတ်၊ စည်းကမ်းတွေကို နိုင်ငံတိုင်းမှာ ပြဋ္ဌာန်းထားရှိရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ဒေါက်တာဇော်ဝေစိုးရဲ့ သတင်းစကားတစ်ခုဆိုပြီး လူမှုကွန်ရက်မှာ ပျံ့နှံ့နေတာမြင်တွေ့ရပါတယ်။ ဝန်ထမ်းအားလုံး CDM မှာ မဖြစ်မနေ ပါဝင်ကြရမယ်ဆိုပြီး ပြောထားတာပါ။ ဒါဆိုရင် နိုင်ငံခြားမှာ နေထိုင်အလုပ်လုပ်ကိုင်နေသူတွေ CDM လုပ်ဖို့ မြန်မာနိုင်ငံကို ပြန်လာခဲ့ကြပါသလား။ ဟိုက အလုပ်အကိုင်တွေကို စွန့်ခဲ့ကြပါသလား။ ဒီလိုပဲ ကုမ္ပဏီဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ လူမှုနယ်ပယ်အသီးသီးမှာ လုပ်ကိုင်ကြသူတွေ CDMမှာ အကုန်ပါဝင်ကြပြီလားဆိုပြီး မေးခွန်းတွေ ထုတ်လိုပါတယ်။ ဒါကြောင့် CDM ကို နိုင်ငံ့ဝန်ထမ်းတွေ မလုပ်မဖြစ် လုပ်အောင်တွန်းအားပေးကြသူတွေ အားလုံးကရော CDM မှာ ဘယ်လောက်ပါဝင်ကြသလဲ မေးခွန်းထုတ်လိုပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို သီးသန့်ပစ်မှတ်ထားပြီး ဘဝပျက်အောင် ဖိအားပေး အရင်းပြုနေတယ်လို့ပဲ ယူဆမိပါတယ်။

**လက်ရှိ CDM လုပ်သူဝန်ထမ်းဦးရေဟာ ရာခိုင်နှုန်းအတော်များနေပြီလို့ စာရင်းဇယားမပါဘဲ ပြောဆိုနေကြပေမယ့် တကယ်တမ်းတော့ လုပ်ငန်းဌာနတွေအားလုံးရဲ့ ဝန်ထမ်းအင်အား ၂၅ ရာခိုင်နှုန်း ပြည့်ပြီလို့တောင် မကြားရပါဘူး။ စုစုပေါင်းဝန်ထမ်း ၁၁ သိန်းလောက်အနက်မှာ လူတစ်သိန်း၊ နှစ်သိန်း ပါဝင်တဲ့ အတိုင်းအတာဟာ အောင်မြင်မှုတစ်ရပ် မဟုတ်ဘူးလို့တော့ စာရေးသူက ရှုမြင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရတက်တက် မှန်မှန်ကန်ကန် သစ္စာရှိရှိနဲ့ နိုင်ငံ့အကျိုးကို ဆောင်ရွက်ကြရမယ့်သူတွေဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိမှာ အဓမ္မတရားက ဖိအားပေးတိုက်ခိုက်နေရင်တောင် အပြုံးမပျက် ရုံးတက်ကြဖို့လို။**

## လူမိုက်လက္ခဏာလေးပါး

တကယ်တမ်း CDM ကြောင့်သာ အောင်မြင်ခဲ့မယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အကျိုးစီးပွားနဲ့ နောက်ကွယ်ကနေ မြှောက်ပင့်ပေးနေတဲ့သူတွေရဲ့ အကျိုးစီးပွား ဘယ်သူကပိုသာနိုင်မလဲဆိုတာ နိုင်ငံ့ဝန်ထမ်းတွေ စဉ်းစားဆင်ခြင်စေလိုပါတယ်။ မိမိတို့ဘဝပျက်ခံပြီး တွန်းတင်ပေးလိုက်ရတဲ့သူတွေက နိုင်ငံနဲ့ပြည်သူတွေအတွက် ဘယ်လောက်အထိ စွန့်လွှတ်ပေးနိုင်သူတွေလဲဆိုတာကို သတိချပ်စေလိုပါတယ်။ စာရေးသူ မိတ်ဆွေတွေထဲမှာ နိုင်ငံတော်ကပေးအပ်တဲ့ အငြိမ်းစားလစာကို ခံစားနေလျက်က ဘဝတူ ဝန်ထမ်းတွေကို CDM လုပ်ခိုင်းတာ မြင်တွေ့ရပါတယ်။

မြတ်ဗုဒ္ဓကတော့ လူမိုက်လက္ခဏာလေးပါးကို ဟောကြားတော်မူထားခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ လူမိုက်တို့သည် နည်းလမ်းအမှားတွေကို လုပ်ဆောင်ပါတယ်။ သူတစ်ပါးကိုလည်း နည်းလမ်းအမှားတွေကို လုပ်ဖို့ တွန်းအားပေးပါတယ်။ မှားယွင်းနေတဲ့ နည်းလမ်းတွေကိုလည်း ကာကွယ်ပေးတတ်ပါတယ်။ မှားယွင်းနေတဲ့နည်းလမ်းတွေအပေါ် ဝေဖန်သုံးသပ်သူတွေကိုလည်း လက်မခံတတ်ဘူးဆိုပြီး ဟောကြားခဲ့ပါတယ်။

လက်ရှိ CDM လုပ်သူဝန်ထမ်းဦးရေဟာ ရာခိုင်နှုန်းအတော်များနေပြီလို့ စာရင်းဇယားမပါဘဲ ပြောဆိုနေကြပေမယ့် တကယ်တမ်းတော့ လုပ်ငန်းဌာနတွေအားလုံးရဲ့ ဝန်ထမ်းအင်အား ၂၅ ရာခိုင်နှုန်း ပြည့်ပြီလို့တောင် မကြားရပါဘူး။ စုစုပေါင်းဝန်ထမ်း ၁၁ သိန်းလောက်အနက်မှာ လူတစ်သိန်း၊ နှစ်သိန်း ပါဝင်တဲ့အတိုင်းအတာဟာ အောင်မြင်မှုတစ်ရပ် မဟုတ်ဘူးလို့တော့ စာရေးသူက ရှုမြင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရတက်တက် မှန်မှန်ကန်ကန် သစ္စာရှိရှိနဲ့ နိုင်ငံ့အကျိုးကို ဆောင်ရွက်ကြရမယ့်သူတွေဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိမှာ အဓမ္မတရားက ဖိအားပေးတိုက်ခိုက်နေရင်တောင် အပြုံးမပျက် ရုံးတက်ကြဖို့လိုအပ်ပါတယ်။

## ကွန်မြူနစ်ဝါဒဥ္စမစီးမျောစေလို

လုပ်ကြံမှုအမျိုးမျိုးနဲ့ ကောလာဟလလွှင့်ပေးနေကြတဲ့ သတင်းဝက်ဘ်ဆိုက်တွေနဲ့ လူမှုကွန်ရက်က မဟုတ်မမှန်တဲ့ သတင်းဗီဒီယိုတွေ၊ လူငယ်မျိုးဆက်သစ်တွေကို မြှောက်ပေးနေတဲ့ စကားသံတွေနဲ့ ပြင်ဆင်တည်းဖြတ်ထားတဲ့ ဓာတ်ပုံတွေဟာ ရောထွေးနေပြီး အမှားကို အမှန်၊ အဓမ္မကို ဓမ္မအနေနဲ့ ပုံသွင်းထားတာကို မြင်တွေ့နေရပါတယ်။ ပြည်သူတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အကျပ်အတည်းဖြစ်အောင်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် အကွက်ကျကျ ဖန်တီးနေသူတွေ၊ ပြည်သူတွေ အကြောက်တရား အမြစ်တွယ်အောင် ဖန်တီးထားတဲ့ လုပ်ကြံမှုတွေကလည်း နေရာယူလာတာကို တွေ့မြင်နေရပါတယ်။

ကိုယ့်နိုင်ငံသားအချင်းချင်းမို့ စိတ်ရှည်လက်ရှည်ထားပြီး အသိပညာပေးဆဲကာလဖြစ်လို့ အတတ်နိုင်ဆုံးထိခိုက်မှုနည်းအောင် ပြုမူနေရတဲ့အပေါ် အခွင့်ကောင်းယူပြီး လက်နက်မဲ့ပြည်သူတွေကို လမ်းပေါ်ထွက်ခိုင်းနေခြင်းဟာ တမင်စတေးပစ်နေခြင်းလားလို့ တွန်းပို့ဖျက်ဆီးသူတွေကို မေးခွန်းထုတ်လိုပါတယ်။ လူငယ်လေးတွေရဲ့ ခံစားချက်တွေကို အမုန်းတရားတွေအဖြစ်ပြောင်းလဲပြီး ခေတ်သစ်ကွန်မြူနစ်အသွင်ဖန်တီးနေခြင်း၊ ဒီမိုကရေစီကို မထိမဲ့မြင်ပြုခြင်းလို့ပဲ စာရေးသူကတော့ ယူဆမိပါတယ်။

ဒီနေရာမှာ ဗိုလ်ချုပ်အောင်ဆန်းက သခင်နု(ဦးနု)ကိုပြောခဲ့တဲ့စကားတစ်ခွန်းကို သတိရမိပါတယ်။ "ဒီမှာ ကိုနု၊ အသိဉာဏ်ရှိတဲ့ဒေသမှာ အများနဲ့ အမှန်ကို စကားလုံးနဲ့ ခွဲခြားပြီး ပြောပြလို့ ရကောင်းပေမယ့် အသိဉာဏ်မရှိတဲ့ဒေသမှာ ဗုဒ္ဓဘုရားရှင်ကြွလာပြီး တရားဟောတောင် နားညည်းလို့ အပြစ်ပြောမယ့်သူတွေ တစ်ပုံကြီး။ အဲဒီတော့ ကျုပ်တို့မှာ လုပ်စရာတစ်ခုပဲရှိတယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တိုင်းပြည်ကောင်းစားဖို့ဆိုရင် ဒယ်ဉ့်တိုက်ပြီး ဆွဲခေါ်သင့်ရင် ခေါ်ရမှာပဲ.." ဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။

ဆန္ဒပြနေတဲ့ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ လုံခြုံရေးတာဝန်ယူထားရသူတွေအပေါ် ဥပဒေမဲ့လုပ်ရပ်တွေ ဆက်လက်မလုပ်ဆောင်စေဖို့လည်း တိုက်တွန်းလိုက်ပါတယ်။ ပြီးခဲ့တဲ့ရက် စာရေးသူက လူငယ်တစ်ယောက်နဲ့ စကားစမြည်ပြောဖြစ်တော့ "ကျွန်တော်တို့လူငယ်တွေ အများစုက ဆန္ဒပြပွဲတွေမှာ ဂိမ်းတွေထဲက စစ်တိုက်တမ်းဆော့နေကြသလိုပဲ" လို့ ညည်းညူပြောသွားပါတယ်။ အေးအေးချမ်းချမ်း ဆန္ဒထုတ်ဖော်နေရမယ့်အစား လက်နက်မဲ့လူငယ်တွေဟာ အတင်းအဓမ္မဇွတ်တိုးလုပ်ဆောင်နေတာတွေ၊ ရပ်ရမယ့်အချိန်မှာ မရပ်တန့်ဘဲ သွေးဆူနေတာတွေက ထိခိုက်နစ်နာမှုတွေကို လာပါလို့ ဖိတ်ခေါ်နေတဲ့အတိုင်း မြင်တွေ့နေရပါတယ်။

လမ်းပိတ်ဆို့မှုတွေကြောင့် ဆေးရုံတွေဆီ အချိန်မီမရောက်လာနိုင်တဲ့ လူနာတွေ၊ ကျောင်းတွေမဖွင့်လို့ လမ်းပျောက်နေရတဲ့ ကျောင်းသားကျောင်းသူတွေ၊ နေ့စဉ်စားဝတ်နေရေး ဖြေရှင်းဖို့ မဖြစ်နိုင်တော့လို့ ဘဝကိုအရှုံးပေးခါနီး လက်လုပ်လက်စားတွေ၊ ဝန်ထမ်းတွေရဲ့လုပ်ခလစာနဲ့ ရပ်တည်နေရတဲ့ ဇနီး၊ သား၊ သမီး၊ မိဘဘိုးဘွားတွေ၊ မြှောက်ပင့်သူတွေရဲ့စကားနားယောင်လို့ လမ်းမတွေပေါ်မှာ အသက်တွေကို အလဟဿ စတေးနေကြတဲ့ လူငယ်တွေရဲ့ မိဘဆွေမျိုးတွေ.... သူတို့မျက်နှာတွေကို ထောက်ထားသောအားဖြင့် ဆူပူအကြမ်းဖက်မှုတွေကို ရပ်တန်းကရပ်သင့်ကြပါပြီ။

စာမျက်နှာ ၇ သို့ ❖

**ဆန္ဒပြနေတဲ့ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ လုံခြုံရေးတာဝန်ယူထားရသူတွေအပေါ် ဥပဒေမဲ့လုပ်ရပ်တွေ ဆက်လက်မလုပ်ဆောင်စေဖို့လည်း တိုက်တွန်းလိုက်ပါတယ်။ ပြီးခဲ့တဲ့ရက် စာရေးသူက လူငယ်တစ်ယောက်နဲ့ စကားစမြည်ပြောဖြစ်တော့ "ကျွန်တော်တို့လူငယ်တွေအများစုက ဆန္ဒပြပွဲတွေမှာ ဂိမ်းတွေထဲက စစ်တိုက်တမ်းဆော့နေကြသလိုပဲ"လို့ ညည်းညူပြောသွားပါတယ်။ အေးအေးချမ်းချမ်း ဆန္ဒထုတ်ဖော်နေရမယ့်အစား လက်နက်မဲ့လူငယ်တွေဟာ အတင်းအဓမ္မ ဇွတ်တိုးလုပ်ဆောင်နေတာတွေ၊ ရပ်ရမယ့်အချိန်မှာ မရပ်တန့်ဘဲ သွေးဆူနေတာတွေက ထိခိုက်နစ်နာမှုတွေကို လာပါလို့ ဖိတ်ခေါ်နေတဲ့အတိုင်း မြင်တွေ့နေရ။**

# မတ် ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၆ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၇၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၀,၉၀၄)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၂၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၆၅၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၅၉၃၇၀၄ | ၂၀၁၈၃၃၂၉ | ၅၃၅၅၆၃ |
| ၂။ | အိန္ဒိယ | ၁၁၁၉၂၀၈၈ | ၁၀၈၅၄၁၂၈ | ၁၅၇၆၉၃ |
| ၃။ | ဘရာဇီး | ၁၀၈၇၁၈၄၃ | ၉၆၇၁၄၁၀ | ၂၆၂၉၄၈ |
| ၄။ | ရုရှား | ၄၃၁၂၁၈၁ | ၃၉၀၀၃၄၈ | ၈၈၇၂၆ |
| ၅။ | ဗြိတိန် | ၄၂၀၇၃၀၄ | ၃၁၄၄၅၆၇ | ၁၂၄၂၆၁ |
| ၆။ | ပြင်သစ် | ၃၈၅၉၁၀၂ | ၂၆၃၉၁၉ | ၈၈၂၇၄ |
| ၇။ | စပိန် | ၃၁၄၉၀၁၂ | ၂၇၄၄၆၆၄ | ၇၁၁၃၈ |
| ၈။ | အီတလီ | ၃၀၂၃၁၂၉ | ၂၄၆၇၃၈၈ | ၉၉၂၇၁ |
| ၉။ | တူရကီ | ၂၇၅၇၄၆၀ | ၂၆၀၈၈၄၈ | ၂၈၉၀၁ |
| ၁၀။ | ဂျာမနီ | ၂၄၉၃၈၈၇ | ၂၂၉၉၄၀၀ | ၇၂၂၉၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၇၃၈၃၆ | ၁၁၈၉၅၁၀ | ၃၇၁၅၄ |
| ၂။ | ဖိလစ်ပိုင် | ၅၉၁၁၃၈ | ၅၃၅၃၅၀ | ၁၂၄၆၅ |
| ၃။ | မလေးရှား | ၃၁၁၇၇၇ | ၂၈၉၄၅၂ | ၁၁၆၆ |
| ၄။ | မြန်မာ | ၁၄၂၀၂၃ | ၁၃၁၆၅၈ | ၃၂၀၀ |
| ၅။ | စင်ကာပူ | ၆၀၀၂၀ | ၅၉၈၇၀ | ၂၉ |
| ၆။ | ထိုင်း | ၂၆၃၀၅ | ၂၅၆၈၆ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၅၀၁ | ၁၉၂၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၉၅၃ | ၄၉၁ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၉ | ၁၈၂ | ၃ |
| ၁၀။ | လာအို | ၄၇ | ၄၂ | ၀ |

❖ စာမျက်နှာ ၆ မှ

ဆရာမင်းယုဝေရဲ့ ကျဆုံးသူဆိုတဲ့ ကဗျာလေး တစ်ပုဒ်ရှိခဲ့ပါတယ်။

ကျဆုံးသူ

အစိမ်းအနီ၊ ရှိကြသည်တွင်
အနီကိုသာ ၊ ငါကြိုက်ပါလည်း
သင့်မှာမကြိုက်၊
အစိမ်းကြိုက်၏။
စံပယ်နှင်းဆီ၊ ရှိကြသည်တွင်
နှင်းဆီကိုသာ၊ ငါကြိုက်ပါလည်း
သင့်မှာမကြိုက်၊ စံပယ်ကြိုက်၏။
အကြိုက်အညီ၊ မတူသည်ကား
ဤမှာလောက သဘာဝ။
သို့စဉ်ကြိုက်လည်း
အကြိုက်အညီ၊ မတူသည်ကို
မကြည်မသာ၊ ရန်မာန်ရှာ၍
ငါနှင့်မတူ ငါ့ရန်သူဟု
မှတ်ယူငြင်ငြို၊ အမျက်သိုက
ထိုသူ ကျဆုံးရမည်တကား။ ။

အမှားကိုအမှန်ထင်ပြီး သံဃာတော်တွေကို စော်ကားမှုတွေမြင်တွေ့နေရပါတယ်။ မတူညီဘူးဆိုတဲ့ အမြင်တွေ၊ မြောက်ပင့်မှုတွေအကြား မိမိထက်သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသူတွေ၊ ဆရာသမားတွေကို ပုတ်ခတ်ပြောဆိုနေကြတာတွေကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။ အမုန်းတရားတွေ၊ ဒေါသအာဃာတတွေနဲ့ တမြည့်မြည့် လောင်ကျွမ်းနေကြတာ၊ မိဘနဲ့သားသမီး မူလက ချစ်ခင်လေးစားသူအချင်းချင်း ခင်မင်မှုနဲ့ ချစ်ခြင်းတရားတွေပျက်စီး၊ တစ်ဦးနှင့်တစ်ဦး ထိခိုက်အောင် တိုက်ခိုက်လာကြတာတွေဟာ ရပ်ကွက်၊ မြို့နယ် အသီးသီးမှာ မြင်တွေ့နေရပါတယ်။

မတည်ငြိမ် မအေးချမ်းမှုတွေ၊ အမုန်းတရားတွေကို ရပ်တန်းကရပ်ပြီး တူညီတဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီခရီးကို ပြည်သူတစ်ရပ်လုံး ထိခိုက်မှုအနည်းဆုံးနည်းလမ်းနဲ့ ပုံဖော်လျှောက်လှမ်းခြင်းကသာ အမှန်ကန်ဆုံးသော ရွေးချယ်မှုနည်းလမ်းဆိုတာ မျိုးဆက်သစ်လူငယ်တွေနဲ့ ပြည်သူတစ်ရပ်လုံးကို သိစေလိုလှပါပြီဟုသာ။ ။

## ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိတိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် -

တယ်လီဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၀၈/ ၀၆၇-၃၄၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄
၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/ ၀၉-၈၈၂၅၅၇၉၉၃
Email - office@e-mohs.gov.mm

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

❖ စာမျက်နှာ ၄ မှ

ရိုဒ်ရေကန်တွင် လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလက ဆောင်းခိုငှက်ရာချီ ဝင်ရောက်မှုရှိခဲ့သော်လည်း ယခုအခါ ယင်းရေကန်တွင် အမြဲတွေ့ရတတ်သော ရေဘဲ၊ ရေကြက်၊ ဟင်္သာ၊ ကြိုးကြာ၊ ငန်းရိုင်းများ၊ စနိုက်၊ ခရုစုပ်ငှက်၊ ရေငုပ်ငှက်များပါ ပျောက်ကွယ်လုနီးဖြစ်ပေါ်နေခြင်းဖြစ်သည်။

"အခုက ရိုဒ်ရေကန်ပတ်လည်မှာ လူနေအိမ်တွေ၊ တဲတွေဖြစ်လာပြီး စားသောက်ဆိုင်၊ တည်းခိုဆောင်တွေနဲ့ လူအဝင်အထွက်ကလည်း များလာတဲ့အခါ တောပျော်ငှက်တွေ သိပ်မတွေ့ရတော့ဘူး။ ပြီးတော့ ငှက်မုဆိုးတွေကလည်း ဖမ်းဆီးသတ်ဖြတ်ရောင်းချမှုတွေရှိနေတတ်တယ်။ ဒီဘက်မှာ ငှက်တွေနားခိုရလောက်အောင် သစ်ပင် ဝါးပင်ဆိုတာလည်း နည်းပါးလာသလို သူတို့ရဲ့ အစားအစာငါးမျိုးစိတ်တွေကလည်း ရိုဒ်ရေကန်ထဲမှာ ပျောက်ကွယ်မှုတွေဖြစ်လာတော့ အချိန်မီထိန်းသိမ်းစောင့်ရှောက်ဖို့လိုလာပါတယ်"ဟု တီးတိန်မြို့ အခြေစိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် သဘာဝတောတောင်ရေမြေပျက်စီးမှု အနည်းဆုံးပြည်နယ်ဖြစ်သည့်အပြင် ယခုအခါ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဖော်ဆောင်လုပ်ကိုင်သည့် ပြည်နယ်ဖြစ်ရာ လက်ရှိ ချင်းတောင်ပေါ်တွင်ရှိသည့် သဘာဝတောတောင်ရေမြေတို့ကို ဝိုင်းဝန်းထိန်းသိမ်းရန် အမြန်ဆုံးလိုအပ်နေကြောင်း ကလေးမြို့အခြေစိုက် တောင်ဇလပ်ပန်းနှင့် ချယ်ရီပန်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ထားသည်။

ချင်းတွင်းသား

# ဘယ်သူဖျက်ဖျက် နိုင်ငံတော်ပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်နေကြပါသည်

မောင်မိုးညို

နိုင်ငံ့ဝန်ထမ်းဟူသည် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့်၊ နိုင်ငံတော် ရသုံးမှန်းခြေငွေစာရင်းမှ ကျခံထုတ်ပေးသည့် လစာ၊ စရိတ်နှင့်အခြားခံစားခွင့်များကို ရယူခံစားနေကြသော ဝန်ထမ်းအားလုံးကို ဆိုလိုသည်။ နိုင်ငံ့ဝန်ထမ်းဟူသည် အောက်ခြေအဆင့် နေ့စားဝန်ထမ်းမှသည် ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ဝန်ထမ်းအားလုံး ပါဝင်သည်။

**ဝန်ထမ်းများရွေးချယ်ခန့်ထား**

ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရာတွင် နေ့စားဝန်ထမ်းမှ ပြန်တမ်းဝင်အရာရှိ မဟုတ်သော (non-gazette officer) ဝန်ထမ်းအထိအား သက်ဆိုင်ရာဌာနအကြီးအကဲ အတည်ပြုမှုဖြင့် ရွေးချယ်ခန့်ထားရပြီး ပြန်တမ်းဝင်အရာရှိနှင့် အလယ်အလတ်အဆင့် ဝန်ထမ်းကြီးများအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ရွေးချယ်ခန့်ထားရသည်။ ထိုအဆင့်များထက်မြင့်သည့် ဌာနဆိုင်ရာအကြီးအကဲများကို နိုင်ငံတော်သမ္မတကိုယ်တိုင် အတည်ပြုခန့်ထားရသည်။

အတည်ပြုခန့်ထားသော အောက်ခြေဝန်ထမ်းအဆင့်များကို နိုင်ငံ့ဝန်ထမ်း ရွေးချယ်ခန့်ထားခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ရွေးချယ်ခန့်ထားရသည့်အပြင် ဝန်ထမ်းဆိုင်ရာ သတ်မှတ်အရည်အချင်းများနှင့် ကျင့်ဝတ်စည်းကမ်းများသာမက အကျင့်စာရိတ္တပိုင်းဆိုင်ရာတို့ကိုပါ စိစစ်ပြီး ရွေးချယ်ခန့်ထားရသည်။ ထို့ထက် အဆင့်မြင့်သော ဝန်ထမ်းများဖြစ်လျှင် ပို၍ပင် စိစစ်ရွေးချယ်ရသည်။ ယခင်ကာလများကဆိုလျှင် နိုင်ငံ့ဝန်ထမ်း တစ်ဦးအဖြစ် အတည်ပြုခန့်ထားနိုင်ရန်အတွက် နောက်ကြောင်းရာဇဝင်ကိုပါ ရှာဖွေစုံစမ်းစိစစ်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာရန်အတွက် သတ်မှတ်အရည်အချင်းများ ပြည့်မီအောင် ကြိုးစားရသည့်အပြင် သတ်မှတ်ထားသော၊ ပြဋ္ဌာန်းထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိမှတ်သား လေးစားလိုက်နာရသည့်အပြင် **“ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပါမည်။ ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများပီသစွာဖြင့် ပါတီနိုင်ငံရေးကင်းရှင်းအောင် နေထိုင်ပါမည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်က ပေးအပ်သော အမိန့်နှင့်တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားပါမည်”** ဟူသော နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်ထားကြရသည်။

ထို့ကြောင့် ဖော်ပြပါအချက်များအား နိုင်ငံ့ဝန်ထမ်းများသည် အမှန်တကယ်လိုက်နာ ကျင့်သုံးကြရမည်ဖြစ်၍ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာရန် လွယ်ကူလှသည် မဟုတ်သည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မိမိတို့တတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာတို့ဖြင့် တိုင်းပြည်အကျိုးကို ထမ်းရွက်လိုသောကြောင့်လည်းကောင်း၊ ပြည်သူ့အကျိုးကိုစေတနာရှေ့ထား၍ သယ်ပိုးလိုသောကြောင့်လည်းကောင်း၊ မိမိတို့အတွက် ဂုဏ်သိက္ခာနှင့် ဣန္ဒြေရှိစွာဖြင့် မပူမပင်မကြောင့်မကြ နေထိုင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ပါသည်။

**CDM ကို တစ်ရာရာခိုင်နှုန်းအောင်မြင်နေပြီဟု ပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် သွေးထိုးလှုံ့ဆော်ပေးလျက်ရှိသည်။ ဆန္ဒပြအရှိန် အားကောင်းရန်၊ CDM အောင်မြင်ရန် နည်းလမ်းအမျိုးမျိုးပေးလျက်ရှိသည်။ နောက်ဆုံးတွင် အမှန်ကို အမှား၊ တရားကို မတရား၊ ဓမ္မကို အဓမ္မ ပြုလုပ်လာခဲ့သည်။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်မှုများ ပြုလုပ်လာခဲ့သည်။ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ စိတ်ဓာတ်ပျက်ပြားအောင် ပြုလုပ်လာခဲ့သည်။ ဝန်ထမ်းများအား CDM မပြုလုပ်ပါက မတ်လ ၈ ရက်နေ့မှစတင်၍ ရုံးတက်ရန် မလိုတော့ကြောင်း ခြိမ်းခြောက်လာခဲ့သည်။ ကျဆုံးခဲ့သော ဝန်ထမ်းများနှင့် ပြည်သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ရုံးပိတ်ရက် ၁၀ ရက် ကြေညာမည်ဟု ပြောဆိုလာခဲ့သည်။ ပြည်သူ့အကျိုးကို လျစ်လျူရှုသူများအဖြစ် ကြေညာမည်ဟု အွန်လိုင်းပေါ်မှ ခြိမ်းခြောက်လာခဲ့သည်။ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ ၎င်းတို့နှင့်ဆက်သွယ်ကြရန် အချက်ပေးလာခဲ့သည်။ အနည်းဆုံး ၁၀ ရက်၊ ၁၅ ရက်စာ စားနပ်ရိက္ခာများစုဆောင်းထားရန်၊ ပြည်သူလူထုဘက်မှရပ်တည်ရန် တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော် ညာသံပေးလာခဲ့သည်။**

**နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ထွန်းရေး**

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းသမိုင်းတွင် ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ထွန်းရေးအတွက် ခေတ်အဆက်ဆက်အစိုးရများက ရွေးချယ်ပျိုးထောင်အမှုထမ်းဆောင်စေနိုင်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေတို့ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေတို့ကို ကျူးလွန်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဥပဒေတို့အရ အရေးယူခံ့ရသော နိုင်ငံ့ဝန်ထမ်းများရှိခဲ့သည်။ အထူးသဖြင့် အောက်ခြေနိုင်ငံ့ဝန်ထမ်းများအပေါ်တွင် အကြီးအကဲကျင့်ဝတ်၊ နာယကဂုဏ်တို့နှင့်အညီ အုပ်ချုပ်စီမံခန့်ခွဲနိုင်ကြသော ဌာနဆိုင်ရာအကြီးအကဲများက ဌာနအကျိုး၊ ဝန်ထမ်းအကျိုး၊ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးတို့ကို သစ္စာရှိစွာဖြင့် ဆုံးခန်းတိုင်အောင် ထမ်းဆောင်ကြသည်ကို တွေ့ရပါသည်။

ထိုသို့ထမ်းဆောင်ကြရာတွင် အကျင့်စာရိတ္တပိုင်းဆိုင်ရာအရဖြစ်စေ၊ လုပ်ရည်ကိုင်ရည်၊ စွမ်းဆောင်မှုနှင့် လုပ်ငန်းဆိုင်ရာအရဖြစ်စေ၊ ပြစ်မှုကြောင်းဆိုင်ရာအရဖြစ်စေ ဖောက်ဖျက်သော ဌာနဆိုင်ရာအကြီးအကဲ အချို့ရှိခဲ့ပြီး ဝန်ထမ်းဥပဒေအရ၊ ပြစ်မှုဥပဒေအရ အရေးယူထုတ်ပယ်မှု ရှားရှားပါးပါး ရှိခဲ့ပါသည်။ ဌာနဆိုင်ရာအကြီးအကဲသည် ဌာနအပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အပေါ်တွင် လည်းကောင်း အခြားဝန်ထမ်းများနှင့်မတူဘဲ အထူးသစ္စာစောင့်သိရိုသေလိုက်နာရသည့် အကြီးအမှူးများဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းသမိုင်းတွင် စိတ်ခံစားချက်ပြင်းထန်သော အကြီးအကဲအချို့ရှိခဲ့ပါသည်။ ၎င်းအကြီးအကဲ အချို့အနေဖြင့် အကယ်၍ တာဝန်ထမ်းဆောင်မှုအရဖြစ်စေ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာအရဖြစ်စေ မနှစ်သက်ပါက၊ မကျေနပ်ပါက ရဲဝံ့ပြတ်သားစွာဖြင့် နိုင်ငံ့ဝန်ထမ်း လုပ်ထုံးလုပ်နည်း၊ ဥပဒေတို့နှင့်အညီ မိမိသဘောဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခဲ့သည့် ဝန်ထမ်းကြီးများ ရှိခဲ့ဖူးပါသည်။ ၎င်းဝန်ထမ်းကြီးအချို့သည် မိမိ၏ မကျေနပ်ချက်တစ်ခုခုတို့ကြောင့် အလုပ်နုတ်ထွက်ခြင်းဖြင့် မိမိဆန္ဒကိုပြသခဲ့သော်လည်း နိုင်ငံတော်အပေါ်တွင် သစ္စာဖောက်ဖျက်ခြင်းမရှိသည်ကို အထင်အရှားတွေ့ရပါသည်။

ယခုအခါ ယခင်နိုင်ငံ့တာဝန်ကို ယူခဲ့သော အစိုးရကိုအကြောင်းပြု၍ နိုင်ငံ့ဝန်ထမ်းသမိုင်းတွင် စွန်းထင်းသောအမည်းစက်ကြီး ပေါ်လာခဲ့သည်။ အဓိကအချက်မှာ နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟူသည့်အချက်ကို ယခင်အစိုးရက မျက်ကွယ်ပြုရာမှ အစပြုလာခဲ့သည်။ နိုင်ငံ့တာဝန်ယူထားစဉ် ပါတီနိုင်ငံရေးကို ဦးစားပေးပြီး ဝန်ထမ်းများအပေါ်တွင်ပါ လွှမ်းမိုးလာခဲ့သည်။ ဝန်ထမ်းဟူသည် ရွေးကောက်ပွဲတွင် မိမိနှစ်သက်ရာ ပါတီကို ရွေးချယ်နိုင်ခွင့်ရှိသော်လည်း ပါတီနိုင်ငံရေးကို မဖြစ်မနေ ကင်းရှင်းရမည်ဖြစ်သည်။ ပါတီနိုင်ငံရေးမကင်းရှင်းပါက နိုင်ငံအုပ်ချုပ်ရေး၊ နိုင်ငံရေးစနစ် မတည်ငြိမ်ဖြစ်ခဲ့သည်ကို မြန်မာ့နိုင်ငံရေးသမိုင်း၌ တည်မြဲ၊ သန့်ရှင်းအစိုးရအကွဲအပြဲများက သက်သေပြခဲ့ပြီးဖြစ်ပါသည်။

**နိုင်ငံ့တာဝန်ကျေပွန်စွာထမ်းဆောင်**

မြန်မာနိုင်ငံ၏ဝန်ထမ်းသမိုင်းတွင် ရာဇဝင်ရိုင်းစွာဖြစ်လာခဲ့သည်။ ယခင် NLD အစိုးရလက်ထက်က အတည်ပြုခန့်ထားခဲ့သော ဝန်ထမ်းအကြီးအကဲအချို့သည် ပါတီနိုင်ငံရေးခံယူချက် အစွဲအလမ်းကြီးစွာဖြင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ အမိဋ္ဌာန်၊ ဥပဒေတို့ကို ဖောက်ဖျက်ခဲ့သည်။ ဖောက်ဖျက်ရုံသာမက နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက် ပုန်ကန်ခြားနားခဲ့သည်။ နိုင်ငံ့ဝန်ထမ်းဟူသည် မည်သည့်အစိုးရတက်တက် နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိရမည့်အချက်ကို ဖောက်ဖျက်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်ရန်အတွက် တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်။ အစိုးရတည်မြဲရေးအတွက် တာဝန်ထမ်းဆောင်နေကြခြင်း မဟုတ်ပေ။ ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက် ပြောင်းလဲသွားသော်လည်း နိုင်ငံ့တာဝန်ကို ပြီးဆုံးသည်အထိ ကျေပွန်စွာ ထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ အစိုးရတစ်ရပ်ကို မကြိုက်၊ မနှစ်သက်ပါက ရဲဝံ့ပြတ်သားစွာ မိမိဆန္ဒသဘောထားအလျောက် အလုပ်မှ နုတ်ထွက်သွားနိုင်သည်။

သို့သော် နိုင်ငံ့ဝန်ထမ်းအကြီးအကဲပြုလုပ်ခဲ့သည့် ဆေးပညာရှင်တစ်ဦးနှင့် သံအမတ်ကြီးတစ်ဦးတို့သည် တည်ဆဲအစိုးရကို ဆန့်ကျင်၍ ပုန်ကန်ခြားနားခဲ့သည်။ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခဲ့သည်။ အဆိုပါ ဆေးပညာရှင်သည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကတည်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေး စကားဆိုစဉ် အသိပညာပေးသယောင်ယောင်နှင့် ပြည်သူလူထုလှုပ်ရှားပါဝင်မှုများကို နိုင်ငံရေးခေါင်းဆောင်ဟန်ပန်ဖြင့် ပြောဆိုပြုမူခဲ့သည့်သံသယဖြစ်စရာများ တွေ့ရှိခဲ့သည်။ ဆေးဘက်ဆိုင်ရာ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်နေစဉ် လူထုခေါင်းဆောင်ပုံစံလိုလို ဟန်လုံးအမျိုးမျိုးထုတ်ပြခဲ့သည်။ အစိုးရအပြောင်းအလဲဖြစ်သောအခါ မင်းသားခေါင်းဆောင်းထားသော ဘီလူးကဲ့သို့ ပုံသဏ္ဌာန်အသွင်ကို ပြောင်ပြောင်တင်းတင်း ထုတ်ဖော်လာခဲ့သည်။

အဆိုပါ ဆေးပညာရှင်ဆိုသူသည် တရားလည်းမဝင်၊ လက်ဆုပ်လက်ကိုင်လည်း မပြနိုင်သည့် တရားမဝင်သောဝန်ကြီးဌာန သုံးခု၏ ဝန်ကြီးဖြစ်လာခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးဦးတော်လှန်ရေးအောင်ပွဲဆင်ရေးဆိုသည့် အရေးတော်ပုံကို ဆင်နွှဲရန်အတွက် တရားဥပဒေနှင့်မညီသည့် တရားမဝင်ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် လက်တွဲလှုပ်ရှားလျက်ရှိသည်။ ကြွေးကြော်သံအမျိုးမျိုးကို

**မည်သည့်နေရာတွင်ရှိမှန်းမသိ၊ မည်သည့်ဌာနတွင် ရပ်တည်လုပ်ကိုင်ခြင်းမရှိ၊ မည်သည့်အကူအညီ ကယ်ဆယ်ရေးလာမှန်းမသိသည့် ပုန်းရှိုးကွယ်ရှိုး ပွဲလန့်တုန်းဖျာခင်းသည့် ဌာနအကြီးအကဲလုပ်ခဲ့ဖူးသည့် လူတစ်ယောက်၏ စိတ်အခြေအနေကို သေချာလေ့လာခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။ မည်သို့ပင် ခြောက်လှန့်သည်၊ ဖိအားပေးသည်၊ အကျပ်ကိုင်သည်ဖြစ်စေ တပ်မတော်၏ အေးချမ်းစွာနေထိုင်ကြသော ပြည်သူ ပြည်သားများအား ကာကွယ်စောင့်ရှောက်ပေးမှုဖြင့် ရိုးသားကြိုးစားစွာ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများမှာ အပြုံးမပျက် ရုံးတက်နေကြပါသည်။ မည်သည့်အစိုးရတက်တက် နိုင်ငံတော်အပေါ်တွင် သစ္စာရှိစွာ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ကြပါသည်။**

စာမျက်နှာ ၉ သို့ ❍

## ဇယန်းကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ပျံလွန်တော်မူ

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ဇယန်းကြီးကျေးရွာအုပ်စု၊ ဇယန်းကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ အရ ၁၃၈၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇)ရက်၊ (၅-၃-၂၀၂၁)၊ သောကြာနေ့၊ နံနက်(၀၉:၂၅)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဟောင်း ဦးစိုးညွန့်လွင်အား ဖမ်းဆီးရမိ

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ဇရာဝတီလမ်း အိမ်အမှတ်(၃/၁၄)နေ ယခင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဟောင်း ဦးစိုးညွန့်လွင် (ဘ)ဦးမောင်ဆန်း အသက် (၅၀)နှစ်ကို တောင်ကြီးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်ထွန်းက နိုင်ငံတော်အစိုးရနှင့် ငြိမ်ဝပ်ပိပြားရေး ထိခိုက်စေသောပြစ်မှုကို ကျူးလွန်ခဲ့သဖြင့် ဥပဒေအရ အရေးယူပေးပါရန် တောင်ကြီးမြို့နယ် တရားရုံးသို့ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဦးတိုက်လျှောက်ထားခဲ့ရာ တောင်ကြီးမြို့နယ်တရားရုံးမှ အမှုကြီးအမှတ်၊ (၁၄၉/၂၀၂၁)၊ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅(ခ)ဖြင့် ဖေဖော်ဝါရီ ၁၆ ရက်တွင် အမှုဖွင့်ထားရှိပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိစဉ် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တရာလမ်းနှင့် ပြည်သာယာလမ်းထောင့်အနီးရှိ ဦးအောင်ဇော်သန့်၏နေအိမ်တွင် ပုန်းအောင်းခိုလှုံလျက်ရှိကြောင်း သတင်းရရှိသဖြင့် ယနေ့နံနက် ၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အမှုဖြင့်တိမ်းရှောင်နေသော ဦးစိုးညွန့်လွင်အား ဖမ်းဆီးရမိခဲ့သည်။ ဦးစိုးညွန့်လွင်အား လက်ခံထားရှိသည့် ဦးအောင်ဇော်သန့် (ဘ)ဦးတင်အောင်၊ ဦးမင်းမင်း (ဘ)ဦးလှတင်နှင့် ဦးရဲလှိုင် (ဘ)ဦးလှထွန်းတို့ကိုလည်း အမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေမှန်း သိလျက် လက်ခံထားရှိသဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဝရမ်းပြေး ဦးစိုးညွန့်လွင် (ဘ)ဦးမောင်ဆန်းအား တွေ့ရစဉ်။



ဝရမ်းပြေး ဦးစိုးညွန့်လွင် (ဘ)ဦးမောင်ဆန်းအား လက်ခံထားရှိသူ ဦးအောင်ဇော်သန့် (ဘ)ဦးတင်အောင်အား တွေ့ရစဉ်။


❐ ကျောဖုံးမှ

အနံ ၀ ဒသမ ၇ စင်တီမီတာခန့် အရွယ်အစားရှိ ခဲသတ္တုအစိတ်အပိုင်း တစ်ခုကို တွေ့ရှိရပြီး ယင်းတွေ့ရှိရသည့် ခဲသတ္တုအစိတ်အပိုင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ကိုင်ဆောင်အသုံးပြုနေသည့် အဓိကရုဏ်းနှိမ်နင်းရေးခဲယမ်းများ၊ ချေမှုန်းရေးခဲယမ်းများ၏ ကျည်ထိပ်ဖူးနှင့် ကွာခြားမှုရှိနေကြောင်း တွေ့ရှိရသည်။

အခင်းဖြစ်ပွားချိန်က တာဝန်ကျလုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် လူစုလူဝေးနှင့် မျက်နှာချင်းဆိုင်အနေအထား၌ နေရာယူထားခြင်းဖြစ်သော်လည်း သေဆုံးသူအမျိုးသမီးဦးခေါင်း၌ ရရှိထားသည့် ဒဏ်ရာမှာ ဦးခေါင်းနောက်စေ့တွင်ဖြစ်ခြင်း၊ တွေ့ရှိရသည့် သတ္တုအစိတ်အပိုင်းမှာ ဒသမ ၃၈ ကျည်ဖြင့် ထည့်သွင်းပစ်ခတ်နိုင်သော ပွိုင့်တာသေနတ်ဖြင့် ပစ်ခတ်နိုင်သည့် ခဲယမ်းအမျိုးအစားဖြစ်သည်ကို တွေ့ရှိရခြင်းကြောင့် တည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပဋိပက္ခပိုမိုကြီးထွားလာစေရန် လုပ်ကြံဖန်တီးမှုဖြစ်နိုင်ကြောင်း သုံးသပ်ရရှိ၍ နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်နေသူများအား ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




သေဆုံးသူအလောင်း၏ ဦးခေါင်းတွင် တွေ့ရှိရသော အလျား ၁ ဒသမ ၂ စင်တီမီတာ၊ အနံ ၀ ဒသမ ၇ စင်တီမီတာခန့်အရွယ်အစားရှိ ခဲဟုယူဆရသော အစိတ်အပိုင်းတစ်ခုအား တွေ့ရစဉ်။




ဒသမ ၃၈ ကျည်ဖြင့် ထည့်သွင်းပစ်ခတ်နိုင်သော ပွိုင့်တာသေနတ်အား တွေ့ရစဉ်။

## နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ဇယန်းကြီးကျေးရွာအုပ်စု၊ ဇယန်းကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ဇယ်တုန်ဟုန်း ကျေးရွာ၊ ခမည်းတော် ဦးဘငြိမ်း၊ မယ်တော် ဒေါ်ရွှေကြိမ်း တို့မှ ၁၂၈၉-ခုနှစ်၊ ကဆုန်လပြည့်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၉-ခုနှစ်၊ ကဆုန်လပြည့်နေ့၊ နမ့်ဆန်မြို့နယ်၊ ဇယ်တုန်ဟုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာသဝကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀-ခုနှစ်၊ နယုန်လဆန်း(၈)ရက်နေ့တွင် ယင်းကျောင်းတိုက်ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တအာသဝကို ဥပဇ္ဈာယ်ပြု၍ ဦးပေါ်ပွင့်+ဒေါ်အန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် နမ့်ဆန်မြို့နယ်၊ ဘုရားကြီးအုပ်စု၊ ဇယ်ဘန်ကောက်ကျောင်းဆရာတော် ဘဒ္ဒန္တသြဝါဒ၊ ဇယန်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာ(သီဟိုဠ်ပြန်)၊ မန္တလေးမြို့၊ အလ္လကပ္ပတိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓဉာဏ တို့ထံတွင် ပရိယတ္တိစာပေများကို ကျမ်းကြီးပေါက်သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်ဆရာတော်အဖြစ် လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် လည်းကောင်း ၂၀၁၄-ခုနှစ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါအရ ၁၃၈၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇) ရက်၊ (၅-၃-၂၀၂၁)၊ သောကြာနေ့ နံနက်(၀၉:၂၅)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

❍ စာမျက်နှာ ၈ မှ

ကြွေးကြော်ကာ ပြည်တွင်းမှ ဆူပူလှုပ်ရှားမှုများ မြင့်တက်လာရေး၊ ပြည်ပအားကို မျှော်ကိုးလုပ်ဆောင်ရေးတို့ကို ပြုလုပ်လာခဲ့သည်။ ပုန်းရှိုးကွယ်ရှိုး နေထိုင်၍ အွန်လိုင်းပေါ်မှတစ်ဆင့် ပြည်သူများအား သွေးထိုးလှုံ့ဆော်မှုများ တစိုက်မတ်မတ် ပြုလုပ်နေသည်။ ဆန္ဒပြပြည်သူများ စိတ်ဓာတ်တက်ကြွလာစေရန်အတွက် မမှန်သတင်းများ၊ မရေရာသောသတင်းများ၊ မသေချာသော ထုတ်ပြန်ချက်များ တွင်တွင်ထုတ်လွှင့်လာခဲ့သည်။

CDM ကို တစ်ရာရာခိုင်နှုန်း အောင်မြင်နေပြီဟု ပြည်သူများ ထင်ရောင်ထင်မှားဖြစ်အောင် သွေးထိုးလှုံ့ဆော်ပေးလျက်ရှိသည်။ ဆန္ဒပြအရှိန်အားကောင်းရန်၊ CDM အောင်မြင်ရန် နည်းလမ်းအမျိုးမျိုးပေးလျက်ရှိသည်။ နောက်ဆုံးတွင် အမှန်ကို အမှား၊ တရားကို မတရား၊ ဓမ္မကို အဓမ္မ ပြုလုပ်လာခဲ့သည်။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်မှုများ ပြုလုပ်လာခဲ့သည်။ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ စိတ်ဓာတ်ပျက်ပြားအောင် ပြုလုပ်လာခဲ့သည်။ ဝန်ထမ်းများအား CDM မပြုလုပ်ပါက မတ်လ ၈ ရက်နေ့မှစတင်၍ ရုံးတက်ရန်မလိုတော့ကြောင်း ခြိမ်းခြောက်လာခဲ့သည်။ ကျဆုံးခဲ့သော ဝန်ထမ်းများနှင့် ပြည်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ရုံးပိတ်ရက် ၁၀ ရက် ကြေညာမည်ဟု ပြောဆိုလာခဲ့သည်။ ပြည်သူ့အကျိုးကို လျစ်လျူရှုသူများအဖြစ် ကြေညာမည်ဟု အွန်လိုင်းပေါ်မှ ခြိမ်းခြောက်လာခဲ့သည်။ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ ၎င်းတို့နှင့်ဆက်သွယ်ကြရန် အချက်ပေးလာခဲ့သည်။ အနည်းဆုံး ၁၀ ရက်၊ ၁၅ ရက်စာ စားနပ်ရိက္ခာများစုဆောင်းထားရန်၊ ပြည်သူလူထုဘက်မှရပ်တည်ရန် တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ညာသံပေးလာခဲ့သည်။

မည်သည့်နေရာတွင်ရှိမှန်းမသိ၊ မည်သည့်ဌာနတွင် ရပ်တည်လုပ်ကိုင်ခြင်းမရှိ၊ မည်သည့်အကူအညီ ကယ်ဆယ်ရေးလာမှန်းမသိသည့် ပုန်းရှိုးကွယ်ရှိုး ပွဲလန့်တုန်းဖျာခင်းသည့် ဌာနအကြီးအကဲလုပ်ခဲ့ဖူးသည့် လူတစ်ယောက်၏ စိတ်အခြေအနေကို သေချာလေ့လာခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။ မည်သို့ပင် ခြောက်လှန့်သည်၊ ဖိအားပေးသည်၊ အကျပ်ကိုင်သည်ဖြစ်စေ တပ်မတော်၏ အေးချမ်းစွာနေထိုင်ကြသော ပြည်သူပြည်သားများအား ကာကွယ်စောင့်ရှောက်ပေးမှုဖြင့် ရိုးသားကြိုးစားစွာ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများမှာ အပြုံးမပျက်ရုံးတက်နေကြပါသည်။ မည်သည့်အစိုးရတက်တက် နိုင်ငံတော်အပေါ်တွင် သစ္စာရှိစွာ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ကြပါသည်။ ။

# မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ

ကိုထွန်းခင်

**နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေတာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာတာ၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို အလေးထားဆောင်ရွက်တာ၊ ပေးအပ်ထားတဲ့ တာဝန်နဲ့ ဝတ္တရားတွေကို ကျေပွန်စွာထမ်းဆောင်တာ၊ ပါတီနိုင်ငံရေးကင်းရှင်းတာ၊ ပြည်သူကို ရိုသေလေးစားတာ စတဲ့ကျင့်ဝတ်တွေကို လိုက်နာပြီး အခြေအနေ၊ အချိန်အခါရွေးမနေဘဲ ထမ်းဆောင်ရမယ့်တာဝန်တွေကို မလစ်ဟင်းအောင် စေတနာထား ထမ်းဆောင်ကြရမှာဖြစ်။**

"ကျွန်မတို့ ကြီးကျယ်တဲ့အရာတွေကို လုပ်နိုင်ဖို့အတွက် အရင်ဆုံး သေးငယ်တဲ့ သာမန်ကိစ္စလေးတွေကို ကြီးမားတဲ့ချစ်ခြင်းမေတ္တာနဲ့ လုပ်ဆောင်ရပါမယ်"။ ဒီစကားကို ပြောခဲ့တဲ့သူကတော့ ရိုမန်ကက်သလစ်သီလရှင်ကြီးတစ်ပါးဖြစ်တဲ့ မာသာထရီဇာပါ။ အရာအားလုံးမှာ ကြီးကျယ်ခမ်းနားဖို့ မျှော်လင့်ပြီး မလုပ်ဆောင်ဖို့၊ သာမန်သေးငယ်တဲ့ကိစ္စလေးတွေက စတင်ပြီး ချစ်ခြင်းမေတ္တာအပြည့်နဲ့ စေတနာထားလုပ်ဆောင်ဖို့။ ဒါမှသာ ကြီးကျယ်ခမ်းနားတဲ့ မွန်မြတ်တဲ့ လုပ်ဆောင်ချက်ဖြစ်တယ်လို့ဆိုခဲ့တာ ဖြစ်ပါတယ်။

### တစ်ဘဝလုံးစာ ပေးဆပ်မြှုပ်နှံခဲ့သူ

နိုဗယ်ငြိမ်းချမ်းရေးဆုအပါအဝင် ဆုတံဆိပ်ပေါင်းများစွာကို ရရှိခဲ့သူ မာသာထရီဇာကို ၁၉၁၀ ပြည့်နှစ်မှာ မက်ဆီဒိုးနီးယားနိုင်ငံက မြို့တော်တစ်ခုမှာ မွေးဖွားခဲ့ပါတယ်။ အသက် ၁၈ နှစ် အရွယ်မှာတော့ မွေးဖွားရာဒေသကထွက်ခဲ့ပြီး ကမ္ဘာ့နိုင်ငံပေါင်းများစွာကို လှည့်လည်သွားလာခဲ့ကာ ကပ်ရောဂါကြောင့် ဝေဒနာခံစားနေရသူတွေ၊ စစ်ကြောင့် အတိဒုက္ခရောက်နေသူတွေ၊ အနာကြီးရောဂါသည်တွေ၊ တီဘီရောဂါသည်တွေ၊ မိဘမဲ့ကလေးတွေကို လိုအပ်တဲ့ဆေးဝါးပြုစုစောင့်ရှောက်မှုတွေအပြင် မေတ္တာတရားနဲ့ အကောင်းဆုံးစိတ်ဓာတ်ခွန်အားတွေ ပေးခဲ့ပါတယ်။ သူ့ရဲ့နှလုံးသားဟာ မွန်မြတ်ငြိမ်းအေးတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ပြည့်နေခဲ့ပြီး လူမှုအကျိုးပြု ပရဟိတလုပ်ငန်းတွေမှာ အကြင်နာ၊ မေတ္တာ၊ စေတနာတွေနဲ့ တစ်ဘဝလုံးစာ ပေးဆပ်မြှုပ်နှံခဲ့သူဖြစ်ပါတယ်။

မာသာထရီဇာရဲ့ စိတ်ဓာတ်နဲ့ စွန့်လွှတ်အနစ်နာခံမှု၊ ပေးဆပ်နိုင်မှုကတော့ အံ့မခန်းပါ။ တစ်ကမ္ဘာလုံးကို မေတ္တာတရားလွှမ်းခြုံပြီး ပရဟိတစိတ်ဓာတ်တွေ မျိုးစေ့ချပေးခဲ့သူလည်း ဖြစ်ပါတယ်။ ပရဟိတဆိုတာကတော့ အများအကျိုးကို ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ပရဟိတဆိုတာ ပေးဖို့သက်သက်ဖြစ်ပြီး အယုတ် အလတ် အမြတ် မရွေး လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေး၊ ဘယ်သူ ဘယ်ဝါမရွေး အားလုံးရဲ့အကျိုးအတွက် မျှော်လင့်ချက်မထားဘဲ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

အတ္တဟိတနဲ့ ပရဟိတ နှစ်မျိုးရှိပါတယ်။ ကိုယ်တိုင်လည်း ကောင်းမှုဆောင်ရွက်ခြင်း အတ္တဟိတနဲ့ အများကိုလည်း ကောင်းမှုဆောင်ရွက်အောင် တိုက်တွန်းခြင်းဆိုတဲ့ ပရဟိတနှစ်မျိုးလုံးကို ဆောင်ရွက်ဖို့လိုတယ်လို့လည်း မှတ်သားဖူးပါတယ်။

### ဘဝအကျိုးပေး

"ဘယ်အရာကိုပဲလုပ်လုပ် စေတနာကောင်းရင် 'ကံ'ကောင်းမယ်၊ 'ကံ'ကောင်းရင် ဘဝအကျိုးပေးကောင်းလိမ့်မယ်၊ စေတနာညံ့ရင် 'ကံ'ညံ့မယ်၊ ဘဝအကျိုးပေးလည်း ညံ့လိမ့်မယ်၊ စေတနာဟာ ကောက်ကွေ့ရင် 'ကံ'ဟာ ကောက်ကွေ့လိမ့်မယ်၊ ဘဝအကျိုးပေးလည်း ကောက်ကွေ့လိမ့်မယ်၊ စေတနာဖြောင့်ရင် 'ကံ'ဖြောင့်လို့ ဘဝအကျိုးပေးလည်း ဖြောင့်လိမ့်မယ်၊ စေတနာ ယုတ်ညံ့ရင် 'ကံ' ယုတ်ညံ့လို့ ဘဝအကျိုးပေးလည်း ယုတ်ညံ့လိမ့်မယ်။ စေတနာမြင့်မြတ်ရင် 'ကံ' မြင့်မြတ်လို့ ဘဝအကျိုးပေးလည်း မြင့်မြတ်လိမ့်မယ်"လို့ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့တယ်။

ဒါကြောင့် ဘယ်အလုပ်ကိုပဲလုပ်လုပ် စေတနာလေးထည့်ပြီး လုပ်ရင် ဘဝမှာအကျိုးပေးလည်း ထက်သန်မှာ ဖြစ်ပါတယ်။ စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရတယ်ဆိုပေမယ့် စာသင်တာပဲ ဖြစ်ဖြစ်၊ ဆေးကုတာပဲဖြစ်ဖြစ်၊ သန့်ရှင်းရေးပဲလုပ်လုပ်၊ ဆိုက်ကားပဲ နင်းနင်း၊ ဟင်းပဲချက်ချက် ကိုယ်လုပ်တဲ့အလုပ်မှာ စေတနာလေးထည့်ပေါင်းလိုက်ရင် အောင်မြင်မှာ ဖြစ်ပါတယ်။

### စေတနာထား လုပ်ဆောင်

ပုဂ္ဂလိက အပြင်စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ကိုင်သူဖြစ်စေ၊ **နိုင်ငံ့ဝန်ထမ်းဖြစ်စေ ဘဝရပ်တည်ဖို့အတွက် ထိုက်သင့်တဲ့ လစာရနေတဲ့ အလုပ်အပေါ်မှာ စေတနာထားရမှာ ဖြစ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားစိတ်ဓာတ်၊ အထက်အောက်ဆက်ဆံရေးမျိုးမထားဘဲ မိသားစုစိတ်ဓာတ်၊ ကိုယ်ချင်းစာတရားနဲ့ ကိုယ်လုပ်တဲ့အလုပ်အပေါ် စေတနာထား လုပ်ဆောင်ကြမယ်ဆိုရင် ဘယ်နေရာမှာမဆို အောင်မြင်တိုးတက်မှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းအရေအတွက်က နိုင်ငံလူဦးရေရဲ့ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့် ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေဆိုရင်လည်း ပြည်သူကချီးမြှင့်တဲ့လစာကို ယူနေသူတွေဖြစ်တဲ့အတွက် ပြည်သူကို သစ္စာရှိရမှာ ဖြစ်ပါတယ်။ ပြည်သူကို စေတနာထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေတာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာတာ၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို အလေးထားဆောင်ရွက်တာ၊ ပေးအပ်ထားတဲ့ တာဝန်နဲ့ ဝတ္တရားတွေကို ကျေပွန်စွာထမ်းဆောင်တာ၊ ပါတီနိုင်ငံရေးကင်းရှင်းတာ၊ ပြည်သူကို ရိုသေလေးစားတာ စတဲ့ကျင့်ဝတ်တွေကို လိုက်နာပြီး အခြေအနေ၊ အချိန်အခါရွေးမနေဘဲ ထမ်းဆောင်ရမယ့် တာဝန်တွေကို မလစ်ဟင်းအောင် စေတနာထားထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။**

ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ပြည်သူ့ဝန်ထမ်းဆရာဝန်တွေ အားလုံးဟာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်မှာ ဟစ်ပိုကရေးတစ်အုတ်သ် (Hippocratic Oath) လို့ခေါ်တဲ့ ပဋိညာဉ်ကို ရွတ်ဆိုပြီး လူနာတွေရဲ့ အကျိုးစီးပွားကို မိမိအကျိုးစီးပွားထက် ပိုမိုအလေးထားပါ့မယ်လို့ လူအများရဲ့ရှေ့မှာ ကတိသစ္စာပြုခဲ့တဲ့အတိုင်း ကျင့်ဝတ်နဲ့အညီ ဘယ်လိုအခြေအနေမျိုးမှာမဆို လူသားတို့ရဲ့ ဘဝနဲ့အသက်ကို တန်ဖိုးထားလေးစားပြီး စေတနာအပြည့်နဲ့ ပြုစုစောင့်ရှောက်ကုသမှု ပေးရမှာဖြစ်ပါတယ်။

အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာဆိုတဲ့ သဂ်ဇာဆရာတော်ဘုရားကြီးရဲ့ သင်္ဂါလောဝါဒဆုံးမစာပါအတိုင်း တပည့်တွေအပေါ်ထားရှိရမယ့် ကျင့်ဝတ်တွေကို မြတ်ဆရာတို့က လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အခြေအနေ၊ အချိန်အခါကိုလိုက်ပြီး ဆရာတို့ရဲ့ စိတ်ခံစားချက်တွေက ပြောင်းလဲသွားလေ့မရှိပါဘူး။ တပည့်လေးတွေကို ပညာတတ်၊ လူတော်လူကောင်းလေးတွေ ဖြစ်လာအောင် စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာနဲ့ မြတ်ဆရာတို့က ပြုစုပျိုးထောင်ကြရပါတယ်။

### နိုင်ငံ့ဝန်ထမ်းတွေကို ပစ်မှတ်ထား

သို့သော် လက်ရှိအချိန်မှာ အစိုးရယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်နဲ့ ရန်လိုဆန့်ကျင်လိုသူအချို့ဟာ နိုင်ငံ့ဝန်ထမ်းတွေကို ပစ်မှတ်ထားပြီး ရုံးမတက်ရအောင် နည်းအမျိုးမျိုးနဲ့ ဟန့်တားနှောင့်ယှက်တာ၊ သွေးဆောင်ဖြားယောင်းတာ၊ ဖိအားပေးအကျပ်ကိုင်ခြိမ်းခြောက်တာတွေကို လုပ်ဆောင်နေကြပါတယ်။


လူတစ်ဦးချင်းရဲ့ အခွင့်အရေးနဲ့ လွတ်လပ်ခွင့်အပေါ် ထိခိုက်စေတဲ့ လုပ်ရပ်တွေ၊ လူ့တန်ဖိုးနဲ့ ဂုဏ်သိက္ခာထိခိုက်စေတဲ့ အပြုအမူတွေကြောင့် နိုင်ငံ့ဝန်ထမ်းအချို့ကလည်း တာဝန်ထမ်းဆောင်ဖို့ ပျက်ကွက်နေကြပါတယ်။ ကိုယ်ပိုင်ဆန္ဒမပါဘဲ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေကို မလွန်ဆန်နိုင်တဲ့အတွက် အချို့ကလည်း လိုက်ပါဆောင်ရွက်နေရတာလည်း ဖြစ်ပါတယ်။

**ဒါ့ကြောင့် CDM ပြုလုပ်ဖို့ နည်းအမျိုးမျိုးနဲ့ လှုံ့ဆော်ဖိအားပေးသူတွေကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်တော့မယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။ အမှားကိုသိလျှင် အချိန်မီ အမှန်ပြင်လို့ ရနိုင်ပါတယ်။**

ပြည်သူ့ဝန်ကိုထမ်းတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ ပညာပြည့်ဝပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းရှိတဲ့သူတွေဖြစ်တဲ့အတွက် ခေတ်စနစ်နဲ့ လိုက်လျောညီထွေစွာ သစ္စာရှိရှိ၊ တာဝန်သိသိ၊ မေတ္တာ၊ ကရုဏာအရင်းခံပြီး မြင့်မြတ်တဲ့စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကောင်းကျိုးချမ်းသာသုခတွေ ရရှိနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါတယ်။ ။

**ဒါ့ကြောင့် CDM ပြုလုပ်ဖို့ နည်းအမျိုးမျိုးနဲ့ လှုံ့ဆော်ဖိအားပေးသူတွေကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်တော့မယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်။ အမှားကိုသိလျှင် အချိန်မီ အမှန်ပြင်လို့ရနိုင်။**

# COVAX အစီအစဉ်က ကမ္ဘာ့နိုင်ငံ ၂၀ သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေသန်း ၂၀ ကျော် ပို့ဆောင်ပေး



**ဂျီနီဗာ မတ် ၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ၎င်း၏ မိတ်ဖက်များက ဦးဆောင်သည့် COVAX အစီအစဉ်သည် လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၂၀ သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၂၀ ကျော် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက မတ် ၅ ရက်တွင် ပြောကြားသည်။

အာဖရိကတိုက်ရှိ ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဂါနာနှင့် အိုင်ဗရီကို့စ်နိုင်ငံများတွင် COVAX အစီအစဉ်မှ ပံ့ပိုးပေးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖြင့် ယခုသီတင်းပတ် အစောပိုင်းက စတင်ဆောင်ရွက်ခဲ့သည်။ COVAX အစီအစဉ်သည် ဂါနာနှင့် ကော့ဒီအိုင်ဗရီနိုင်ငံများအပြင် အခြားနိုင်ငံပေါင်း ၁၈ နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပို့ဆောင်ပေးထားပြီး အများစုမှာ အာဖရိကနိုင်ငံများသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် COVAX အစီအစဉ်သည် လာမည့်သီတင်းပတ်တွင် နောက်ထပ် ၃၁ နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၄ ဒသမ ၄ သန်းခန့် တင်ပို့ပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် တီဒရော့စ်အာဒါနွမ်ဂီဘရီယီးယားစ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့သော် COVAX အစီအစဉ်မှတစ်ဆင့် ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ဖြူးပေးထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပမာဏသည် တော်တော်လေး နည်းပါးသေးသဖြင့် COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်ခံရရှိမည့် နိုင်ငံအားလုံး လူဦးရေ၏ နှစ်ရာခိုင်နှုန်းနှင့် သုံးရာခိုင်နှုန်း အကြားသာ ကာကွယ်ဆေးကို လက်လှမ်းမီရရှိနိုင်သေးကြောင်း ၎င်းက ထပ်မံပြောကြားသည်။

သို့သော် ကာကွယ်ဆေးထုတ်လုပ်ရေး မူပိုင်ခွင့်ရှိသည့် ဆေးဝါးကုမ္ပဏီများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်မည့် နိုင်ငံများသို့ ကာကွယ်ဆေး ထုတ်လုပ်ရေးနည်းပညာများကိုပါ လွှဲပြောင်းပေးအပ်ရန်လည်း ဆေးဝါးကုမ္ပဏီများအား တောင်းဆိုထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

"ဗြိတိန်-ဆွီဒင်ဆေးဝါးကုမ္ပဏီဖြစ်တဲ့ Astra Zeneca ကုမ္ပဏီဟာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေထုတ်လုပ်ဖို့ သူတို့ရဲ့ကာကွယ်ဆေး ထုတ်လုပ်ရေးနည်းပညာတွေကိုပါ တောင်ကိုရီးယားနိုင်ငံရဲ့ SKBio ဆေးဝါးကုမ္ပဏီနဲ့ အိန္ဒိယနိုင်ငံရဲ့ Serum ဆေးဝါးကုမ္ပဏီတွေကို လွှဲပြောင်းပေးအပ်ထားတဲ့ ဒီလိုလုပ်ရပ်ဟာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ဖို့အတွက် ကောင်းမွန်တဲ့ သာဓကေ တစ်ခုပါပဲ"ဟု တီဒရော့စ်က ဆိုသည်။

COVAX အစီအစဉ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရသင့်ရထိုက်သော နိုင်ငံတစ်စုံတစ်ရာမျှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်လှမ်းမီရရှိခြင်းမှ ချန်လှပ်ထားခြင်းမရှိဘဲ ကာကွယ်ဆေးကို သာတူညီမျှရရှိနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ ၂၀၂၁ နှစ်ကုန်ပိုင်းတွင် ကမ္ဘာ့နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ နှစ်ဘီလီယံခန့် ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**



## နယူးဇီလန်ကမ်းလွန်၌ အင်အားပြင်း မြေငလျင် လှုပ်ပြီးနောက် စင်တီမီတာ ၅၀ ကျော်အမြင့်ရှိ ဆူနာမီရေလှိုင်းဖြစ်ပေါ်မှုတွေ့ရှိ

**ဝယ်လင်တန် မတ် ၆**

နယူးဇီလန်နိုင်ငံ၏ ကမ်းလွန်ပင်လယ်ပြင်တွင် ပြင်းအား ၈ ဒသမ ၁ အဆင့်ရှိ မြေငလျင် လှုပ်ခတ်ခဲ့ပြီးနောက်တွင် တောင်ပစိဖိတ်ဒေသအတွင်းရှိ ကျွန်းတစ်ကျွန်းအနီး၌ အမြင့်စင်တီမီတာ ၅၀ ကျော်ရှိသည့် ဆူနာမီရေလှိုင်းတစ်ခုဖြစ်ပေါ်မှုကို တွေ့ရှိခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

နယူးဇီလန်နိုင်ငံ မြောက်ဘက်ပိုင်း ကီမာဒစ်ကျွန်းအနီး၌ မတ် ၅ ရက် နံနက်ပိုင်းက အဆိုပါ အင်အားပြင်းမြေငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။

ယင်းမြေငလျင်သည် မတ် ၅ ရက်အတွင်း အဆိုပါဒေသ၌ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည့် မြေငလျင်လှုပ်မှုများထဲတွင် အင်အားအပြင်းထန်ဆုံးဖြစ်မည်ဟု အမေရိကန် ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။

ယင်းမြေငလျင်ကြောင့် ဖြစ်ပေါ်သည့် အဆောက်အအုံများပြိုပျက်မှုနှင့် လူထိခိုက်သေဆုံးမှုသတင်းများအား လက်ရှိအချိန်ထိ အသေးစိတ်မရှိသေးကြောင်း နယူးဇီလန်အရေးပေါ် စီမံခန့်ခွဲရေးလုပ်ငန်းဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန် အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီက အမြင့် ၅၆ စင်တီမီတာရှိသည့် ဆူနာမီရေလှိုင်းကို ဩစတြေးလျနိုင်ငံ နော်ဖော့ကျွန်းအနီး၌ မြေငလျင်လှုပ်အပြီး သုံးနာရီအကြာတွင် တွေ့ရှိခဲ့ရသည်။ အလားတူ အမြင့် စင်တီမီတာ ၃၀ မြင့်သည့် ဆူနာမီရေလှိုင်းကို နယူးဇီလန်နိုင်ငံ ဂရိတ်ဘယ်ရီယာကျွန်းနှင့် ဗာနေ့ဝါတူနိုင်ငံမှ တန်နာကျွန်းတို့၌ တွေ့ရှိရမည်ဟု ပြောကြားခဲ့သည်။

အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးအဖွဲ့ (အင်န်အိုအေအေ)သည် ပစိဖိတ်တောင်ပိုင်းကမ်းခြေဒေသတစ်ဝိုက်ရှိ ကျယ်ပြန့်သောဒေသတစ်ဝန်းတွင် ဖြစ်ပေါ် လာနိုင်ဖွယ်ရှိသည့်အမြင့် တစ်မီတာအထက်ရှိသော ဆူနာမီရေလှိုင်းများ အန္တရာယ်ကို ဒေသတွင်းနေထိုင်သူများအား သတိပေးရန် လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**

**ဘာသာပြန်– ဇော်ဝင်း**

## နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရန် ဗင်နီဇွဲလားတပ်ဖွဲ့များ စစ်ရေးလေ့ကျင့်

**ကာရာကက်စ် မတ် ၆**

ဗင်နီဇွဲလားနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရန် အင်အားကြီးမားသည့် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို စတင်လုပ်ဆောင်ကြောင်း ဘိုလီဗီးယန်း အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့ (အက်ဖ်အေအင်န်ဘီ) ၏ မဟာဗျူဟာစစ်ဆင်ရေးဌာန စစ်ဦးစီးအရာရှိချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ရီမီဂီယိုစီဘာယ်လော့စ်က မတ် ၅ ရက်တွင် ပြောကြားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို ၂၀၁၃ ခုနှစ် မတ် ၅ ရက်တွင် ကွယ်လွန်ခဲ့သည့် ဗင်နီဇွဲလားသမ္မတဟောင်း ဟူဂိုချာဗက်ဇ် ကွယ်လွန်ခြင်း ရှစ်နှစ်မြောက်နေ့ကို ဂုဏ်ပြုကျင်းပခြင်းဖြစ်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင်ဦးရေ ၅၄၅၀၀၀ ခန့်ပါဝင်ပြီး စစ်ရေးလေ့ကျင့်မှုအမျိုးပေါင်း ၇၆ ခုကို နိုင်ငံတစ်ဝန်းလုံး၌ စစ်ဘက်၊ အရပ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များပါ ပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်ပြီး စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ဗင်နီဇွဲလားနိုင်ငံအား လက်ရှိခြိမ်းခြောက်နေမှုများအားလုံးကို တိုက်ဖျက်ရန်ဖြစ်ကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး စီဘာယ်လော့စ်က ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံအား လက်ရှိခြိမ်းခြောက်နေမှုများဟုဆိုရာတွင် မှောင်ခိုကူးသန်းရောင်းဝယ်ခြင်း၊ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်း၊ လူမှောင်ခိုကူးခြင်းနှင့် စနစ်တကျကျူးလွန်သည့် ရာဇဝတ်မှုများအား တိုက်ဖျက်ရေးတို့အပြင် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးတို့ဖြစ်ကြောင်း ဗင်နီဇွဲလား ရေတပ်ဗိုလ်ချုပ်ကြီးက အလေးထားပြောကြားခဲ့သည်။

အလားတူ ယင်းစစ်ရေးလေ့ကျင့်မှုသည် ဗင်နီဇွဲလားနိုင်ငံ၏ ရေနံချက်စက်ရုံများ၊ အမျိုးသားလျှပ်စစ်ဓာတ်အားလိုင်းစနစ်များနှင့် မဟာဗျူဟာမြောက် ပြည်သူ့ဝန်ဆောင်မှုစနစ်များအား လုံခြုံမှုရှိစေရန် ရည်ရွယ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတနှင့် (အက်ဖ်အေအင်န်ဘီ) စစ်ဦးစီးချုပ်ဖြစ်သူ နီကိုလပ်စ်မာဒူရိုက မတ် ၄ ရက်ညပိုင်းတွင် စစ်ရေးလေ့ကျင့်မှုပြုရန် ခွင့်ပြုခဲ့ပြီး မတ် ၇ ရက်တွင် စစ်ရေးလေ့ကျင့်မှုကို အဆုံးသတ်မည်ဖြစ်သည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန်– ဇော်ဝင်း**

## ရုရှားနိုင်ငံ၌ တစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၂၂ ဦးရှိ

**မော်စကို မတ် ၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၀၂၂ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ယခင်ရက်ကထက် ပိုမိုများပြားခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၃၁၂၁၈၀ ဦးအထိ ရှိလာခဲ့ကာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၈၈၇၂၆ ဦးနှင့် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၃၉၀၀၃၄၈ ဦး ရှိခဲ့ကြောင်း အဆိုပါ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၂၀ ရှိခဲ့ကာ မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၉၈၈၈၆၁ ဦး ရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးမှုခံယူပြီးသူ ၁၁၂ ဒသမ ၉ သန်းရှိသွားပြီဖြစ်ကြောင်းလည်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန်– အလင်းသစ်**

# ကိုဗစ်-၁၉ ရောဂါက ဒုတိယကမ္ဘာစစ်ထက် စိတ်ဒဏ်ရာ ပိုမိုဖြစ်ပွားစေဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဂျီနီဗာ မတ် ၆**

ကိုဗစ်-၁၉ ကူးစက်ရောဂါသည် ဒုတိယကမ္ဘာစစ်ထက် ပို၍ စိတ်ဒဏ်ရာအများအပြား ဖြစ်ပွားစေခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက မတ် ၅ ရက်တွင် ပြောကြားပြီး ကာလကြာရှည်ဖြစ်ပွားနိုင်သော ကိုဗစ်-၁၉ ရောဂါ၏ ဆိုးကျိုးများနှင့် ပတ်သက်၍ သတိပေးလိုက်သည်။

ကမ္ဘာကြီးသည် လူ့အသက်အများအပြားအား ထိခိုက်ဆုံးရှုံးစေခဲ့သည့် ဒုတိယကမ္ဘာစစ်ကြောင့် စိတ်ဒဏ်ရာ အကြီးအကျယ်ခံစားရမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဂါဘရီယီးဆပ်က ဗီဒီယိုကွန်ဖရင့်ဖြင့်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

"အခုဆိုရင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပမာဏက ပိုမိုများပြားလာတာနဲ့အမျှ တစ်ကမ္ဘာလုံးနီးပါးကို ထိခိုက်သွားပါတယ်" ဟု ဂါဘရီယီးဆပ်က ပြောကြားသည်။ "ကိုဗစ်-၁၉ ရောဂါကနေ ဖြစ်ပွားလာတဲ့ ဒီစိတ်ဒဏ်ရာတွေဟာ အတိုင်းအတာတစ်ခုထက် ကျော်လွန်သွားသလို ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာကြီးမှာ ရင်ဆိုင်ခံစားခဲ့ရတဲ့ စိတ်ဒဏ်ရာထက်တောင်မှ ပိုမိုများပြားလာတယ်။ ဒါကြောင့် နိုင်ငံတိုင်းအနေနဲ့ ဒါတွေကို တွေ့ကြုံရမှာဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ရမှာ ဖြစ်တယ်" ဟု ၎င်းက ထပ်မံပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိ စိတ်ဒဏ်ရာခံစားမှု၏ အထောက်အထားများကို နိုင်ငံတကာ သူနာပြုကောင်စီအပါအဝင် အခြားအဖွဲ့အစည်းများက တင်ပြခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာ သူနာပြုကောင်စီသည် ၎င်းတို့၏ စိတ်ကျန်းမာရေးအပေါ် ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုနှင့် ပတ်သက်၍ ယခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် သတိပေးခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါ နည်းပညာဆိုင်ရာ ဦးဆောင်သူ မာရီယာကာ ခေါ့်ဗ်က မိမိတို့၏ ကျန်းမာရေးအား ကြည့်ရှုစောင့်ရှောက်ရန်အတွက် အစိုးရများ၊ အဖွဲ့အစည်းများနှင့် မိသားစုများအနေဖြင့် လေ့လာမှုများကို ပိုမိုပြုလုပ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။




**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအပေါ် ယုံကြည်စိတ်ချမှုရှိလာသူဦးရေ ပိုမိုမြင့်တက်လာ

**လန်ဒန် မတ် ၆**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိစဉ် ကာကွယ်ဆေးများအပေါ် ယုံကြည်စိတ်ချမှုရှိလာသူဦးရေ ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရကြောင်း နိုင်ငံတကာစစ်တမ်းတစ်ရပ်အရ သိရသည်။

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလမှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပေါ် ပြည်သူများ မည်မျှယုံကြည်စိတ်ချမှုရှိသလဲဆိုသည်ကို ဗြိတိန်အင်ပါယာကောလိပ်(လန်ဒန်)က စစ်တမ်းတစ်ရပ်ကောက်ယူခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက်မှ ၂၁ ရက်အတွင်း ကောက်ယူခဲ့သော နောက်ဆုံးအချက်အလက်များအရ ဂျပန်၊ ဗြိတိန်၊ ပြင်သစ်နှင့် တောင်ကိုရီးယားနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပြည်သူ ၅၀၀ မှ ၁၀၀၀ ခန့် အဆိုပါစစ်တမ်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

အခြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရွေးချယ်ခြင်းမရှိဘဲ ကာကွယ်ဆေးတစ်မျိုးတည်းသာ ထိုးနှံရမည်ဆိုပါက ထိုးနှံမှုခံယူရန် ဆန္ဒရှိပါသလား ဆိုသည့်မေးခွန်းအပေါ် ဖြေဆိုရမည့် အဖြေငါးခု ပေးထားပြီး စစ်တမ်းတွင်ပါဝင်သူများက ၎င်းတို့နှစ်သက်ရာ အဖြေတစ်ခုကို ရွေးချယ်ဖြေဆိုခဲ့ကြသည်။



ဗြိတိန်နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ဆန္ဒပြင်းပြသူ ၇၇ ရာခိုင်နှုန်းရှိပြီး ဒိန်းမတ်နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ဆန္ဒရှိသူ ၇၀ ရာခိုင်နှုန်းရှိကြောင်း အဆိုပါစစ်တမ်းအရ တွေ့ရှိရသည်။

ပြင်သစ်နိုင်ငံပြည်သူများတွင် ကာကွယ်ဆေးထိုးနှံမှု ခံယူရန် ဆန္ဒရှိသူ ၄၀ ရာခိုင်နှုန်းသာရှိပြီး အဆိုပါအရေအတွက်သည် စစ်တမ်းတွင်ပါဝင်သည့် နိုင်ငံများအနက် ရာခိုင်နှုန်း အနည်းဆုံးဖြစ်သည်။ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့တွင် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ဆန္ဒရှိသူ ၄၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

စစ်တမ်းတွင်ပါဝင်သည့် နိုင်ငံအားလုံးခြုံငုံကြည့်မည်ဆိုပါက ကာကွယ်ဆေးထိုးနှံမှုခံယူရန် ဆန္ဒရှိသူ ၅၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်သည် လွန်ခဲ့သောနှစ် နိုဝင်ဘာလအတွင်း ကောက်ယူခဲ့သည့်အရေအတွက်ထက် ၁၇ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရသည်။

တစ်ဖက်ကလည်း ကာကွယ်ဆေးများထိုးနှံမှုခံယူပြီးနောက် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဘေးထွက်ဆိုးကျိုးများအပေါ် စိုးရိမ်စိတ်လွန်ကဲမှုရှိသူ ၄၅ ရာခိုင်နှုန်းရှိကြောင်း စစ်တမ်းကောက်ယူမှုအရ သိရသည်။

ယင်းသို့ ကာကွယ်ဆေးအပေါ် စိုးရိမ်စိတ်လွန်ကဲမှုရှိသူအရေအတွက်သည် ဂျပန်နိုင်ငံတွင် ၆၁ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၅၉ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနှင့် ပြင်သစ်နိုင်ငံတို့တွင် ၅၆ ရာခိုင်နှုန်း အသီးသီးရှိကြောင်း တွေ့ရှိရသည်။

ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် နောက်ဆက်တွဲဆိုးကျိုးများအပေါ် စိုးရိမ်နေသူများသည် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ဆန္ဒမရှိသည်ကို တွေ့ရှိရကြောင်း ကျွမ်းကျင်ပညာရှင်များက ထောက်ပြကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ် ဆားဘီးယားနိုင်ငံသို့ ရောက်ရှိ




**ဘဲလ်ဂရိတ် မတ် ၆**

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ်သည် ဆားဘီးယားနိုင်ငံသို့ မတ် ၅ ရက်တွင် ရောက်ရှိခဲ့ကြောင်း ဆားဘီးယားနိုင်ငံ သမ္မတ အလက်ဇန်းဒါးဗူးဆစ်က ပြောကြားခဲ့သည်။


မတ် ၅ ရက်တွင် ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ် လေဆိပ်သို့ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ်ရောက်ရှိလာမှုကို သမ္မတ အလက်ဇန်းဒါးဗူးဆစ်က ကြိုဆိုခဲ့ပြီး တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ပါဝင်လာရန် ဆားဘီးယားနိုင်ငံသားများအား တိုက်တွန်းကြောင်း ပါရှိသည့် ရုပ်သံဖိုင်တစ်ခုကိုလည်း လူမှုမီဒီယာတစ်ခုတွင် အလက်ဇန်းဒါးဗူးဆစ်က ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအသုတ်နှင့် ဒုတိယအသုတ်တို့သည် ဆားဘီးယားနိုင်ငံသို့ ဇန်နဝါရီ ၁၆ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင် အသီးသီးရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဆားဘီးယားနိုင်ငံ၌ လွန်ခဲ့သည့်ရက်များအတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၄၀၀၀ အထက်ရှိခဲ့ကြောင်း ဆားဘီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ လက်ရှိတွင် ဆားဘီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၇၈၈၇၈ ဦးရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၅၂၅ ဦးရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံအစိုးရက တိုကျိုနှင့်အနီးဝန်းကျင် ခရိုင်သုံးခုတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကာလ ထပ်မံတိုးမြှင့်



**တိုကျို မတ် ၆**

ဂျပန်နိုင်ငံအစိုးရသည် မြို့တော်တိုကျိုနှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုဖြစ်သည့် ချီဘာ၊ ဆိုင်းတမနှင့် ကာနာဂါဝါတို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကာလကို နောက်ထပ်သီတင်းနှစ်ပတ်ကြာ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကာလကို မတ် ၂၁ ရက်အထိ တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်းနှင့် အဆိုပါအချိန်ကာလသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန်အတွက် လိုအပ်ချက်ကြောင့် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက မတ် ၅ ရက် ညနေပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ပြောကြားခဲ့သည်။

တိုကျိုနှင့် အနီးဝန်းကျင် ခရိုင်သုံးခုတွင် ယခင်က ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ဇန်နဝါရီ ၇ ရက်တွင် စတင်ချမှတ်ခဲ့ပြီး မတ် ၆ ရက်တွင် သက်တမ်းကာလကုန်ဆုံးမည်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် ထပ်မံတိုးမြှင့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မြို့တော်တိုကျို၌ မတ် ၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀ ကျော်ရှိခဲ့ကြောင်း၊ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ လျော့ကျမှုရှိသော်လည်း ကူးစက်သူလျော့ကျမှုနှုန်းမှာ နှေးကွေးလျက်ရှိကြောင်း ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

ထို့ကြောင့် ဂျပန်နိုင်ငံအစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုကို ကြိုတင်ကာကွယ်ရန်အတွက် ကြိုးပမ်းမှုများကို အရှိန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**



# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၈၅ သန်းကျော်ရှိသွားပြီ

**ဝါရှင်တန် မတ် ၆**

အမေရိကန်နိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၈၅၀၀၈၀၉၄ ဦး ရှိပြီဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူများအနက် ပြည်သူ ၅၅၅၄၇၆၉၇ ဦးသည် ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူများဖြစ်ပြီး ပြည်သူ ၂၈၇၀၁၂၀၁ ဦးသည် ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့ ကာကွယ်ဆေးအလုံးရေ ၁၁၄၁၃၃၁၁၅ လုံး ဖြန့်ဖြူးပေးထားပြီး ရေရှည်ကျန်းမာရေးစောင့်ရှောက်မှု စင်တာများသို့လည်း ကာကွယ်ဆေးအလုံးရေ ၇၃၀၆၄၂၅ လုံး ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မတ် ၆**

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၀ ထပ်မံတွေ့ရှိရကြောင်းနှင့် ရောဂါကူးစက်မှုကြောင့် ခုနစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

ယနေ့ စစ်ဆေးတွေ့ရှိခဲ့သည့် ကူးစက်ခံရသူအရေအတွက်သည် ယမန်နေ့ ကူးစက်မှုအရေအတွက် ၂၁၅၄ ဦးထက် လျော့နည်းသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နောဟစ်ဟမ်အဒူလာရ်က ပြောကြားသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၁၇၇၇ ဦးရှိလာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၁၆၆ ဦး ရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လူနာ ၂၅၄၈ ဦး ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၂၈၉၄၅၂ ဦးရှိလာခဲ့ပြီဖြစ်သည်။ လက်ရှိအချိန်တွင် ရောဂါကူးစက်မှုကြောင့် ဆေးကုသမှုခံယူနေသူပေါင်း ၂၁၁၅၉ ဦးရှိကြောင်း သိရသည်။

ဆေးကုသမှုခံယူနေသူများအနက် ၁၇၂ ဦးသည် အရေးပေါ်အခြေအနေတွင်ရောက်ရှိလျက်ရှိပြီး လူနာ ၈၄ ဦးမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ အသုံးပြုနေရသည်။

ယနေ့စစ်ဆေးတွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၈၀ အနက် သုံးဦးမှာ နိုင်ငံရပ်ခြားမှ လာရောက်သည့် နိုင်ငံခြားသားများဖြစ်သည်။ ကျန်ဗိုင်းရပ်စ်ကူးစက်သူများမှာ ဒေသတွင်းကူးစက်မှုဖြစ်ပြီး ၁၂၂၅ ဦးမှာ နိုင်ငံသားများဖြစ်ပြီး ၄၅၂ ဦးမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၁၆၇၇၅၄၁၂ ဦး

သေဆုံးသူ
၂၅၉၃၉၃၇ ဦး

ပြန်လည်ကျန်းမာလာသူ
၉၂၃၇၃၁၀၇ ဦး

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ သန်းကျော်ရှိလာ

**နယူးဒေလီ မတ် ၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၃၂၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၁၉၂၀၈၈ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၈ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၅၇၆၅၆ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၀၈၅၄၁၂၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ပိုးတွေ့ဆဲလူနာ ၁၈၀၃၀၄ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ဒုတိယကာလကို ဝန်ကြီးချုပ် မိုဒီအား ပထမဆုံးကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ပြီးခဲ့သည့် တစ်ပတ်အတွင်းက စတင်ဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းများအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၁၉ ဒသမ ၅ သန်းနီးပါး ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ထီးချိုင့်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၆

နီကယ်စက်ရုံ လုံခြုံရေးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအနီး နီကယ်စက်ရုံ စွန့်ပစ်မြေစာပုံ သွားလမ်းတွင် အိုက်ဆွေမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၄၄ ကီလိုကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ယန်းခေါင်ကျေးရွာအနီး စန်းလု-ယန်းခေါင်ကျေးရွာသွားလမ်းတွင် ဖိုးလပြည့်မောင်းနှင်ပြီး စိုင်းလောင်ဆိုင်(ခ)ကုလားလေး လိုက်ပါလာသည့်ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄,၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



စိုင်းလောင်ဆိုင်(ခ)ကုလားလေး၊ ဖိုးလပြည့်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်




# ရွှေဘို-ရေဦး အများပြည်သူသွားကားလမ်းအား အတားအဆီးများချ၍ ပိတ်ဆို့ဆန္ဒပြသူ နှစ်ဦးအား အမှုဖွင့်အရေးယူထား

နေပြည်တော် မတ် ၆

ရွှေဘို-ရေဦး အများပြည်သူသွား ကားလမ်းအား အတားအဆီးများချ၍ ပိတ်ဆို့ ဆန္ဒပြသူ နှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် နိုင်ငံတော်အတွင်း လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှုဖြစ်စဉ်များ၊ အကြမ်းဖက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးနှင့် အများပြည်သူ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရာဒေသအနှံ့အပြားတွင် နေ့/ညမပြတ် တာဝန်ဝတ္တရားများ ထမ်းဆောင်လျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်စဉ် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရွှေဘိုမြို့ ရွှေဘို-ရေဦး ကားလမ်း၌ ဆူပူအော်ဟစ်ဆန္ဒပြသူ ခေါင်းဆောင် (စိစစ်ဆဲ) အင်အား ၅၀ ခန့်သည် လူစုလူဝေးပြုလုပ်၍ ဆူပူအော်ဟစ်ကာ အများပြည်သူသွားကားလမ်းအား ထဘီကြိုးတန်းတန်း၍ သစ်သားပိုင်းနှင့် ကားတာယာကွင်းများ အသုံးပြုကာ တားဆီးပိတ်ဆို့ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဥပဒေနှင့်အညီ သွားရောက်ထိန်းသိမ်းလူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် လူစုကွဲသွားခဲ့ပြီး ဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သူ သီဟနိုင်(၂၁)နှစ် (ဘ)ဦးဘိုငွေး အမှတ်(၁၀)ရပ်ကွက် ရွှေဘိုမြို့နေသူပါ နှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း။



(ဝဲမှယာ)တရားခံ သီဟနိုင်(ခ)အိုက်ပိလုံ၊ ဇော်မျိုးထက်

အများပြည်သူသွား ကားလမ်းအား အတားအဆီးများ ချထားပိတ်ဆို့ကာ ဥပဒေနှင့် ဆန့်ကျင်သောအစုအဝေးတွင် ပါဝင်၍ ဆူပူအော်ဟစ်ဆန္ဒပြခဲ့သူ သီဟနိုင်ပါ နှစ်ဦးအား ရွှေဘိုမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ် ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၈ စီး၊ သွင်းကုန် ၁၂၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိပါသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် မတ် ၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄၁၈ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သော Vegetable Cooking Oil (5Lx4)19 Pkgs ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တရားဝင် စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သော Vegetable Cooking Oil

# တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းထောင့်၌ ဗုံးအတုတစ်လုံး တွေ့ရှိ

နေပြည်တော် မတ် ၆

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အများပြည်သူတို့၏ လုံခြုံရေးနှင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးတို့အတွက် နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်စဉ် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ဗိုလ်မှူးဖိုးကွန်းလမ်းထောင့် မင်းကြီးညိုရုပ်တုအနီး ခရိုင်စာရင်းစစ်ရုံး၏ အနောက်ဘက် ကျုံးဘေးလမ်းသွယ်ထရန်စဖော်မာရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသန္တရ ဗုံးဟုယူဆရသော အရာဝတ္ထုတစ်ခုအား တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ကွန်ကြူပိုက်ငါးမူးလုံး အလျား ခြောက်လက်မခန့်ရှိ ပိုက်ခြောက်လုံး အား နှိုးစက်နာရီအသေးဖြင့်တွဲလျက် ချိန်ကိုက်ဗုံးပုံစံကဲ့သို့ပြုလုပ်ထားသော ဗုံးအတုတစ်လုံးဖြစ်ကြောင်း သိရှိရပြီး အဆိုပါ ဗုံးအတုအား ရှင်းလင်းဖျက်ဆီးခဲ့သည်။

ဒေသတည်ငြိမ်အေးချမ်းရေးကို မလိုလားသော အဖျက်အမှောင့်ပြုလုပ်လိုသူ လူတစ်စုက အေးချမ်းစွာနေထိုင်သော ဒေသခံပြည်သူလူထုအား အထိတ်တလန့် ဖြစ်ပွားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားမြို့နယ်များတွင်လည်း ယင်းကဲ့သို့ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ ပြုမူဆောင်ရွက်ခြင်းမျိုးများ ပြုလုပ်နိုင်သဖြင့် မိဘပြည်သူများအနေဖြင့် ဂရုပြုနေထိုင်ရန်လိုအပ်ကြောင်းနှင့် မသင်္ကာဖွယ်ရာများ တွေ့ရှိရပါကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အပြုနှင့် အဖျက်

တရားမျှတခြင်းနှင့်မသမာမှု၊
အမှန်နှင့်အမှား၊
အကောင်းနှင့်အဆိုး၊
အကျိုးနှင့်အပြစ်၊
အပြုနှင့်အဖျက်၊ အဖြူနှင့်အမည်း(အမဲ)။

မိမိဘယ်ဘက်မှာလဲ ခွဲခြားစဉ်းစားတတ်ရန် လိုပေသည်။ တွေဝေနေကြရမည့် အချိန်မဟုတ်တော့ပေ။ ဒီမိုကရေစီအရေခြုံဟန်ဆောင်ထားခဲ့သော်လည်း တစ်ပါတီအာဏာရှင်စနစ်ဆီသို့သာ ဦးတည်ခဲ့သော "မဖြစ်ဖြစ်သည့်နည်းနှင့် နိုင်ငံတော်အာဏာကို ရယူရမည်။ မှန်ကန်ဖို့မလို။ တရားမျှတရန် အရေးမစိုက်။ ရနိုင်သည့် မဲလိမ်၊ မဲခိုး၊ မဲမများများအောင် တရားမဲ့ပြုရမည်။" သူခိုးသူဝှက်ပုံစံ ဤမူဝါဒဖြင့် ဥပဒေ၊ တရားမျှတသောကျင့်ဝတ်များကို ချိုးဖောက်ကာ ပြည်သူလူထုအပေါ် စော်ကားအထင်သေးသော နိုင်ငံရေးသမားအုပ်စုသည် အလိမ်ပေါ်သောအခါ အမှားကိုဝန်ခံရန် အမှန်မမြင်သည့်အပြင် ပြည်ပအားကိုးဖြင့် တည်ဆဲတရားဥပဒေကိုပင် အကြမ်းဖက်တိုက်ခိုက် ဆန့်ကျင်သည်အထိ ရန်ပြုလာခဲ့သည်။ အမှားပြီးအမှား၊ အမှားကြီးမှားသွားခဲ့ပြီဖြစ်၍။ ခါးပြအဆင့်မှ သူပုန်လုပ်တော့မည်။ တိုင်းပြည်ကို ဆင်းရဲသည်ထက် ပိုမွဲတေအောင် ဒုက္ခပေးနေကြပြီ။

မသိနားမလည်သောလူငယ်အချို့၊ ကလေးငယ်များနှင့် နားယောင်လွယ်သောလူများကို အနုနည်းဆွဲဆောင်စည်းရုံးခြင်း၊ အကြမ်းနည်းခြိမ်းခြောက်အကျပ်ကိုင်ခြင်းနည်းများဖြင့် ပြည်သူကြားတွင် အမုန်းတရားပေါ်ပေါက်လာအောင် လှုံ့ဆော်ခဲ့သည်။ အန္တရာယ်ကို ဖိတ်ခေါ်ခဲ့သည်။ ဥပဒေနှင့်မညီသော ချိုးဖောက်မှုများ ဖြစ်ပေါ်လာအောင် အေးချမ်းသော လူထုဆန္ဒပြမှုများကို ဥပဒေမဲ့ အကြမ်းဖက်ဆန့်ကျင်အုံကြွမှုဆီသို့ ပြောင်းလဲရွေ့လျားအောင် အမျိုးမျိုးလှည့်စားကျုံးသွင်းခဲ့ကြသည်။ အများစုကတော့ လိမ်ညာမှုသားတွေမှန်း သိလာခဲ့ကြပါပြီ။ တရားဥပဒေကို လေးစားလိုက်နာခြင်းမရှိအောင်၊ တာဝန်ဝတ္တရားထမ်းဆောင်နေသူများကို ပြက်ရယ်ပြုခြင်း၊ ရှုတ်ချခြင်း၊ ပုတ်ခတ်ခြင်း၊ ဝိုင်းပယ်ခြင်းမှတစ်ဆင့် အရှက်ခွဲခြင်း၊ အုပ်စုဖြင့် အနိုင်အထက်ပြုခြင်း၊ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့အထိတိုး၍တိုး၍ မိုက်ရိုင်း၊ စော်ကား၊ ရမ်းကားခဲ့ကြသည်။ မှားခဲ့ကြပြီ။ လွန်ကျူးလွန်းသည်။ ဒီမိုကရေစီအရေးဟု အစပိုင်း၌ ဟန်ဆောင်ခဲ့ကြသော်လည်း လူအများစိတ်လှုပ်ရှားစေအောင် လုပ်နိုင်ခဲ့ပြီထင်သောအခါ အကြမ်းဖက်မှု မင်းမဲ့စရိုက်ဆီသို့ ဖေဖော်ဝါရီနောက်ဆုံးပတ်များတွင် သိသာစွာပြောင်းလဲသွားလေသည်။

> **တပ်မတော်သည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ခိုင်မာသော အမှန်တရားအင်အားဖြစ်သည်။ ဆူပူအုံကြွဆန့်ကျင်တိုက်ခိုက်ပါက "အာဏာရှင်စနစ်ထူထောင်မည့် တစ်ပါတီအာဏာရရေး" ပြည်ပအကူအညီ အထောက်အပံ့ယူ၍ သူတစ်ပါးသြဇာခံ အမျိုးသားသစ္စာဖောက် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားတစ်စုကို အားပေးမှုသာ ဖြစ်ပါလိမ့်မည်။ ပကတိ အမှန်တရားကို ကွဲပြားစွာ မြင်အောင်ကြည့်၍ သိအောင်လေ့လာစေလိုပါ၏။**

ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခြင်း။
ဆူပူအကြမ်းဖက်ခြင်း။ ပိတ်ဆို့ခြင်း။
ရန်ပြုတိုက်ခိုက်ခြင်း။ ဖျက်ဆီးခြင်း။

တရားမဝင်စစ်ပြိုင်အစိုးရဖွဲ့ကာ သူပုန်ထ၊ ပုန်ကန်ခြင်းအထိ ပြန်လမ်းမရှိသည့် မှားယွင်းမိုက်မဲခြင်းဆီသို့ လွဲချော်သွားခဲ့ချေပြီ။ နိုင်ငံရေးလမ်းကြောင်းသည် နိုင်ငံပြည်သူကောင်းကျိုးအတွက် လုံးဝမပါဘဲ ရိုဟင်ဂျာအမည်ခံမည့် တစ်ဖက်နိုင်ငံသားများကို မြန်မာပြည်ထဲသို့ တံခါးမရှိ အတားအဆီးမရှိ လိုမ့်ဝင်အခြေချနိုင်အောင် လက်ခံချင်သော ထိုအုပ်စု၏ "လူမျိုးရေးသစ္စာဖောက်မှု"က အခြေခံအကြောင်းပြုခဲ့သည်။ မစားရသည့်အမဲ သဲနှင့်ပက်ဟု ဖျက်ဆီးပုံကို တွေ့လာကြရပြီ။ နိုင်ငံကောင်းကျိုး၊ ပြည်သူ့အကျိုးနှင့် နောင်အနာဂတ်လူငယ်များအတွက် ကာကွယ်ထိန်းသိမ်းကြရမည့် အမျိုးသားအကျိုးစီးပွားကို နားလည်သိမြင်ကြသော ပြည်သူပေါင်းများစွာက ထိုအုပ်စု၏ ထိုလမ်းကြောင်းမူဝါဒကို အကြိမ်ပေါင်းများစွာ ဆန္ဒပြကာဆန့်ကျင်၊ ကာကွယ်၊ တားဆီးခဲ့ကြပါသော်လည်း အာဏာရခဲ့သည့် ငါးနှစ်တာကာလအတွင်း တစ်ပါတီအာဏာရှင်စနစ်ဖြင့် ဖြစ်ချင်တာတွေကိုသာ ပြည်ပထောက်ပံ့ကူညီသူများထံမှ အပေးအယူ နားလည်မှုယူကာ လုပ်ချင်ရာလုပ်ခဲ့ကြ၏။ ပြည်သူ့စကားနားမဝင်ခဲ့။ ပြည်သူနှင့်ဝေးသည်ထက် ဝေးကွာသွားခဲ့ကြ၏။ ပြည်သူ၏ဆန္ဒကို အလေးမထား။ နိုင်ငံတကာအမြင်ရှိသော ပြည်သူများကား နားလည်ခဲ့ကြမြင်ခဲ့ကြပြီး ဖြစ်ပါသည်။

ပထဝီနိုင်ငံရေးကို သဘောပေါက်ကြသော ပြည်သူအများစုက အားလုံးသိခဲ့ကြပြီးသား ဖြစ်ပါသည်။ ရန်သူကို မိတ်ဆွေပြုကာ "သူခိုးကိုသာ ခါးရိုးကမ်းခဲ့သော မိုက်မဲမှုမျိုး"သည် မည်သူမျှ ဆက်လက်သည်းမခံလိုကြတော့ပေ။ ပြည်သူလူထုအများစုကြီးက စိတ်နာခံပြင်းခဲ့ကြရလေသည်။

နိုင်ငံ့သမိုင်းကို အရိုင်းမခံလိုကြချေ။ သို့ရာတွင် ဒီမိုကရေစီနည်းစနစ်နှင့်အညီ တည်ဆဲဥပဒေအရ အတည်ပြုဖြစ်ပေါ်ခဲ့ရခြင်းများကို အမျိုးသားရေးအား ဦးထိပ်ထားသော အဓိကအဖွဲ့အစည်းများသည် လိုက်လျောစွာစိတ်ရှည်ခဲ့ကြရလေသည်။ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်အောင် ထိန်းသိမ်းခဲ့ကြပေသည်။

ယခင်အစိုးရလက်ထက် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲကို တရားမျှတစွာကျင်းပဆောင်ရွက်ရန် တာဝန်ရှိခဲ့ပါသော်လည်း တင်ကူးကြံရွယ်ချက်၊ မသမာတမင်ကြိုတင်ကြံစည်မှုများဖြင့် မဲမသမာမဲခိုးခြင်း မတရားမှုများကို ကျူးလွန်နေကြောင်း သက်သေခံအထောက်အထားများ၊ လူသက်သေများ အထင်အရှား ပေါ်ပေါက်လာကြသောအခါ ဒီမိုကရေစီလမ်းကြောင်းကို မပျက်စီးမပျက်ပြားအောင် ကာကွယ်ထိန်းကျောင်းရန် တာဝန်ပေးခြင်းခံရသော တပ်မတော်အား ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၈) ပုဒ်မခွဲ (က) ပြဋ္ဌာန်းသတ်မှတ်ချက်များအရ ယာယီသမ္မတက အရေးပေါ်အခြေအနေ ကြေညာပြီး အာဏာပေးလိုက်ခြင်းပင်ဖြစ်ပေသည်။ ဥပဒေနှင့်ညီသော ပြောင်းလဲခြင်းပင်ဖြစ်သည်။

တပ်မတော်က အာဏာထိန်းခဲ့ရပြီ။

## ပြည်သူ့ဘက်တော်သား

တပ်မတော်က စစ်အစိုးရအဖြစ် အာဏာသိမ်းခဲ့ခြင်းမဟုတ်။ ဥပဒေအရ ကာလအပိုင်းအခြား သတ်မှတ်ချက်အတွင်း တာဝန်ယူရခြင်းသာ။ ဤအချက်ကို ဖုံးကွယ်ပြီး မှားယွင်းစွပ်စွဲမှုများဖြင့် အချို့က တမင်အလွဲဝါဒ ဖြန့်နေခဲ့ကြပေသည်။

အကယ်၍သာ တပ်မတော်က စစ်ကောင်စီဖွဲ့၍ ဥပဒေမဲ့အာဏာသိမ်းခြင်းဆိုလျှင် အစိုးရအဖွဲ့ဝင်ဝန်ကြီးအားလုံး၊ ဒုဝန်ကြီးအားလုံးကိုဖမ်းဆီး၍ ထောင်သွင်းအကျဉ်းချရမည်။ တည်ဆဲဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့ရမည်။ တရားမဝင်စစ်အာဏာသိမ်းအစိုးရ ဖြစ်ကောင်းဖြစ်မည်။ ပြည်ပက အသိအမှတ်ပြုရန် ထောက်ခံခြင်းများတောင်းခံရန် လိုကောင်းလိုလိမ့်မည်။ ဤသို့မဟုတ်ခဲ့ပေ။ ဥပဒေနှင့်အညီ တရားဝင်အစိုးရဖြစ်ကြောင်း ထင်ရှားပြီးဖြစ်သည်။

ယခု ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံတော်အာဏာကို ပြည်သူ့ဝန်ထမ်းတာဝန်အရ တာဝန်ပေးခံရသဖြင့် ၁၂ လ သို့မဟုတ် ၂၄ လအတွင်း အထွေထွေရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပပေးရန် လုပ်ဆောင်ပြီးပါက မူလတာဝန်များကို ထမ်းဆောင်သွားလိမ့်မည်ဖြစ်ပေသည်။ ပြည်သူများလိုလားသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဥပဒေစည်းကမ်းများနှင့်အညီ ဆက်လက်ချီတက်သွားမည်သာဖြစ်သည်။

ပါတီခေါင်းဆောင်အချို့ကိုသာ ထိန်းသိမ်းခံရခြင်းမှာ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ပြစ်မှုကျူးလွန်ခဲ့သော ထင်ရှားသည့် ပြုမူမှားယွင်းမှုများအရ ဥပဒေနှင့်အညီ စွဲဆိုရုံးတင်စစ်ဆေး အပြစ်ရှိ၊ မရှိ ကြားနာစီရင်စေမည် ဖြစ်လေသည်။ တာဝန်ယူစဉ်က တာဝန်ပျက်ပြားခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်းများရှိခြင်း၊ မရှိခြင်းအရ တရားဥပဒေနှင့်အညီသာ တရားဥပဒေက ဆုံးဖြတ်စီရင်ပေလိမ့်မည်။

တပ်မတော်သည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ခိုင်မာသောအမှန်တရားအင်အားဖြစ်သည်။ ဆူပူအုံကြွဆန့်ကျင်တိုက်ခိုက်ပါက "အာဏာရှင်စနစ်ထူထောင်မည့် တစ်ပါတီအာဏာရရေး" ပြည်ပအကူအညီ အထောက်အပံ့ယူ၍ သူတစ်ပါးသြဇာခံ အမျိုးသားသစ္စာဖောက် ကိုယ်ကျိုးရှာနိုင်ငံရေးသမားတစ်စုကို အားပေးမှုသာဖြစ်ပါလိမ့်မည်။ ပကတိအမှန်တရားကို ကွဲပြားစွာ မြင်အောင်ကြည့်၍ သိအောင်လေ့လာစေလိုပါ၏။


## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁)ရက် သောကြာနေ့မှ (၃-၃-၂၀၂၁)ရက်ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက်(၉:၀၀)နာရီမှ မွန်းလွဲ(၁၆:၀၀)နာရီအတွင်း(ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁၆:၀၀)နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထားပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထားပြန်လည်တင်သွင်းရမည့်နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက်(စနေနေ့)မွန်းလွဲ(၁၆:၀၀)နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*ဤဆောင်းပါးတွင် ဖော်ပြချက်များသည် ဆောင်းပါးရှင်၏ အာဘော်သာ ဖြစ်ပါသည်။*

# ဒီမိုကရေစီလမ်းပေါ်လျှောက်ကာ လမ်းပျောက်ခဲ့ခြင်း

ဦးကျော်စိန် (ပညာရေး)

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တတိယအကြိမ် ပြည်သူ့လွှတ်တော် စတင်ကျင်းပရမယ့်ရက် တတိယအကြိမ် ပြည်သူ့လွှတ်တော်၊ တတိယအကြိမ် ရွေးကောက်ခံကိုယ်စားလှယ်တွေ ကျမ်းသစ္စာကျိန်ဆိုပြီး သမ္မတ၊ အစိုးရစတဲ့ အဆင့်ဆင့်တာဝန်တွေ ခွဲဝေယူကြရမယ့်ကာလရဲ့အစ၊ ကုန်ဆုံးသွားပြီးတဲ့ ဒုတိယအကြိမ် ရွေးကောက်ခံလွှတ်တော်က ရွေးကောက်ခံကိုယ်စားလှယ်ဟောင်းတွေ ဥပဒေအရ ပျက်ပြယ်ပြီး တာဝန်ရှိသူတွေ ဥပဒေအရ ပျက်ပြယ်သွားတဲ့အချိန်မှာ နိုင်ငံတော်ရဲ့ယာယီသမ္မတ ဦးမြင့်ဆွေက အရေးပေါ်အခြေအနေကြေညာပြီး ဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ယာယီတာဝန် လွှဲအပ်ခဲ့ပါတယ်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ရယူခဲ့ပါတယ်။ ဒါဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလအနေနဲ့ နိုင်ငံတော်အာဏာကို ထိန်းခဲ့တာဖြစ်ပါတယ်။

အစိုးရအဖွဲ့က တာဝန်ယူခဲ့တယ်ဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံမပျက်သေးဘဲ အရေးပေါ်ကာလ စီမံအုပ်ချုပ်နေတဲ့ အစိုးရတစ်ရပ်ဟာလည်း ဒီမိုကရေစီလမ်းကြောင်းပေါ်မှာပဲ ရှိနေသေးတယ်လို့ မှတ်ယူရမှာပါ။ တစ်ဆင့်တက်ဆိုရရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို မကြာမီကာလမှာ ကျင်းပပေးမယ်ဆိုထားတော့ ဒီမိုကရေစီစနစ်ရဲ့ အခြေခံအနှစ်သာရက ရှင်သန်နေဆဲပါ။ ဒါဆို ဘာကြောင့် အာဏာထိန်းရသလဲ။ ဒီမိုကရေစီ နိုင်ငံရေးစနစ်ရဲ့ အခြေခံအနှစ်သာရဖြစ်တဲ့ အထွေထွေရွေးကောက်ပွဲမှာ မသမာမှုတွေရှိနေခဲ့လို့၊ ရွေးကောက်ပွဲရလဒ်ကို လက်မခံနိုင်လို့၊ သက်ဆိုင်ရာနိုင်ငံရေးပါတီတွေက ဖြေရှင်းပေးဖို့ တောင်းဆိုတယ်။ အခြေခံမဲစာရင်း မမှန်ကန်မှုတွေကို တပ်မတော်က အသေးစိတ်ဖော်ပြတယ်။ ဒါပေမယ့် အဓိကအကျဆုံး UECက မဖြေရှင်းပေးသလို တာဝန်ရှိအစိုးရကလည်း အရေးယူဆောင်ရွက်မှုမရှိခဲ့ဘူး။ ဒါကြောင့် နောက်ဆုံးမှာ အရေးပေါ်ကာလ အခြေအနေနဲ့ အာဏာထိန်းတာကို ခံလိုက်ရတာပဲ။

**အမှန်တရားကို မမြင်နိုင်ကြတာလား**

ဒီအမှန်တရားကို ဒီမိုကရေစီအတွင်းတိမ်၊ ဒီမိုကရေစီရေတိမ်စွဲနေသူတွေက မမြင်နိုင်ကြတာလား၊ မမြင်ချင်ယောင်ဆောင်နေကြတာလား၊ မြင်ပါရဲ့သားနဲ့ တမင်တကာမမြင်ယောင်ဆောင်ကြတာလား မသိတော့ပါဘူး။ ဒီမိုကရေစီဆိုတာ ရှစ်လေးလုံး အရေးအခင်းနဲ့ လူထုခေါင်းဆောင်ဆိုသူ ပေါ်လာမှရတယ်၊ မှန်တယ်ထင်မှတ်နေသူတွေက စစ်အာဏာရှင်ကိုတော်လှန်ကြ၊ အာဏာရှင်စနစ်ကို ဆန့်ကျင်ကြဆိုတာတွေနဲ့ We want Democracy ဖြစ်လာတယ်။ We want Democracy စာတန်းကို အနီရောင်နဖူးစီးနဲ့ ခေါင်းတွေမှာပတ်ကြတယ်။ We want Democracy စာတန်းကို ဆေးရောင်အဖြူကြီးတွေနဲ့ ကတ္တရာလမ်းမတွေပေါ် ရေးကြတယ်။ ပြီးတော့ သမ္မတကြီး ကျန်းမာပါစေ၊ အတိုင်ပင်ခံကြီး ကျန်းမာပါစေ၊ ဖမ်းဆီးထားသူတွေ အမြန်ပြန်လွှတ်ပေး၊ အရေးတော်ပုံအောင်ရမည်ဆိုတဲ့ ကြွေးကြော်သံတွေ တိုင်တည်ပြီး We want Democracy စာတန်းပေါ် နင်းလျှောက်ကြတယ်။

ရှစ်လေးလုံးဆရာကြီးတွေက ဒီမိုကရေစီအခါပေးပုဂ္ဂိုလ်တွေလုပ်ပြီး ညအချိန်ကိုက်သံပုံးတီး၊ သီချင်းဆိုကာ စစ်အာဏာရှင်ကိုတောထုတ်ကြတယ်။ လမ်းမပေါ်ထွက်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်တာကို အကြောင်းပြ လမ်းတွေကို ပိတ်ဆို့ကြတယ်။ ကားပျက်ချင်ယောင်ဆောင်ပြီး လမ်းတွေကိုပိတ်ဆို့ကြတယ်။ နောက်ဆုံးမှာ အမိန့်အာဏာဖီဆန်ရေးခေါင်းစဉ်နဲ့ ဝန်ထမ်းတွေကို CDM လုပ်ခိုင်းတယ်။

**ဒီမိုကရေစီအပင်ပေါက်ကလေးကို လူပုဂ္ဂိုလ်ဗဟိုပြုထားတဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့ တစ်ပါတီအာဏာရလိုမှုကြောင့် ရွေးကောက်ပွဲမဲမသမာမှုဟာ ထင်ထင်ရှားရှား ဖြစ်ပေါ်ခဲ့တာပါ။ အထွေထွေရွေးကောက်ပွဲက တရားမျှတမှုမရှိတဲ့၊ သမာသမတ်မကျတဲ့ ရွေးကောက်ပွဲဆိုကတည်းက ဒီမိုကရေစီနိုင်ငံရေးစနစ်နဲ့ လွဲချော်နေတာဖြစ်ပြီး တစ်ပါတီအာဏာရှင်လမ်းကို ဦးတည်နေတာလို့ ဆိုနိုင်ပါတယ်။ ဒါကို လက်မခံနိုင်ဘဲ အာဏာထိန်းတာကို ရှစ်လေးလုံးလက်သုံး စစ်အာဏာရှင်ဆိုပြီး လက်ညှိုးထိုးတာဟာ အကြောင်းပြထွက်ပေါက်တစ်ခုဖြစ်။**

**အနှစ်သာရအဓိပ္ပာယ်က အလွန်ကွာခြား**

"အာဏာထိန်းတယ်"၊ "အာဏာသိမ်းတယ်" ဆိုတဲ့ ဝေါဟာရတွေမှာ ကွဲပြားမှုသိပ်မရှိလှဘူးလို့ ဆိုနိုင်ပေမယ့် အနှစ်သာရအဓိပ္ပာယ်က အလွန်ကွာခြားပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တပ်မတော်အဆင့်ပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးပါတီကပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းလိုက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ စီမံအုပ်ချုပ်ရေးကောင်စီတွေကို အရပ်ဘက် သင့်တော်တဲ့ပုဂ္ဂိုလ်တွေက ဥက္ကဋ္ဌတာဝန်ယူစေခဲ့ပါတယ်။ အထူးသတိပြုသင့်တဲ့အချက်က နိုင်ငံတော်တည်ငြိမ်တဲ့ အချိန်မှာ တရားဝင်နိုင်ငံရေးပါတီတွေနဲ့ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးပြီး ရွေးကောက်ပွဲအနိုင်ရပါတီကို အာဏာလွှဲပေးမယ် ဆိုတာပါ။ ဒါကြောင့် တပ်မတော်က အာဏာသိမ်းတယ်၊ ရွေးကောက်ခံအစိုးရတစ်ရပ်ရဲ့ အာဏာကို စစ်အာဏာရှင်တွေက မတရားရယူတယ်၊ ဒီမိုကရေစီပျက်သုဉ်းသွားပြီဆိုတာတွေဟာ အာဏာလက်လွှတ်ဖြစ်သွားရတဲ့ နိုင်ငံရေးပါတီနဲ့ တာဝန်ယူခဲ့ကြဖူးတဲ့ပုဂ္ဂိုလ်တွေရဲ့ ပြောစကားတွေသာဖြစ်ပါတယ်။

၂၀၀၈အခြေခံဥပဒေအရ ဒီမိုကရေစီလမ်းကြောင်းကို ဒုတိယအကြိမ်လွှတ်တော်သက်တမ်း Future Bright Star Education Centre ပိုင်ဆိုသူက CDM မလုပ်တဲ့ဝန်ထမ်းကို ဝိုင်းဝန်းပိတ်ဆို့ပြီး တိုင်းပြည်သစ္စာဖောက်တံဆိပ်ကပ်ပြီး လူအုပ်နဲ့ အရှက်ခွဲတယ်။ အလုပ်သွားတဲ့ဝန်ထမ်းအမျိုးသမီးတစ်ယောက်ကို လူအုပ်နဲ့ဝိုင်းပြီး CDM လုပ်ဖို့ ဖိအားပေးတယ်။ ဒါတွေက လူမှုကွန်ရက်ပေါ်တက်လာတဲ့ အဖြစ်အပျက်အချို့တွေပါ။ ဒီတော့ အာဏာထိန်းခံလိုက်ရတဲ့ အစိုးရအဖွဲ့နဲ့ ပါတီကို ထောက်ခံပါတယ်ဆိုတဲ့ ဝန်းရံသူတွေ၊ ဆန္ဒဖော်ထုတ်နေကြသူတွေရဲ့ ဒီမိုကရေစီကဘာလဲ၊ ဘယ်လဲဆိုတာတွေးစရာပါ။ သံပုံးတီးဒီမိုကရေစီ၊ CDM ဒီမိုကရေစီဆိုတာ ကမ္ဘာက နမူနာယူကြပြီလို့ ပြောလားပြောရဲ့တောင့်ထား... အရေးတော်ပုံအောင်တော့မယ်ဆိုပြီး မျှော်လင့်ချက်တွေပေး၊ GZ ဆိုပြီး မြှောက်လုံးတွေနဲ့ လမ်းတွေပေါ်ထွက်ခိုင်းတာ နေ့စားအလုပ်သမားတွေတောင် လမ်းမပေါ်ထွက်လာတဲ့အထိ ဖြစ်လာတယ်။ ဒါကို ပြည်သူ့အောင်ပွဲဆိုတဲ့ မှိုင်းနဲ့တိုက်၊ အာဏာရဖို့ လက်တစ်ကမ်းအလိုဆိုတဲ့ မျှော်လင့်ချက်ပေးပြီး အားကိုးစရာ ပြည်သူတွေသာရှိတယ်ဆိုတဲ့ အလိမ်အညာတွေနဲ့ ဒီမိုကရေစီအရေးတော်ပုံကို ဆင်နွှဲနေကြတယ်။ ဆန္ဒဖော်ထုတ်တာက အကြမ်းဖက်လာလို့ ရဲကဖြိုခွင်းတော့ ကျည်ထိလို့သေဆုံးရတဲ့ လူမမည်မိန်းကလေးကို သူရဲကောင်းဘွဲ့ပေးပြီး တခမ်းတနားသင်္ဂြိုဟ်ကြတော့ ရှစ်ဆယ့်ရှစ်တုန်းက မဝင်းမော်ဦးလေးကို သတိရမိတယ်။

စစ်အာဏာရှင်ကို မလိုလားပါဘူးဆိုပြီး ပြောင်ကြေညာသူတစ်ဦးက ရွေးကောက်ပွဲပြဿနာကို ဖြေရှင်းခဲ့ရင်၊ မဲမသမာမှုတွေ မရှိပါဘူးလို့ ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ သက်သေပြခဲ့ရင် ဒီလို တပ်မတော်က အာဏာထိန်းတာကို ကန့်ကွက်မယ်ဆိုပြီး လူမှုကွန်ရက်မှာ ရေးထားပါတယ်။ ဘာကြောင့် မဖြေရှင်းရဲတာလဲလို့ မေးခွန်းထုတ်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်မှုမှာ ပါတီစုံနိုင်ငံရေးစနစ်နဲ့ ငါးနှစ်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ခံကိုယ်စားလှယ်အစိုးရနဲ့ ဖော်ဆောင်တယ်ဆိုတာ သတိပြုရမှာပါ။

**ကျမ်းသစ္စာကျိန်ဆိုပြီးမှ အသက်ဝင်**

တစ်ပါတီအာဏာရှင်စနစ်နဲ့ ရာသက်ပန်အစိုးရလုပ်တဲ့စနစ်ကို တိုက်ဖျက်ခဲ့ကြပြီး ဒီမိုကရေစီအပင်ပေါက်ကလေးဆိုတဲ့ ဒီမိုကရေစီပါတီအစိုးရက ဘာကြောင့် တစ်ပါတီအနိုင်ရရေးနဲ့ နှစ်ကြိမ်ဆက်တိုက် အာဏာရရှိရေး လုပ်ခဲ့တာလဲ။ ပထမအကြိမ် အထွေထွေရွေးကောက်ပွဲနဲ့ အစိုးရ၊ ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲနဲ့ အစိုးရ၊ တတိယအကြိမ် အထွေထွေရွေးကောက်ပွဲနဲ့ အစိုးရ၊ တစ်ကြိမ် ရွေးကောက်ပွဲပြီးရင် အစိုးရအသစ်၊ သမ္မတအသစ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကို အနိုင်ရပြီး လူပုဂ္ဂိုလ်တစ်ဦးတည်းကို သမ္မတအဖြစ် ဒုတိယအကြိမ် တာဝန်ပေးခဲ့ရင်တောင် အဟောင်းမရှိတော့ပါဘူး။ ဒီတော့ တို့သမ္မတဦးဝင်းမြင့်ဆိုတာ တတိယအကြိမ်မှာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ဒုတိယအကြိမ် သမ္မတဦးဝင်းမြင့်က အမှုတွေနဲ့ အရေးယူခံနေရပါပြီ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတာလည်း အစိုးရတစ်ရပ်လက်ထက်မှာ ဥပဒေပြဋ္ဌာန်းပြီး သမ္မတက ခန့်အပ်တာဝန်ပေးထားတဲ့ ရာထူးသာဖြစ်ပါတယ်။ ဒုတိယအကြိမ်လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာလည်း ဇန်နဝါရီလ ၃၁ ရက်မှာ အလိုအလျောက် နိဋ္ဌိတံပြီး အသစ်ကိုယ်စားလှယ်တွေက ဥပဒေအရ လွှတ်တော်မှာ ကျမ်းသစ္စာကျိန်ဆိုပြီးမှ အသက်ဝင်ပါတယ်။

ရွေးကောက်ခံအနိုင်ရပြီဆိုပြီး တစ်ဖက်သတ်ဆုံးဖြတ်ချက်နဲ့ နေပြည်တော်စည်ပင်ရိပ်သာမှာ ကတိသစ္စာဆိုတာဟာ စည်ပင်အမတ်တွေပဲ ဖြစ်မှာပါ။ စည်ပင်အမတ်တွေက လွှတ်တော်ကိုယ်စားပြုကော်မတီတွေဖွဲ့ တိုင်းဒေသကြီးလွှတ်တော်ကို ခန်းမတစ်ခုမှာ ကျင်းပပြီး အမိန့်ညွှန်ကြားချက်တွေထုတ်လို့ရတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာပြည်ကစတယ်ဆိုရင်တော့ ချီးကျူးပါတယ်။

ဒီမိုကရေစီဘိုးအေကြီး အမေရိကန်နိုင်ငံမှာ ရွေးကောက်ပွဲမဲမသမာမှု နောက်ဆက်တွဲအနေနဲ့ ကပ်ပီတို လွှတ်တော်အဆောက်အအုံကို အကြမ်းဖက်ဝင်စီးတာမျိုးထိ ပေါ်ပေါက်လာနေတဲ့ ဒီမိုကရေစီနိုင်ငံရေးစနစ်ဟာ အားနည်းချက်တွေရှိနေတာ အထင်အရှားပါ။ ဒီတော့ ဒီမိုကရေစီအပင်ပေါက်ကလေးကို လူပုဂ္ဂိုလ်ဗဟိုပြုထားတဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့ တစ်ပါတီအာဏာရလိုမှုကြောင့် ရွေးကောက်ပွဲ မဲမသမာမှုဟာ ထင်ထင်ရှားရှား ဖြစ်ပေါ်ခဲ့တာပါ။ အထွေထွေရွေးကောက်ပွဲက တရားမျှတမှုမရှိတဲ့၊ သမာသမတ်မကျတဲ့ ရွေးကောက်ပွဲဆိုကတည်းက ဒီမိုကရေစီနိုင်ငံရေးစနစ်နဲ့ လွဲချော်နေတာဖြစ်ပြီး တစ်ပါတီအာဏာရှင်လမ်းကို ဦးတည်နေတာလို့ ဆိုနိုင်ပါတယ်။ ဒါကို လက်မခံနိုင်ဘဲ အာဏာထိန်းတာကို ရှစ်လေးလုံးလက်သုံး စစ်အာဏာရှင်ဆိုပြီး လက်ညှိုးထိုးတာဟာ အကြောင်းပြ ထွက်ပေါက်တစ်ခုပါ။ နိုင်ငံရေးဆိုတာကို နားမလည်ဘဲ လူပုဂ္ဂိုလ်အစွဲတစ်ခုတည်းနဲ့ အရေးတော်ပုံအောင်ရမည်ဆိုတော့ ဘယ်သူ့အတွက်အရေးတော်ပုံလဲ မေးဖို့လိုလာပါတယ်။

စာမျက်နှာ ၁၇ သို့ ■

**မြန်မာနိုင်ငံမှာက ကိုးကွယ်ယုံကြည်တဲ့ ဗုဒ္ဓဘာသာအယူအဆက ဒီမိုကရေစီအစစ်၊ ဒီမိုကရေစီနည်းကျဆိုတာကို သတိမရကြဘဲ နိုင်ငံခြားသား၊ ဘာသာခြားတွေရဲ့ ဒီမိုကရေစီနည်းကျဆိုတာကို အလေးအမြတ်ပြုထားကြတော့ ရွေးကောက်ပွဲ မဲမသမာမှုရလဒ်ကိုတောင် ဒီမိုကရေစီယဉ်ကျေးမှုအရ လက်ခံရမလိုတောင် သွေးဆောင်ခဲ့ကြ။**

## ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

# ဥပဒေကို မျက်ကွယ်ပြု၊ လူ့အခွင့်အရေးကို မလေးစား မလိုက်နာသူများအား အရေးယူပေးပါ

**အယ်ဒီတာ**
**ကြေးမုံသတင်းစာ**
**အယ်ဒီတာခင်ဗျား -**

ကျွန်တော်သည် ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့ ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရမည်ဟု ယုံကြည်လက်ခံထားသည့်အတွက် ကျွန်တော် ရုံးတက်ပါသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရလည်း ဝန်ထမ်းများတွင် အလုပ်ချိန်၊ တာဝန်ထမ်းဆောင်မှုနှင့် သက်ဆိုင်သည့် စည်းကမ်းများကို လိုက်နာပြီး နိုင်ငံတော်၏ အကျိုးအတွက် လုပ်ငန်းဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ခံယူထားပါသည်။

သို့သော် ပြီးခဲ့သည့် ဖေဖော်ဝါရီလမှ စတင်ကာ နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်ရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်လာပါသည်။ အချို့မှာ ခြိမ်းခြောက်အကျပ်ကိုင်မှုများကို နားယောင်ကာ ပါဝင်သွားခဲ့သည်များလည်း ရှိပါသည်။ လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်အပေါ် လေးစားသည့်အတွက် မည်သူ့ကိုမျှ အပြစ်တင်ပြောဆိုခြင်းမရှိခဲ့ပါ။

သို့သော် ကျွန်တော်တို့ တာဝန်ထမ်းဆောင်နေစဉ် မတ် ၄ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က ကျွန်တော်တို့ ရုံးရှေ့သို့ ဆန္ဒပြသူ ကျောင်းသား ကျောင်းသူအင်အား ၇၀ ခန့် ရောက်ရှိလာကာ CDM တွင် မပါဝင်သည့် ကျွန်တော်တို့၏ ရုံးရှေ့သံတံခါးအား သံကြိုးနှစ်ဆင့်ဖြင့် ခတ်သွားခဲ့ပါသည်။

စည်းရုံးလှုံ့ဆော်မှုမှသည် ထိုကဲ့သို့ မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်မှုများ ပြုလုပ်လာပါသည်။ ဒီမိုကရေစီဟု ကြွေးကြော်နေသော်လည်း အခြားသူတွေကို အုပ်စုဖွဲ့ အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြိမ်းခြောက်ခြင်း၊ Social Bullying ပြုလုပ်ခြင်းများသည် ဥပဒေကို မျက်ကွယ်ပြုခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးကို မလေးစား မလိုက်နာခြင်းလည်း ဖြစ်သည့်အတွက် လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြအပ်ပါသည်။

**ကိုလင်းလင်း (နိုင်ငံ့ဝန်ထမ်းတစ်ဦး)**

# တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးပါ

**အယ်ဒီတာခင်ဗျား -**

ကျွန်တော်သည် ရန်ကုန်မြို့တွင် နေထိုင်ပြီး ကားအရောင်းအဝယ်လုပ်ငန်းဖြင့် စီးပွားရေးလုပ်ကိုင်နေသူတစ်ဦးဖြစ်ပါတယ် ခင်ဗျာ။ ကျွန်တော်သည် အသက်(၆၀) အရွယ် မိဘနှစ်ပါးကိုလည်း ရှာဖွေကျွေးမွေးနေသူလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တစ်နေ့တစ်နေ့ ကားအရောင်းအဝယ်ကိစ္စများဖြင့် အလုပ်ရှုပ်နေတတ်သူတစ်ဦးဖြစ်သည့်အားလျော်စွာ နိုင်ငံရေးကိစ္စများနှင့် အလှမ်းဝေးနေသူတစ်ဦးဖြစ်ကြောင်းကိုလည်း ရိုးသားစွာ ဝန်ခံလိုပါတယ်ခင်ဗျာ။

ယခုအခါ ကျွန်တော်တို့ ရန်ကုန်မြို့ပေါ်လမ်းမကြီးများတွင် ဆူပူသောင်းကျန်း၍ ဆန္ဒပြခြင်းများဖြစ်ပေါ်လျက်ရှိပါတယ်။ ထိုသို့ ဆန္ဒပြမှုများကြောင့် အေးချမ်းစွာ နေထိုင်လိုသည့် ကျွန်တော်တို့လို ပြည်သူများစိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ ညပိုင်းအချိန်များတွင်လည်း ရပ်ကွက်အတွင်း လှည့်လည်အော်ဟစ်ဆူပူမှုများ ဆောင်ရွက်သည့်အတွက် ကောင်းစွာအနားယူနိုင်ခြင်းမရှိပါဘူး။

ဝန်ထမ်းတချို့ Civil Disobedience Movement (CDM)လှုပ်ရှားမှုဆောင်ရွက်ခြင်းကြောင့် အစိုးရဌာနများနှင့် လုပ်ငန်းများဆက်သွယ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်လာခြင်းကြောင့် ကျွန်တော့်၏ မိဘများ နေထိုင်မကောင်း၍ ဆေးရုံသို့ သွားရောက်ပြသရာ ဆရာဝန်နှင့် သူနာပြုအင်အားနည်းနေတဲ့အတွက် များစွာ အခက်အခဲတွေ့ကြုံနေရပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ပေးနေသည့် ဆန္ဒပြသူများနှင့် အုပ်ချုပ်ရေးယန္တရားပျက်ယွင်းစေရန် ဆောင်ရွက်နေသည့် CDM လှုပ်ရှားမှုများကြောင့် တည်ငြိမ်အေးချမ်းစွာဖြင့် နိုင်ငံရေးအရောင်အသွေးကင်းရှင်းစွာနေထိုင်လိုသည့် ကျွန်တော်တို့လို ပြည်သူများ စိတ်မချမ်းမြေ့မှုနှင့် အခက်အခဲများစွာ ရင်ဆိုင်နေရပါတယ်။ ထို့ကြောင့် နိုင်ငံတော်က ယခု ကျွန်တော်တို့ တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးပါရန် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများကိုယ်စား အယ်ဒီတာမှတစ်ဆင့် လေးစားစွာ တင်ပြလိုက်ရပါတယ်ခင်ဗျာ။

**တည်ငြိမ်အေးချမ်းစွာနေလိုသည့်ပြည်သူတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

■ စာမျက်နှာ ၁၆ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဥပဒေနဲ့အညီ နောက်တစ်ဆင့်တက်ရင် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံရေးရည်မှန်းချက်နဲ့အညီ ဖွဲ့စည်းအုပ်ချုပ်နေပြီး အဆင့်ဆင့်သော စီမံအုပ်ချုပ်ရေးကောင်စီတွေနဲ့ အစိုးရတစ်ရပ်ဟာ ပေါ်ပေါက်ခိုင်မာနေပြီး ဖြစ်ပါတယ်။ ဌာနဆိုင်ရာလုပ်ငန်းတွေကိုလည်း ယခင်အစိုးရ (ဒုတိယအကြိမ်လွှတ်တော်) က ချမှတ်ထားတဲ့ လုပ်ငန်းစဉ်တွေနဲ့အညီ ဆက်လက်အကောင်အထည်ဖော်နေပါတယ်။ ဒီတော့ အာဏာလက်လွှတ်လိုက်ရတဲ့ နိုင်ငံရေးပါတီဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကျင်းပပေးမယ့် အထွေထွေရွေးကောက်ပွဲမှာ အခြားသောနိုင်ငံရေးပါတီတွေနဲ့အတူ ဝင်နွှဲရုံပဲရှိပါတယ်။ ဒုတိယအကြိမ် UEC က အပြီးသတ်အတည်ပြုပေးတဲ့ ရွေးကောက်ပွဲမဲရလဒ်အဖြေဟာ မဲမသမာမှု ဒီရေကြီးနဲ့အတူ လေထုထဲပျောက်ကွယ်ခဲ့ပါပြီ။ ဒါကို အိပ်မက်မက်ပြီး တို့ပြည်သူတွေ NLD ကို တစ်ခဲနက်မဲပေးခဲ့ကြတယ်လို့ အသံပြာအောင် အော်ခိုင်းနေရုံနဲ့ အာဏာပြန်မရနိုင်တော့ပါဘူး။ တို့သမ္မတကြီးနဲ့ တို့အတိုင်ပင်ခံပုဂ္ဂိုလ်ကြီး ဘေးကင်းရန်ရှင်းအောင် အနီဝတ်တွေချွတ်၊ အဖြူရောင်ဝတ်စုံတွေနဲ့ ဘုရားသွားကျောင်းတက် ဆုတွေတောင်းကြပါတော့။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ကိုဗစ်ကာလ ကျန်းမာရေးစံသတ်မှတ်ချက်တွေနဲ့အညီ ဘုရားတန်ဆောင်းတွေ ဖွင့်ခွင့်ပြုထားပြီမို့ မေတ္တာပို့ အမျှအတမ်းဝေကြပါလော့။

### မြန်မာ့ဒီမိုကရေစီ ဖော်ဆောင်မှု

ဒီမိုကရေစီနိုင်ငံရေးစနစ်ဟာ ကမ္ဘာလွှမ်းခြုံတဲ့ အားကြီးတဲ့နိုင်ငံရေးစနစ်တစ်ခုသာ ဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာကို လိုသလိုယူသုံးပြီး လစ်ဘရယ်ဒီမိုကရေစီ၊ အမေရိကန်ဒီမိုကရေစီ၊ EU ဒီမိုကရေစီ ဖြစ်နေကြတာပါ။ မြန်မာနိုင်ငံမှာ ပါလီမန်ဒီမိုကရေစီဆိုတာပေါ်ခဲ့ပြီး နိုင်ငံရေးပါတီတွေရဲ့ ပယောဂကြောင့် စစ်တပ်က အာဏာထိန်း (အိမ်စောင့်အစိုးရ)၊ နောက်မှာ အာဏာသိမ်းကာ တစ်ပါတီနိုင်ငံရေးစနစ်ကို ဖော်ဆောင်ခဲ့ဖူးပါတယ်။ ဒီတော့ တစ်ပါတီဖြစ်ဖြစ်၊ ပါတီစုံစနစ်ဖြစ်ဖြစ် ပါတီတစ်ခုက အချိန်ကြာအာဏာရလာရင် အာဏာရှင်ဖြစ်သွားမှာပါ။ လူပုဂ္ဂိုလ်ကိုးကွယ်တဲ့ တစ်ပါတီအာဏာရှင်ဆိုတာ ဒီအကြောင်းတရားပါပဲ။ မြန်မာနိုင်ငံမှာက ကိုးကွယ်ယုံကြည်တဲ့ ဗုဒ္ဓဘာသာအယူအဆက ဒီမိုကရေစီအစစ်၊ ဒီမိုကရေစီနည်းကျဆိုတာကို သတိမရကြဘဲ နိုင်ငံခြားသား၊ ဘာသာခြားတွေရဲ့ ဒီမိုကရေစီနည်းကျဆိုတာကို အလေးအမြတ်ပြုထားကြတော့ ရွေးကောက်ပွဲမဲမသမာမှုရလဒ်ကိုတောင် ဒီမိုကရေစီယဉ်ကျေးမှုအရ လက်ခံရမလိုတောင် သွေးဆောင်ခဲ့ကြသေးတယ်။ မှားနေတာကို မှားနေမှန်းသိရက်နဲ့ ဒီမိုကရေစီယဉ်ကျေးမှုအရ လက်ခံပေးရမယ် ဆိုတာကို နိုင်ငံရေးပါတီအချို့ကတောင် သံယောင်လိုက်သေးတော့ မြန်မာ့ဒီမိုကရေစီဖော်ဆောင်မှုမှာ သံပုံးတီးတာပေါ်လာတာပေါ့။

အချုပ်ဆိုရရင် အမျိုးသားဒီမိုကရေစီပါတီဟာ လူပုဂ္ဂိုလ်ကိုးကွယ်မှုနဲ့ အာဏာရသွားပြီးနောက် ဒီမိုကရေစီ ယဉ်ကျေးမှုနဲ့အညီ လုပ်ဆောင်သင့်တာလေးတွေကိုတောင် မလုပ်ခဲ့ပါဘူး။ လွှတ်တော်မှာ လူအင်အားအသာစီးနဲ့၊ မဲအများအသာစီးနဲ့ အနိုင်ယူလို့ လုပ်လိုရာလုပ်တတ်တဲ့အရသာကြောင့် ဒီမိုကရေစီ ခရီးလမ်းဘေးချော်သွားခဲ့တယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတာကို အသံကျယ်ကျယ်လွှင့်ပြီး တိုင်းရင်းသားနိုင်ငံရေးပါတီတွေကို ဘေးဖယ်ထားခဲ့တယ်။ တစ်ပါတီအစိုးရဖြစ်နိုင်ဖို့ UEC အားကိုးနဲ့ မဲမသမာမှုပြုတယ်။

ဒီအကျိုးဆက်ကြောင့် အာဏာလက်လွှတ်ဖြစ်ခဲ့ရတော့ ဒီမိုကရေစီပျောက်ဆုံးသွားပြီဆိုပြီး ငိုချင်းချလိုက်တော့ မြန်မာပြည်မှာ We want Democ-racy ဖြစ်လာတယ်။ အနီရောင်ဒီမိုကရေစီကို ခေါင်းမှာပတ်ပြီး ကတ္တရာလမ်းပေါ်က အဖြူရောင်ဒီမိုကရေစီကို နင်းခြေကြရင်း အရေးတော်ပုံအောင်ရမည်လို့ လမ်းလျှောက်ကြတယ်။ မြန်မာ့ဒီမိုကရေစီသမားတွေက သံရုံးတွေရှေ့ ဆန္ဒဖော်ထုတ်နေကြပြီး Welcome US Army လုပ်နေကြချိန်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကတော့ တရားဝင်နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ စီစဉ်လိုက်ပြီမို့၊ ဒီမိုကရေစီစနစ်နဲ့ အထွေထွေရွေးကောက်ပွဲအတွက် တာထွက်အချက်ပေးခရာမှုတ်လိုက်ပြီမို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အလေးပြုဦးညွှတ်လိုက်ရပါကြောင်းပါခင်ဗျား။ ။

**(၄-၃-၂၀၂၁ နေ့ထုတ် Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ဦးကျော်စိန်(ပညာရေး) ၏ "ဒီမိုကရေစီလမ်းပေါ်လျှောက်ကာ လမ်းပျောက်ခဲ့ခြင်း" ဆောင်းပါးကို Golden Hand ဂျာနယ် အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)**

# ဇလွန်မြို့နယ် ကြေးတိုင်အင်းအတွင်း တိုင်းရင်းငါးမျိုးများစိုက်ထည့်

**နေပြည်တော် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ဟသ်ာတခရိုင် ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်စီစဉ်ကာ မတ် ၃ ရက်က ဇလွန်မြို့နယ် ရေလဲကျေးရွာအတွင်းရှိ ကြေးတိုင်အင်းဖြစ်သော တပုလဲအင်းအတွင်းသို့ အင်းသားကြီးမှ ယခင်နှစ်ထက်ပိုသော ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပနော်၊ ဒေသအခေါ် ဗီလား၊ ငါးရံ့အောက်၊ ငါးရံဒိုင်း၊ ငါးပြေမ စသည့် တိုင်းရင်းငါးပိသသာချိန် သုံးရာကျော်အား ငါးမျိုး ချန်လုပ်စနစ်ဖြင့် ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းဖြင့် နောက်နှစ်ကြေးတိုင်ကာလတွင် ငါးမျိုးများ ပိုမိုတိုးပွားလာပြီး ဒေသတွင်း စားသုံးမှု ဖူလုံ၍ ပိုလျှံသည်များအား နိုင်ငံခြားဈေးကွက်သို့ ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေ ရှာဖွေဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းဇော်ထံမှ သိရသည်။

**သတင်းစဉ်**

# ကိုယ့်လိုဘဝတူ ဆရာ ဆရာမတွေကိုလည်း CDM ကနေပြန်လာပြီးတော့ အလုပ်ပြန်ဝင်ကြစေလိုပါတယ်။ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးတွေရဲ့ ဘဝကို တစ်ထောင့်တစ်နေရာကနေ မြှင့်တင်ပေးဖို့ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်

**ဆရာမ ဒေါ်တင်တင်အိ(အမည်လွှဲ)**

CDM လှုပ်ရှားမှုသည် ရိုးသားအေးချမ်းစွာနေထိုင်နေကြသော ဝန်ထမ်းများ၏ဘဝကို နိုင်ငံရေးအတွက် အသုံးချလိုက်ခြင်းဖြစ်သည်။ နိုင်ငံရေးနှင့် လူမှုဘဝများကို ရှုပ်ထွေးအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်။ မသိနားမလည်သော ဝန်ထမ်းငယ်များ၏ ဘဝကို ရိုက်ချိုးလိုက်ခြင်းဖြစ်သည်။ စိတ်ဓာတ်တက်ကြွနေသော ဝန်ထမ်းများ၏ဘဝကို အမှောင်လောကအတွင်း တွန်းပို့လိုက်ခြင်း ဖြစ်သည်။

သို့သော်လည်း အသိ၊ သတိကြီးစွာဖြင့် CDM တွင် ပါဝင်ခြင်းမပြုဘဲ မိမိတို့၏အလုပ်တွင် အေးချမ်းစွာလုပ်ကိုင်နေကြသော ဝန်ထမ်းအချို့၏ စကားသံများကိုလည်း ဤသို့ ကြားသိရသည်။

**ရဲတပ်ကြပ်ကြီးတစ်ဦး**

ကျွန်တော်ကတော့ တပ်ကြပ်ကြီး ဝင်းနိုင်အောင်(အမည်လွှဲ)ဖြစ်ပါတယ်။ အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှာ တာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ပေးနေကြသူတွေဖြစ်ပါတယ်။ လတ်တလောဖြစ်ပေါ်နေတဲ့ အခြေအနေမှာဆိုလည်း ဥပဒေ၊ စည်းကမ်းများနဲ့အညီ ထိန်းသိမ်းဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံး အေးအေးချမ်းချမ်းနဲ့ နေထိုင်စေလိုတဲ့ ဆန္ဒဟာ ကျွန်တော်တို့အားလုံးရဲ့ ဆန္ဒအမှန်ဖြစ်ပါတယ်။ ဒါကြောင့်လည်း CDM မှာ ပါဝင်ခြင်းမပြုဘဲ ကျရာနေရာ၊ ကျရာတာဝန်ကို အလေးအနက်ခံယူပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ မိမိကျရာတာဝန်ထမ်းဆောင်နိုင်ခြင်းဖြင့် ပြည်သူများရဲ့အသက်အိုးအိမ်လုံခြုံမှုအတွက် ပြည်သူနဲ့အတူ တစ်သားထဲဖြစ်အောင် CDM မှာ ပါဝင်ခြင်းမပြုဘဲ တာဝန်ကို ထမ်းရွက်နေခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့အပေါ် ပြည်သူများ ယုံကြည်မှုဖြစ်တည်လာအောင်လည်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း CDM မှာ မပါဝင်အောင် ကြိုးစားနေသလို အခြားရဲတပ်ဖွဲ့ဝင်တွေကိုလည်း CDM မလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ CDM ဟာ နိုင်ငံရေးနဲ့ ဝန်ထမ်းတွေရဲ့ဘဝကို ရှုပ်ထွေးအောင်၊ အခက်အခဲဖြစ်အောင် လုပ်ဆောင်နေတယ်လို့ ထင်မြင်မိပါတယ်။ ဒီအတွက် မိမိတို့ရဲ့ ဝန်ထမ်းဘဝကို တန်ဖိုးထားကြစေလိုပါတယ်။ CDM မှာပါဝင်ခြင်းမပြုဘဲ အေးချမ်းစွာ မိမိအလုပ်ကို လုပ်ကိုင်ဆောင်ရွက်မှုကသာ ကောင်းသောအလုပ်၊ ကောင်းသောဆောင်ရွက်ချက်ဖြစ်တယ်လို့ ရှုမြင်မိပါတယ်။

**တရားရေးဝန်ထမ်းတစ်ဦး**

ကျွန်မက တရားရေးဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ဒုတိယမြို့နယ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒေါ်သူဇာအောင် (အမည်လွှဲ)ဖြစ်ပါတယ်။ ယခုလောလောဆယ်မှာတော့ ရှမ်းပြည်နယ်ဘက်မှာ တာဝန်ကျနေပါတယ်။ အရင်ကတော့ ရန်ကုန်ကပါ။ ရန်ကုန်ကနေပြောင်းသွားတာမကြာသေးပါဘူး။ ဝန်ထမ်းလုပ်သက်ကတော့ အနှစ် ၂၀ ကျော်သွားပါပြီ။ ဝန်ထမ်းက ဝန်ထမ်းလိုနေတာပဲ ကောင်းပါတယ်။ နိုင်ငံရေးနဲ့ အလုပ်တာဝန်ကို ရောထွေးနေတာလည်း မကြိုက်ပါဘူး။ အလုပ်ဆိုတာ မိမိတို့ရဲ့ အသက်မွေးမှုအတွက်ဖြစ်ပါတယ်။ ဒီအလုပ်က လွယ်လွယ်ကူကူရခဲ့တဲ့အလုပ်လည်း မဟုတ်ပါဘူး။ တရားရေးဝန်ထမ်းဖြစ်အောင်ဆိုရင် သက်ဆိုင်ရာဥပဒေတွေ့ရရတယ်။ ဥပဒေဆိုင်ရာပညာရပ်တွေ နှံ့စပ်ကျွမ်းကျင်အောင် လေ့လာဆည်းပူးရတယ်။ ကျွန်မတို့ ဒီအဆင့်ကိုရောက်အောင် အများကြီးကို ကြိုးစားရုန်းကန်ခဲ့ရပါတယ်။ ယခုအလုပ်ကို လွယ်လွယ်နဲ့ရခဲ့တာမဟုတ်တဲ့အတွက် CDM လုပ်လို့ အလုပ်လက်မဲ့ဖြစ်သွားရင် ကိုယ်သာ ထိခိုက်နစ်နာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ CDM လုပ်တာကို လက်မခံပါဘူး။ အခြားသော CDM လုပ်နေတဲ့ ကိုယ့်လိုတရားရေးဝန်ထမ်းတွေကိုလည်း အချိန်မီ အလုပ်ပြန်ဝင်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီခေတ်မှာ တရားရေးဝန်ထမ်းမပြောနဲ့ သာမန်ဝန်ထမ်းတောင် အလုပ်ရဖို့ခက်ခဲပါတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးချမ်းချမ်းနေတာ ကောင်းပါတယ်။ ကျွန်မမှာ သမီးနှစ်ယောက်ရှိတယ်။ မိအိုဖအိုတွေကို လုပ်ကိုင်ကျွေးမွေးနေတာပါ။ ဒီဝန်ထမ်းအလုပ်ကလွဲပြီး အခြားအလုပ်လည်းမရှိပါဘူး။ CDM လုပ်လို့ တစ်ခုခုဖြစ်သွားရင် ခက်ပါတယ်။ ဘဝနဲ့ရင်းပြီး ပေးဆပ်ရမှာပါ။ ဒါကြောင့်မို့ အလုပ်ကိုအလုပ်လို့မြင်ပြီး လုပ်ကိုင်ဆောင်ရွက်ခြင်းကသာ မှန်ကန်တဲ့ရွေးချယ်မှုလို့ ယုံကြည်မိပါတယ်။

**ကျောင်းဆရာမတစ်ဦး**

"ကျွန်မနာမည်က ဒေါ်တင်တင်အိ (အမည်လွှဲ)ဖြစ်ပါတယ်။ အလယ်တန်းပြဆရာမတစ်ဦးပါ။ ရခိုင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်ပါတယ်။ လုပ်သက်ကတော့ ၁၅ နှစ်ရှိပါပြီ။ အခုလောလောဆယ်မှာတော့ ကျောင်းတွေပြန်ဖွင့်ဖို့ ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။ အချို့ဆရာ ဆရာမတွေ CDM မှာ ပါဝင်နေကြတာလည်း ကြားသိရပါတယ်။ ကျွန်မကတော့ CDM မလုပ်ဖို့ အစကတည်းက ဆုံးဖြတ်ပြီးသားပါ။ ခုအသက်လေးကလည်းရလာတော့ ကိုယ့်လုပ်သက်လေးနမြောတာပေါ့။ တစ်ခုခုဖြစ်သွားရင် ဘယ်သူမှ အာမခံနိုင်မှာမဟုတ်ဘူး။ ဝန်ထမ်းက ဝန်ထမ်းလိုနေတာ ကောင်းပါတယ်။ ကျွန်မမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိပါတယ်။ သူတို့လေးတွေ လူလားမြောက်အောင် စောင့်ရှောက်ပေးရမယ့်မိခင်ဖြစ်တဲ့ ကျွန်မမှာ တာဝန်ရှိပါတယ်။ ဒီကျောင်းဆရာမ အလုပ်လေးနဲ့ပဲ ဘဝရပ်တည်နေကြရတာပါ။ CDM လုပ်လို့ အလုပ်ထိခိုက်သွားမှာ အရမ်းစိုးရိမ်မိပါတယ်။ ကိုယ့်အလုပ်ကို ကိုယ်ကသစ္စာရှိရမှာပါ။ CDM လုပ်လို့ ကျွန်မတို့ မိသားစုတစ်ခုပဲ ထိခိုက်တာမဟုတ်ပါဘူး။ ကျွန်မတို့အထက်က လူကြီးတွေလည်း မျက်နှာပျက်ရတယ်။ အဆိုးဆုံးက ကျွန်မတို့ဒေသမှာ ကျွန်မတို့လို ကျွမ်းကျင်တဲ့ဆရာ ဆရာမ အစားထိုးခန့်ဖို့ခက်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဘာသာစကားအခက်အခဲကြောင့်ပါ။ ဗမာဘာသာစကားသာမက တိုင်းရင်းသားဘာသာစကားဖြစ်တဲ့ ရခိုင်ဘာသာစကားကိုလည်း တတ်ရတယ်။ အခြားဘာသာစကားလည်း အနည်းနဲ့အများတတ်ရတယ်။ ဒါမှ သင်ကြားရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့်မို့ ကျွန်မအနေနဲ့ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုး၊ ကလေးငယ်တွေရဲ့ဘဝ၊ ပြီးတော့ ကိုယ့်ဘဝ ဒီအခြေအနေတွေကိုကြည့်ပြီး CDM မလုပ်ဖို့ ဆုံးဖြတ်ရခြင်းဖြစ်ပါတယ်။ ပြီးတော့ CDM လုပ်နေတဲ့ ကိုယ့်လိုဘဝတူ ဆရာ ဆရာမတွေကိုလည်း CDM ကနေပြန်လာပြီးတော့ အလုပ်ပြန်ဝင်ကြစေလိုပါတယ်။ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးတွေရဲ့ဘဝကို တစ်ထောင့်တစ်နေရာကနေ မြှင့်တင်ပေးဖို့ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

မှန်ပါသည်။ အနာကုလာ စ ကမ္မန္တာ- မရှုပ်မပွေသော အလုပ်ရှိခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဗုဒ္ဓရှင်တော်ဘုရားကိုယ်တော်တိုင် ၃၈ ဖြာ မင်္ဂလာတရားတော်၌ ဟောကြားတော်မူခဲ့ပါသည်။ လူတိုင်းလူတိုင်းသည် မရှုပ်မပွေသော လုပ်ကိုင်ဆောင်ရွက်ခြင်း၊ လုပ်ကိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ တစ်နည်းအားဖြင့် မင်္ဂလာဖြစ်ပါသည်။ CDM မှာပါဝင်ခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းတို့သည် ဝန်ထမ်းများ၏ အလုပ်တာဝန်နှင့် နိုင်ငံရေးအခြေအနေတို့နှင့် ရောထွေးနေခြင်းကြောင့် မရှုပ်မပွေသောအလုပ်ရှိခြင်းလို့ မဆိုနိုင်ပါ။

သို့ပါ၍ ဝန်ထမ်းများအနေဖြင့် CDM လုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ဘဝကို အေးချမ်းစွာ နေထိုင်ကြရေးအတွက် မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကြခြင်းသည် အကောင်းဆုံးသော ရွေးချယ်စရာနည်းလမ်းကောင်းတစ်ခုပင် ဖြစ်ပါသည်။

**နေခြည်ဦး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များတွင် ဆူပူအော်ဟစ်ဆန္ဒပြခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရ

**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များတွင် ဆူပူအော်ဟစ်ဆန္ဒပြခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တစ်ဦးတစ်ယောက်၊ တစ်ပါတီအဖွဲ့အစည်းအပေါ် သစ္စာခံကာ အမှန်တရားကို မျက်ကွယ်ပြုပြီး နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရေးကို မြေပေါ်/ မြေအောက်အဖွဲ့အစည်းပေါင်းစုံက ငွေကြေးအမြောက်အမြားအကုန်အကျခံကာ နေရာအနှံ့အပြားတွင် (ကွန်ရက်) သဖွယ် လှုံ့ဆော်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။



နိုင်ငံတော်အတွင်း ယနေ့တွင် လူစုလူဝေးဖြင့် ဆန္ဒပြဖြစ်စဉ်များ၊ လူသွားလမ်းများအား အတားအဆီးများဖြင့် ပိတ်ဆို့မှုဖြစ်စဉ်များ၊ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များ၊ အသံမြည်ဗုံး၊ မျက်ရည်ယိုဗုံးများ အသုံးပြု၍ ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၁ ခုနှစ်၊ မတ်လ ၆ ရက်တွင် အချို့မြို့နယ်များ၌ ဆူပူအော်ဟစ်ဆန္ဒပြခဲ့သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာသုံးသပ်ရာတွင် ဆူပူအုံကြွမှုနည်းပါးသော ဒေသများရှိ လူငယ်များကို နောက်ကွယ်ရှိ တိမ်းရှောင်ပုန်းခိုနေသူများက ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကောလာဟလနည်းမျိုးစုံဖြင့် မခံမရပ်နိုင်အောင် နှိုးဆွခြင်း၊ လူငယ်ထု၏ စိတ်ခံစားမှုကို တက်ကြွလာအောင် ငွေကြေးထောက်ပံ့မှုများအပါအဝင် နည်းမျိုးစုံအသုံးပြုခြင်းများကို မပြတ်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် ပြည်သူလူထုအနေဖြင့် မိမိတို့၏ သားသမီးများ၏ အနာဂတ်ဘဝများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်သင့်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**










# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှလည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့



## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ပွင့်ဖြူမြို့နယ်၌**

"ကျွန်တော်တို့ မြို့နယ်ဟာ ဆန်စပါးကို အဓိကထားပြီးတော့ စိုက်ပျိုးကြတာဖြစ်ပါတယ်။ ယခုဆိုရင် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိကျေးရွာတွေမှာရှိတဲ့ဒေသခံတောင်သူတွေဟာ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေတွေကို ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်နေကြပြီဖြစ်ပါတယ်။ ကျွဲ၊ နွား ရှိတဲ့သူက ကျွဲ၊ နွားနဲ့ ထွန်ယက်ပြုပြင်ကြသလို လယ်ထွန်စက်ရှိတဲ့သူတွေကလည်း လယ်ထွန်စက်တွေနဲ့ ထွန်ယက်ပြုပြင်နေကြပါတယ်။ တချို့တောင်သူတွေက လယ်ထွန်စက်တွေကို ငှားရမ်းပြီး ထွန်ယက်ပြုပြင်ကြပါတယ်။ ဒါ့ပြင် ကျွန်တော်တို့ တောင်သူတွေ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်အောင်လည်း ပျိုးထောင်ရေအတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်ကစပြီး မဲဇလီရေလွှဲဆည်မှ ဆည်ရေ ပေးဝေထားပါတယ်။ ကျွန်တော်တို့ဒေသမှာ အများဆုံးစိုက်ပျိုးတဲ့ စပါးမျိုးတွေကတော့ ဧရာမင်း၊ မနောသုခ၊ ဆင်းသုခနဲ့ ပေါ်ဆန်းရင် စပါးမျိုးတွေကို အများဆုံး စိုက်ပျိုးကြတာဖြစ်ပြီး ယခုလဆန်းပိုင်းမှာ စတင်စိုက်ပျိုးကြတော့မှာဖြစ်ပါတယ်။ စပါးဈေးနှုန်းကလည်း ရောင်းချရာမှာ ဈေးကောင်းရရှိခဲ့လို့ ကျွန်တော်တို့ စပါးစိုက်ပျိုးတောင်သူတွေ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိပြီး အဆင်ပြေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

အမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# ထာဝရလန်းဆန်း သုံးခိုင်ပန်း

အောင်ဇေယျ

လူတစ်ဦးချင်းစီ၏ ဆွေမျိုးစဉ်ဆက်မှာပင် ကြက်မှာအရိုး၊ လူမှာအမျိုးဟု မျိုးရိုးစဉ်ဆက် သန့်စင်မှုကို အလေးအနက်ထားကာ ပြောလေ့ရှိ၏။ တိုင်းရင်းသားတစ်နွယ်စုချင်း ပေါင်းစုထားသည့် မြန်မာတို့၏အစဉ်အဆက်သည်လည်း သွေးသန့်မျိုးစစ်ဖို့ လိုပါသည်။ ရှေးမြန်မာကြီးများ စောင့်ထိန်းလာခဲ့သော အမျိုးဂုဏ်ကို မိမိတို့ လက်ထက်တွင် မညစ်နွမ်းစေသင့်ချေ။

### မျိုးရိုးဂုဏ်စောင့်ထိန်းမှု

တစ်ချိန်က စာရေးသူလက်အောက်ရှိ အရာရှိငယ်တစ်ဦးအတွက် မိန်းမတောင်းရမ်းပေးခဲ့ဖူးသည်။ ထိုအရာရှိမိဘ မလာရောက်နိုင်သောကြောင့် တပ်ထုံးစံအတိုင်း သူ့တပ်မှူးဖြစ်သော စာရေးသူက အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ပေးရခြင်းပင်။ သတို့သမီးလောင်း၏ဖခင်မှာ နိုင်ငံကျော် ဆရာတော်ကြီးတစ်ပါး၏ သာသနာ့အကျိုးတော်ဆောင်ဖြစ်၍ စေ့စပ်ပွဲတွင် ထိုပုဂ္ဂိုလ်ကြီး ပြောကြားခဲ့သော စကားတစ်ခွန်းကို ယနေ့ထက်တိုင် နားဝယ်စွဲနေပါသည်။ သူက သားရေးသမီးရေးတွင် လူမျိုးတူရမည်၊ ဘာသာတူရမည် ဟူသော အခြေခံအချက်နှစ်ချက်တူညီက ယေဘုယျအားဖြင့် ငြင်းရန်မရှိပါကြောင်း ပြောခဲ့သည်။ မျိုးရိုးဂုဏ်စောင့်ထိန်းမှု ပညတ်ချက်တစ်ခုဟု သဘောပေါက်လိုက်ပါသည်။

လူတစ်မျိုးနှင့်တစ်မျိုး ရောနှောခြင်း (ဝါ) သွေးရောခြင်းနှစ်မျိုးရှိသည့်အနက် မိမိဘက်က ဆုံးရှုံးရသည့်နည်းမှာ မြန်မာအမျိုးသမီးက နိုင်ငံခြားသားကို လက်သင့်ခံခြင်း၊ ယူခြင်းဖြစ်၏။ ထို့ကြောင့်အမျိုးပျက်မည့်အရေးတွင် အမျိုးသမီးများသည် အဓိကအခန်းမှ ပါနေကြောင်း၊ အမျိုးသမီးများ၏ ထိန်းသိမ်းစောင့်စည်းမှုသည် အရေးကြီးကြောင်း၊ ဥပဒေစည်းကမ်းများ ပညတ်ခဲ့ကြောင်းကို နီတိပဒ္ဓရီကျမ်းတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ဤသို့ရေးထားပါသည်။

"ဒုန္နရိယာ ကုလာ သုဒ္ဓံ။
ပုတ္တော နာသတိ လာလနာ။
သမိဒ္ဓိ အနယာ ဗန္ဓူ။
ပဝါသာ မဒ္ဒနာ ဟိရီ။

အနက်ကား ဒုန္နရိယာ – ယုတ်ညံ့ဆိုးဝါးသော မိန်းမကြောင့်၊ သုဒ္ဓံ – မြင့်မြတ်စင်ကြယ်သော၊ ကုလံ –အမျိုးသည်၊ နဿတိ –ပျက်စီးရလေ၏။ လာလနာ –မြှောက်စားစိတ်ကြိုက် အလိုလိုက်ခြင်းကြောင့်၊ ပုတ္တော –သားသည်၊ နဿတိ –ပျက်စီးရလေ၏။ အနာယာ –နည်းလမ်းမဟုတ် ထင်ရာလုပ်ခြင်းကြောင့်၊ သမိဒ္ဓိ –ကြွယ်ဝချမ်းသာခြင်းသည်၊ နဿတိ –ပျက်စီးရလေ၏။ ပဝါသာ –နှစ်ပေါင်းရှည်ကြာသွေ့ခွာကွေကွင်း၍ နေခြင်းကြောင့်၊ ဗန္ဓူ– အဆွေခင်ပွန်းသည်၊ နဿတိ –ပျက်စီးရလေ၏။ မဒ္ဒန – ပျော်ပျော်ပါးပါး သောက်စားမူးယစ်ခြင်းကြောင့်၊ ဟိရီ –အရှက်အကြောက်သည်၊ နဿတိ– ပျက်စီးရလေ၏။

ဦးမောင်ကြီးက ဆက်ရေးပါသည်။

"မိန်းမကြောင့် အမျိုးပျက်စီးသည်ဟူသော ပထမအချက်၌ တစ်မျိုးနှင့်တစ်မျိုးရောနှောခြင်း ဖြစ်ဖို့ရန် လမ်းကြီးသည်ကား မိန်းမတို့သာလျှင် ဖြစ်ပါသည်။ မိန်းမမှတစ်ပါး အခြားအကြောင်းမရှိ။ အမျိုးရောနှောခြင်း၏လမ်းဝမှာ မိန်းမတို့သာဖြစ်၍ ထိုမိန်းမများသည် အမျိုးတစ်ပါးတို့၏ ဝင်ထွက်ရာ တံခါးသဖွယ်ဖြစ်လေသည်။ ထိုမိန်းမတည်းဟူသော တံခါးများကို လုံခြုံစွာ ပိတ်ဆို့ထားနိုင်ကြပါလျှင် အမျိုးချင်း ရောနှောဆက်ဆံနိုင်ဖွယ်ရာအကြောင်း မရှိချေ။ ထိုအမျိုးမစောင့်သော မိန်းမတစ်မျက်နှာ အတွက်နှင့် စိုးရိမ်ဖွယ်ရာမရှိ။ အမျိုးမစောင့်သော မိန်းမက ဆက်သွယ်ပေါက်ဖွားသော ကလေးများမှာ တစ်စဉ်လုံးရေလိုက်မျော၍ တိမ်ကောဆုံးရှုံးသွားမည့် အရေးကို အရှည်ကြီးမြော်တွေး၍ စိုးရိမ်ဖွယ်ရာကြီး ဖြစ်ပါလေသည်။"

### လူမျိုးရေး ဩဇာခံ

ထို့အပြင် မိမိအမျိုးက ဆုံးရှုံးနစ်နာစေသော နည်းဖြင့် သွေးရောမိသောကြောင့် သူ့ဘက်ပါသွားရပြီး လူမျိုးရေး ဩဇာခံဖြစ်သွားရသောအချက်နှင့် ပတ်သက်၍လည်း နီတိမဉ္ဇရီကျမ်းတွင် ဦးမောင်ကြီးက ဤသို့ဆိုထားပြန်ပါသည်။

"အမျိုးတစ်ပါးတို့သည် မိမိတို့ကိုယ်နှင့် ရင်းနှီးပြီးလျှင် မြန်မာအမျိုးသမီးတို့နှင့် ရောနှောပေါက်ဖွားဖြစ်ထွန်းလာသော သားသမီးများကို အမြတ်အစွန်းသဖွယ်ပြုလုပ်ပြီးလျှင် မိမိတို့အမျိုးဘက်သို့ပါအောင် ဆောင်ကြဉ်းကြကုန်လေ၏။ ထိုသို့ဖြစ်ရာ မည်သို့နစ်နာပါသနည်းဆိုလျှင် မြန်မာအမျိုးသမီးဘက်က အမိတည်းဟူသောအရင်းကို စိုက်ထားရလျက်နှင့် အမြတ်အစွန်းထွက်ပေါ်လာသောအခါ မြန်မာဘက်မှာ အကျိုးမခံစားရဘဲ အဖတည်းဟူသော အမျိုးဘက်သို့ လိုက်ပါကြလေသောကြောင့်လည်းကောင်း၊ အရင်းစိုက်ထုတ်ရသောအကျိုးမရှိဘဲ အရှုံးအဖတ်တင်ခံရသောကြောင့်လည်းကောင်း နစ်နာသည်ဟု ဆိုရလေသည်။ အချို့အမျိုးသမီးတို့သည် မိမိတို့ကိုယ်တိုင် မြန်မာဇာတ်နှင့် ကိုးကွယ်သောဘာသာကို စွန့်ပစ်တတ်ကြပြန်၏။ ထိုသို့ဖြစ်ရာ အရင်း၊ အမြတ်နှစ်မျိုး စလုံးပင် ဆုံးရှုံးရပြန်ပါသည်။"

ဤနေရာတွင် တစ်ချိန်က ဘာသာခြားအချို့၏ မြန်မာအမျိုးသမီးများကို ရအောင်ယူနိုင်လျှင် အမျိုးသမီး၏ အဆင့်အတန်းကိုလိုက်၍ ငွေကြေး အကျိုးခံစားခွင့်ပေးသော မျိုးဖျက်မှုကို အမှတ်ရမိပါ၏။ စနစ်တကျအကွက်ချ၍ အမျိုးဘာသာဖျက်ခြင်း ဖြစ်သော်လည်း အမျိုးသားရေး ကိုယ်ခံအားကောင်းသောခေတ်ဖြစ်သောကြောင့် မထိရောက်ခဲ့ပေ။

ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားအယူအဆနှင့် ကမ္ဘာလုံးဆိုင်ရာ အစိုးရအယူအဆတို့အရ မည်မျှပင် ကမ္ဘာ့လူသားအားလုံးသည် တန်းတူညီတူဖြစ်ကြသည်ဟု ကြွေးကြော်နေသော်ငြားလည်း ဗြိတိန်၊ အမေရိကန်ကဲ့သို့သော ဒီမိုကရေစီဘိုးအေနိုင်ငံများ၌ပင် ထီးနန်းမျိုးရိုးဆက်ခံမှု၊ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် ပါဝင်မှုနှင့် ပတ်သက်လာလျှင် တန်းတူညီတူ မရှိချေ။ အစ္စလာမ်ဘာသာကိုးကွယ်သော နိုင်ငံများတွင်လည်း ဘာသာခြားလူမျိုးခြားများကို တန်းတူညီတူ အခွင့်အရေး လုံးဝမပေးချေ။

### မျိုးရိုးတိမ်ကော

လူမျိုးတူချင်းပင် အိမ်ထောင်အပြုမှားက ပြုပြင်ရန် ခဲယဉ်းကြောင်း အဆိုရှိသည်။ လူမျိုးခြားနှင့်ဆိုပါမူ ပိုဆိုးသည်။ မျိုးရိုးတိမ်ကောနိုင်သည်။ သို့ဖြစ်ရကား အမျိုးသမီးများ အမျိုးဂုဏ်မစောင့်ထိန်းလျှင် ပြုပြင်ရန်ခဲယဉ်းလှကြောင်း၊ လူမျိုးပါ ပျောက်နိုင်ကြောင်းကို "ဥစ္စာပျောက်လျှင် နောက်တစ်ဖန် ထူထောင်၍ အစားပြန်ရနိုင်ပါသည်။ အနာရောဂါ စွဲကပ်လျှင် ဆေးဝါးတို့ဖြင့် ကုသပျောက်ကင်းစေနိုင်ပါသည်။ အမျိုးပျက်စီး၍ တိမ်ကောလျှင် ပြုပြင်၍ ရနိုင်တော့မည် မဟုတ်ချေ။ အမျိုးဆိုသည်မှာ ပဋိသန္ဓေကို စ၍ပြုပြင်ထူထောင်အပ်သောအရာဖြစ်၍ ပဋိသန္ဓေမှတစ်ပါး တစ်စုံတစ်ရာကိုမျှ ပြုပြင်ပြောင်းလဲ၍ ရနိုင်သောအရာမဟုတ်ချေ။ သို့ဖြစ်၍ အမျိုးသမီးများသည် စောင့်စည်းလုံခြုံစွာနှင့် ကျစ်ကျစ်လျစ်လျစ်နေထိုင်ကြပြီးလျှင် မိမိတို့အမျိုးထဲသို့ လူမျိုးခြားများ ဝင်ရောက်ရောနှောခွင့်ကို မရအောင် သတိစွဲမြဲသင့်ကြလေသတည်း" ဟု နီတိမဉ္ဇရီကျမ်းက ဆိုထားခြင်း ဖြစ်သည်။

လူမျိုးခြားနှင့် သွေးမရောဘဲ အမျိုးဂုဏ်စောင့်ထိန်းရေးသည် အမျိုးသမီးများတွင် အဓိကတာဝန်ရှိသည်ဆိုသော်လည်း အမျိုးသားများကလည်း နမူနာရင်းသဖွယ် စောင့်ရှောက်ခြင်း၊ လမ်းမှန်ညွှန်ပြခြင်းစသည်ဖြင့် တာဝန်ရှိကြောင်းကို အဆိုပါကျမ်း၌ "ကျွန်ုပ်တို့ မြန်မာအမျိုးသားလူကြီး လူကောင်းတို့က အမျိုးသမီးကလေးတွေအပေါ်မှာ ကြင်နာသောစိတ်ဖြင့် စည်းစိမ်ဥစ္စာကို မမြင်ဘဲ အမျိုးကို ချစ်ခင်ကြစေရန် တတ်စွမ်းသမျှ လမ်းညွှန်ပြသင့်ပေသည်" ဟု တွေ့ရပါသည်။

၁၉၁၇ ခုနှစ်က ပျဉ်းမနားမြို့တွင် ကျင်းပသော မြန်မာအသင်းချုပ်ကြီး (GCBA) ၏ နှစ်ပတ်လည် အစည်းအဝေးဆုံးဖြတ်ချက်တွင် "မြန်မာအမျိုးသမီးတို့သည် လူမျိုးခြားတို့နှင့် အိမ်ထောင်ဖက်ပြုလုပ် ပေါင်းသင်းနေထိုင်ကြသော အလေ့များတည်မြဲနေပါက မြန်မာလူမျိုးများ တစ်နေ့တခြား နစ်နာဆုတ်ယုတ် တရားမဝင်သော မယားများဖြစ်ပြီးလျှင် အမျိုးဘာသာပျက်ပြားရန် အကြောင်းရှိသဖြင့် အကျိုးအကြောင်းစာတမ်းများကို ထုတ်ဝေစေ၍ ၎င်းအလေ့အကျင့်များ ပျောက်ကွယ်စေရေးအတွက် အားထုတ်ကြရန်" ဟု တွေ့ရှိရသည်။

### အမျိုးသားရေး ကိုယ်ခံအားကောင်းစေချင်

ယနေ့ခေတ်မှာတော့ မြန်မာအမျိုးသမီးအချို့သည် ဆင်းရဲနွမ်းပါးခြင်း၊ အလုပ်အကိုင်မဲ့ခြင်းတို့ကြောင့် ယုံလွယ်လာကြပြီး လူကုန်ကူးသူတို့၏ သားကောင်ဖြစ်လာကြသည်။ မိန်းမချင်း ကိုယ်ချင်းမစာနာသူတွေက မသိနားမလည်သော မိန်းကလေးများကို သွေးဆောင်ဖြားယောင်းကြသည်။ အရေးယူခြင်းဖြင့် လူကုန်ကူးမှုကို အတိုင်းအတာတစ်ခုအထိ တားဆီးနိုင်သော်လည်း တစ်ဦးချင်းဝင်ငွေနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးခြင်းက ပိုမိုထိရောက်လိမ့်မည်ဟု ထင်သည်။ လူနေမှုဘဝပြည့်စုံပြီး အမျိုးသမီးများအဖို့ အမျိုးသားရေးကိုယ်ခံအား ကောင်းစေချင်သည်။

"အမျိုး၊ ဘာသာ၊ သာသနာ" မှာ မြန်မာလူမျိုးများက အလေးအမြတ်ထားကာ ဦးထိပ်ပန်ဆင်ရမည့် 'သုံးခိုင်ပန်း' ဖြစ်သည်။ မြန်မာတို့သည် လူမျိုးခြားတို့နှင့် သွေးနှော၍ အမျိုးပျက်မခံနိုင်သကဲ့သို့ ဘာသာစာပေနှင့် ဗုဒ္ဓသာသနာကိုလည်း ကွယ်ပျောက်မခံနိုင်ပေ။

"အမျိုး" ဟူသော ပန်းတစ်ပွင့်သာ ညှိုးနွမ်းပျက်စီးပါက ကျန်နှစ်ပွင့်ဖြစ်သော "ဘာသာ" နှင့် "သာသနာ" သည် လွယ်လင့်တကူ ကြွေလွင့်ပေလိမ့်မည်။ ထို့ကြောင့် တစ်မျိုးသားလုံးက အမျိုးဂုဏ်ကို ညီညာဖြဖြ စောင့်ထိန်းကြပါမှ သုံးခိုင်ပန်းသည် မြန်မာ့ဦးစွန်းဝယ် ထာဝရလန်းဆန်းဝင့်ထည်နေပေလိမ့်မည်။ ။

**❖ "အမျိုး၊ ဘာသာ၊ သာသနာ" မှာ မြန်မာလူမျိုးများက အလေးအမြတ်ထားကာ ဦးထိပ်ပန်ဆင်ရမည့် 'သုံးခိုင်ပန်း' ဖြစ်သည်။ မြန်မာတို့သည် လူမျိုးခြားတို့နှင့် သွေးနှော၍ အမျိုးပျက်မခံနိုင်သကဲ့သို့ ဘာသာစာပေနှင့် ဗုဒ္ဓသာသနာကိုလည်း ကွယ်ပျောက်မခံနိုင်ပေ။**

**❖ "အမျိုး" ဟူသော ပန်းတစ်ပွင့်သာ ညှိုးနွမ်းပျက်စီးပါက ကျန်နှစ်ပွင့်ဖြစ်သော "ဘာသာ" နှင့် "သာသနာ" သည် လွယ်လင့်တကူ ကြွေလွင့်ပေလိမ့်မည်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၆ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် မဲရုံပေါင်း ၂၉၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၈၆၅၂၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၄၃၅၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၂၁၆၆၊ မြေပြင်လက်ကျန် ၇၀၅၁၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/အလိုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၇၆၉၀၀ | ၂၀၁၈၁၈ | ၇၅၀၈၂ | ၆၃၄၂၇ | ၁၂၆၁၂ | ၉၅၇ |
| ၂ | မြို့နယ်ကြိုတင်မဲ လက်မှတ် | ၂၅၄၀ | ၂၅၄၀ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန်မဲ လက်မှတ် | ၇၀၈၄ | - | ၇၀၈၄ | ၇၀၈၄ | - | - |
| | စုစုပေါင်း | ၂၈၆၅၂၄ | ၂၀၄၃၅၈ | ၈၂၁၆၆ | ၇၀၅၁၁ | ၁၂၆၁၂ | ၉၅၇ |

ကျေးရွာအုပ်စု ၈ အုပ်စုရှိ မဲရုံ ၂၄ ရုံတို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော မဲလက်မှတ်အရေအတွက်ထက် အသုံးပြုအရေအတွက်မှာ ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမဲရုံများတွင် မဲလက်မှတ်အပိုသုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### မိတ္ထီလာမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက် ဆန္ဒမဲလက်မှတ်အသုံးပြုမှုအပိုစာရင်း

| စဉ် | ရပ်ကွက်/အုပ်စုအမည် | ထုတ်ပေးရွက်ရေ | အသုံးပြုရွက်ရေ | အပိုရွက်ရေ |
|---|---|---|---|---|
| ၁ | ဂဠုံကုန်းကျေးရွာ | ၁၇၀၀ | ၁၇၀၃ | ၃ |
| ၂ | လျှော်ဖြူကန်ကျေးရွာ | ၁၉၅၀ | ၁၉၅၁ | ၁ |
| ၃ | ပေါက်ချောင်းကျေးရွာ | ၅၁၅၀ | ၅၁၉၅ | ၄၅ |
| ၄ | ညောင်ပင်လျှိုကျေးရွာ | ၃၈၀၀ | ၃၉၉၆ | ၁၉၆ |
| ၅ | သီးကုန်းကျေးရွာ | ၁၄၅၀ | ၁၄၅၄ | ၄ |
| ၆ | ကျောက်ဖူးကျေးရွာ | ၂၀၀၀ | ၂၀၀၄ | ၄ |
| ၇ | ရှမ်းမငယ်ကျေးရွာ | ၂၅၀၀ | ၃၂၀၀ | ၇၀၀ |
| ၈ | မယ်ဇလီကုန်းကျေးရွာ | ၁၃၅၀ | ၁၃၅၄ | ၄ |
| | စုစုပေါင်း | ၁၉၉၀၀ | ၂၀၈၅၇ | ၉၅၇ |

ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံ ၂၁၉ ရုံတို့တွင် အသုံးပြုရန် ထုတ်ပေးထားသော မဲလက်မှတ်များအနက် ပျောက်ဆုံးမဲလက်မှတ်များရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မဲရုံများတွင် မဲလက်မှတ်ပျောက်ဆုံးမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### မိတ္ထီလာမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက်ဆန္ဒမဲလက်မှတ် ပျောက်ဆုံးမှုစာရင်း

| စဉ် | ရပ်ကွက်/အုပ်စုအမည် | ထုတ်ပေးရွက်ရေ | အသုံးပြုရွက်ရေ | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|
| ၁ | သီရိမင်္ဂလာ | ၄၂၅၀ | ၃၈၀၀ | ၄၅၀ |
| ၂ | ဝန်ဇင်း | ၉၇၅၀ | ၉၇၁၅ | ၃၅ |
| ၃ | ရန်မျိုးအောင် | ၁၂၆၀၀ | ၁၀၅၉၅ | ၂၀၀၅ |
| ၄ | ပြည်သာယာ(တ) | ၄၁၅၀ | ၄၁၄၈ | ၂ |
| ၅ | ပြည်သာယာ(မ) | ၄၇၀၀ | ၄၅၉၈ | ၁၀၂ |
| ၆ | ချည်စက် | ၂၉၀၀ | ၂၆၀၀ | ၃၀၀ |
| ၇ | အောင်ဇေယျာ | ၉၇၅၀ | ၈၆၉၇ | ၁၀၅၃ |
| ၈ | ကျောက်ဖြူကုန်း | ၄၈၅၀ | ၄၇၀၀ | ၁၅၀ |
| ၉ | ညောင်စောက် | ၄၀၅၀ | ၃၈၅၁ | ၁၉၉ |
| ၁၀ | ညောင်ကိုင်း | ၁၂၅၀ | ၁၂၄၉ | ၁ |
| ၁၁ | ထမုန်ကန် | ၆၀၀၀ | ၅၉၅၇ | ၄၃ |
| ၁၂ | ခင်လူး | ၂၆၅၀ | ၂၆၄၈ | ၂ |
| ၁၃ | ကန်ကြီး | ၂၀၅၀ | ၁၇၄၄ | ၃၀၆ |
| ၁၄ | ရှမ်းတဲ | ၃၉၀၀ | ၃၈၉၅ | ၅ |
| ၁၅ | ဇောင်ချမ်းကုန်း | ၅၇၅၀ | ၅၇၀၁ | ၄၉ |
| ၁၆ | ကဖြူ | ၁၄၅၀ | ၁၄၀၀ | ၅၀ |
| ၁၇ | ကန်သာ | ၇၁၅၀ | ၆၅၉၆ | ၅၅၄ |
| ၁၈ | ညောင်ကန် | ၃၁၀၀ | ၃၀၄၈ | ၅၂ |
| ၁၉ | ကျောင်းရွာ | ၃၇၀၀ | ၃၄၉၉ | ၂၀၁ |
| ၂၀ | မကြီးစု | ၂၅၅၀ | ၂၅၄၄ | ၆ |
| ၂၁ | ဆည်ကုန်း | ၃၀၀၀ | ၂၉၄၉ | ၅၁ |
| ၂၂ | ကန်တောင် | ၂၅၅၀ | ၂၀၁၆ | ၅၃၄ |
| ၂၃ | ကုက္ကိုကုန်း | ၂၅၀၀ | ၂၂၇၈ | ၂၂၂ |
| ၂၄ | ဝါးရုံ | ၂၃၅၀ | ၂၃၄၉ | ၁ |
| ၂၅ | ကွက်ငယ် | ၄၁၅၀ | ၃၈၄၅ | ၃၀၅ |
| ၂၆ | မြဲ | ၄၀၀၀ | ၃၆၉၇ | ၃၀၃ |
| ၂၇ | အောင်ဆန်း | ၁၁၂၀၀ | ၉၇၆၉ | ၁၄၃၁ |
| ၂၈ | နန်းတော်ကုန်း | ၉၇၅၀ | ၉၄၉၇ | ၂၅၃ |
| ၂၉ | မြို့မ | ၂၁၅၀ | ၂၁၄၅ | ၅ |
| ၃၀ | ဈေးအရှေ့ပြင် | ၄၄၀၀ | ၃၈၉၉ | ၅၀၁ |
| ၃၁ | ရတနာမာရ်အောင် | ၈၀၀၀ | ၇၉၈၄ | ၁၆ |
| ၃၂ | လိန်တော | ၂၃၀၀ | ၂၁၀၀ | ၂၀၀ |
| ၃၃ | အင်း | ၂၈၅၀ | ၂၈၄၈ | ၂ |
| ၃၄ | ရွှေပန်းတိုင် | ၂၈၀၀ | ၂၆၉၆ | ၁၀၄ |
| ၃၅ | ကျွဲတလင်း | ၅၇၅၀ | ၅၃၃၈ | ၄၁၂ |
| ၃၆ | မုန်တိုင် | ၅၃၅၀ | ၅၂၈၀ | ၇၀ |
| ၃၇ | ကန်နီ | ၁၇၀၀ | ၁၆၈၀ | ၂၀ |
| ၃၈ | အလည်ရွာ | ၅၅၅၀ | ၅၁၇၆ | ၃၇၄ |
| ၃၉ | ဆပ်ပြာကျင်း | ၃၆၀၀ | ၃၅၄၆ | ၅၄ |
| ၄၀ | ဆည်အောင် | ၂၉၀၀ | ၂၆၀၆ | ၂၉၄ |
| ၄၁ | မြောက်လည် | ၄၇၀၀ | ၄၃၄၈ | ၃၅၂ |
| ၄၂ | သရက်ပင် | ၃၁၀၀ | ၃၀၅၀ | ၅၀ |
| ၄၃ | မွေ | ၃၄၅၀ | ၃၀၉၈ | ၃၅၂ |
| ၄၄ | မြင်းကန် | ၂၈၅၀ | ၂၈၀၁ | ၄၉ |
| ၄၅ | သံဘို | ၃၈၅၀ | ၃၇၅၁ | ၉၉ |
| ၄၆ | သီးပင်ကုန်း | ၄၈၅၀ | ၃၉၀၅ | ၉၄၅ |
| ၄၇ | တပျော် | ၃၃၅၀ | ၃၃၁၀ | ၄၀ |
| ၄၈ | ဇရပ်ကုန်း | ၃၆၅၀ | ၃၆၄၂ | ၈ |
| | စုစုပေါင်း | ၂၁၃၂၀၀ | ၂၀၀၅၈၈ | ၁၂၆၁၂ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြင်ဆင်ဖတ်ရှုပါရန်

မတ်လ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ပါရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၁ ခုနှစ် မတ်လ ၅ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်ပါ တာမွေမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်တွင် ဖော်ပြထားရှိသော **ပိုသုံး ၅၉၉၃** အစား **အပို ၅၉၉၃** ဟု ပြင်ဆင်ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မိမိတို့၏ ရင်သွေးသားသမီးများကို ချစ်လှပါသည်ဆိုသော မိခင်ဖခင်များထံသို့ အိတ်ဖွင့်ပေးစာ

**. . . . . . . . . . . . . . . ဝင်းကြည် . . . . . . . . . . . . . .**

ဒီကနေ့ ကမ္ဘာအရပ်ရပ် အတိုင်းတိုင်း အပြည်ပြည်မှာ များပြားလာတဲ့ လူဦးရေနဲ့ လျော့နည်းရှားပါးလာတဲ့ စားနပ်ရိက္ခာ၊ ဖောက်ပြန်လာတဲ့ရာသီဥတု၊ ဘေးအန္တရာယ်အမျိုးမျိုး၊ ရောဂါအထွေထွေကို ရင်ဆိုင်နေကြရတဲ့အထဲမှာ လူသားအချင်းချင်း စိတ်သဘောထားတွေကွဲကြလို့ အတွေးအခေါ် အယူအဆ မူဝါဒအမျိုးမျိုးကြောင့်ပဲ ဆိုဆို သွေးစည်းညီညွတ်မှုမရှိ အချင်းချင်းစိတ်ဝမ်းတွေကွဲပြီး မငြိမ်မသက်ဖြစ်နေကြတဲ့အထဲမှာ မြန်မာနိုင်ငံလည်း ပါပါတယ်။

### အဆင်မပြေလုံးချာလိုက်

ဒီအခါမှာ မတူကွဲပြားခြားနားတဲ့ အယူဝါဒတွေကို တင်ပြကြဖို့၊ ညှိနှိုင်းကြဖို့ဆိုပြီး လိုလားချက်တွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်လိုချင်သလို ရှေ့တန်းတင် စည်းရုံးကြပြီး ဆန္ဒတွေဖော်ထုတ်နေကြတယ်။ တစ်နည်းပြောရရင် ပြည်သူအများကို သိကြစေဖို့၊ လက်ရှိလုပ်ပိုင်ခွင့်ရှိသူတွေလည်း သိကြဖို့ လူစုလူဝေးနဲ့ ဆန္ဒဖော်ထုတ်ကြွေးကြော်နေကြတယ်။ ဒီနေရာမှာ ဖော်ထုတ်တင်ပြပုံ တင်ပြနည်းက အစကတည်းက ယဉ်ဆိုသလို အဆင်မပြေလုံးချာလိုက်ကုန်တယ်လို့ ဦးကတော့ ပြောချင်ပါတယ်။

အခုပြဿနာက ရွေးကောက်ပွဲမှာ မဲစာရင်းတွေ ကမောက်ကမဖြစ်နေတာကို အဖြစ်အပျက်အမှန်အကန်နဲ့ ညှိနှိုင်းဖြေရှင်းပေးဖို့ တောင်းဆိုတာ ဖြေရှင်းပေးခြင်း မရှိတာကစပြီး ပြဿနာစဖြစ်တယ်လို့ ကြားသိရပါတယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ လုပ်ပုံကိုင်ပုံအားနည်းချက်လည်း ပါမှာပေါ့နော်။

ဒီအခါမှာ ပြန်လည်စိစစ် ဖြေရှင်းချက်တက်မလာတဲ့ ရွေးကောက်ပွဲကော်မရှင်ကို ပေါ့သေးသေးနဲ့ လျှော့တွက်လို့ ရမှာမဟုတ်၊ ဆင်ကြီးကို ကြက်ချည်တဲ့ အုန်းဆံကြိုးနဲ့ ချည်လို့ မဖြစ်နိုင်ပါ။ အခိုင်အမာ ပိုင်ပိုင်နိုင်နိုင် ထိထိမိမိ ဆောင်ရွက်မှသာ အဆင်ပြေနိုင်မယ်။ ပေါ့ဆရင် ကိုယ့်ကြိုးနဲ့ ကိုယ့်ကို ပြန်ပတ်လိမ့်မယ်။ ဒီလို အဖြစ်ခံလို့မရ၊ အညှာကို အကိုင်မခံရအောင် စီမံကြရတယ်မဟုတ်လား။

ဒီတော့မှ ပထမမဲဆန္ဒရှင်တွေ လိုအပ်ချက်ထက် "ပြည့်စုံလုံလောက်တယ်" ဆိုပြီး ဥဒေါင်းလိုထပြီး အောင်နိုင်သူအဖြစ် ဥဒါန်းကျူးမိလို့ ရှေ့၊ နောက်ဖုံးထားသမျှ ပေါ်ကုန်တယ်ဆိုပါတော့။ မရှင်းနိုင်၊ မထွေးနိုင်၊ မအန်နိုင် ဖြစ်တယ်လို့ ယူဆရတယ်။

အမှန်တကယ်ဆို ရိုးသားတဲ့စိတ်ထားနဲ့ ဒီရွေးကောက်ပွဲ ရေစီးကြောင်းမှာ လောဘမတက်ဘဲ ရေအတက်မှာ ကိုယ်ဖော့ပြီး လိုက်သွားရင်ပဲ သေချာပေါက်အနိုင်ရမှာပါ။ ရိုးရိုးသားသားနဲ့ ရှင်းရှင်းလေးတွေးတတ်တဲ့ လူသားတိုင်း သဘောပေါက်ကြပါတယ်။

### လမ်းမှန်ကမ်းမှန်မဖြစ်

အခုလို ခလုတ်ထိမှ အမိတကြပြီး မိဘ၊ ပြည်သူတွေ၊ တူ၊ တူမ၊ သားသား၊ မီးမီးတို့ ကယ်ကြပါလို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်လိုချင်တာ စည်းရုံးဆန္ဒဖော်ထုတ်ပွဲတွေ လုပ်ကြတယ်။ ဒါပေမယ့် ရှေ့ဆောင်ဦးရွက်ဖို့ မှန်မှန်ကန်ကန်ဦးဆောင်သူက မရှိတော့ လမ်းမှန်ကမ်းမှန်မဖြစ်၊ ဦးတည်ချက်တွေက ရှေ့နောက်မညီ၊ ဖရိုဖရဲ ဖြစ်ဖြစ်နေတာပေါ့နော်၊ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို နယ်တကာမှာ တစ်မျိုးစီဖြစ်နေတာကို တွေ့ရတယ်ကွဲ့။

ဒီနေရာမှာ ဆန္ဒဖော်ထုတ်ကြတာနဲ့ ပတ်သက်ပြီး ဥပမာပေးပြောချင်တာက–

မြန်မာနိုင်ငံ ကိုလိုနီလက်အောက်ကျရောက်စဉ်အချိန်က မိမိအသက်ရှင်သန်ကြဖို့ ဝမ်းရေးအတွက် မသေရုံတမည် အစားတစ်လုတ်နဲ့ ခံစားနေကြရတဲ့ဝေဒနာ မမျှတတာကြောင့် မြန်မာနိုင်ငံရဲ့ အလယ်ပိုင်း ချောက်၊ ရေနံချောင်းက ရေနံလုပ်သားကြီးတွေနဲ့ ဒေသအသီးသီးက တောင်သူလယ်သမားကြီးတွေရဲ့ဘဝမှာ သေရင်မြေကြီး ရှင်ရင်ရွှေထီး ဆိုပြီး နယ်ချဲ့လက်ပါးစေတွေရဲ့ လက်ဝေခံ ချစ်တီးတွေပြဿနာကို တွန်းလှန်ခဲ့မှုဖြစ်ရပ်ကို တစေ့တစောင်း လေ့လာကြည့်ကြပါလို့ ပြောချင်ပါတယ်။

အလုပ်သမား၊ လယ်သမားကြီးတွေက (နေကြရတော့ တဲကုပ်၊ ဝတ်ရတော့ အစုတ်၊ စားကြရတော့ တစ်လုတ်တစ်ဆုပ်) ကြာလာတော့ မခံမရပ်နိုင် အားကိုးရှာတဲ့အခါမှာ ဗမာ့ထွက်ရပ်ဂိုဏ်းနဲ့ တို့ဗမာအစည်းအရုံးရဲ့ သခင်ဘွဲ့ခံယူထားကြတဲ့ သခင်တွေရဲ့လမ်းညွှန်ချက် အားပေးမှုတွေကို စုပေါင်းပြီး သေရင်မြေကြီး၊ ရှင်ရင်ရွှေထီးလို့ ခံယူထားကြကာ မိုင်ပေါင်း ၅၀၀၊ ၁၀၀၀ ခန့်ရှိတဲ့ ရန်ကုန်မြို့တော်ကြီးဆီသို့ လမ်းခရီးမှာ ရှိတဲ့မြို့၊ ကျေးလက်၊ မြို့နယ်၊ လယ်တော၊ ယာပျက်တွေကို နေပူပူ မိုးရွာရွာ နှင်းတွေပဲကျကျ ဖိနပ်အစုတ် (တချို့မပါ) ခြေဗလာနဲ့ ကုန်းကြောင်း ချီတက်လာကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြတယ်။ ဒီအကြောင်းတွေကို အလယ်တန်းထိ ကျောင်းတက်ဖူးသူတွေက သိကြမှာပါ။

### ကလေးငယ်တွေကို ဓားစာခံမလုပ်ကြ

သူတို့တစ်တွေရဲ့ ရင်ထဲက၊ နှလုံးသားထဲက နှစ်ရှည်လများ ခံစားချက်တွေ၊ ဒဏ်ရာဒဏ်ချက်တွေ ခါးစည်းပြီး သည်းခံခဲ့ကြရတဲ့ဝေဒနာတွေ ပြည်သူပြည်သားအပေါင်းရဲ့ ရင်ထဲကိုရောက်အောင် ကလေးသူငယ်၊ ကျောင်းသား ကျောင်းသူ မပီကလာပီကလာနဲ့ ပြည်သူတွေက သနားအောင် ခွက်ခေါက်ပြီး "သပိတ်မှောက်သူတွေရဲ့ ကိုယ်စားငိုပြကြဖို့" ဒီလို မလိမ်မိုးမလိမ်မာ ဥမမည် စာမမြောက်တဲ့ ကလေးငယ်တွေကို ခေါ်မလာကြဘူး။ ကလေးငယ်တွေကို ဓားစာခံ မလုပ်ကြပါဘူး။

ယခုခေတ်ကာလမှာ ကလေးငယ်တွေကို ဆိုက်ကားပေါ်တင် ဒီမိုကရေစီအရေး သင်ပေးပြီး တိုင်ပေးခိုင်းကြတယ်။ သွေးဆူလွယ်တဲ့ လူပျိုပေါက်ကလေးတွေက ဆန္ဒ ဖော်ထုတ်တဲ့ သံချပ်တိုင်ပေးတာကို လိုက်ဆိုကြရတယ်။

အရေးတော်ပုံအောင်မြင်ခဲ့ရင် ဦးစီးဦးဆောင်ဖို့၊ နေရာယူဖို့၊ မလှမ်းမကမ်းနေရာက လိုက်လာကြတဲ့ သူတွေကတော့ လူလည်၊ လူပါး၊ လူနပ်တွေပေါ့ကွယ်။

### တရားခံပြန်ရှာ

ယနေ့လက်ရှိအနေအထားက ဆန္ဒဖော်ထုတ်တဲ့သူတွေက ကြွေးကြော်ကြ၊ တာဝန်ရှိတဲ့သူတွေက ပိတ်ဆို့တားဆီးကြ၊ နှစ်ဦးနှစ်ဖွဲ့ဆုံတော့ ဖမ်းကြ၊ ဆီးကြ၊ လူမိုက်လူရမ်းကားတွေ ပါလာတော့ ပြည်သူပိုင်၊ အများပိုင်၊ နိုင်ငံပိုင်ပစ္စည်းတွေ ယူကြ၊ ဖျက်ဆီးကြ၊ ဆူကြ၊ ညံကြ၊ **ဆန္ဒပြကြရာမှာ ဥမမည်စာမမြောက်တဲ့ ကလေးငယ်တွေ (မူလတန်းအရွယ်) ပါ ခေါ်လာကြတော့ ကလေးငယ်တွေက သူတို့ခိုင်းသမျှ လိုက်လုပ်နေကြရတယ်။ အရေးဆို မသွားတတ် မလာတတ်သူတို့လေးတွေ ထိခိုက်ဒဏ်ရာရတော့ တစ်ဖက်က မဆင်မခြင်ပစ်တာကြောင့်ဆိုပြီး တရားခံပြန်ရှာကြတယ်။**

ဒီနေရာမှာ အဓိကထားပြီး မိဘတွေကို မေတ္တာထားပြောချင်တာက အခုလို မတူကွဲပြားခြားနားပြီး ဝိဝါဒကွဲပြားကာ ပဋိပက္ခဖြစ်နေတဲ့ အခါမှာ ငယ်ရွယ်ပြီး ဘာမှမသိနားမလည်တဲ့ ကလေးသူငယ်တွေကို နိုင်ငံရေးဇာတ်ခုံပေါ်ကို တွန်းပို့ခြင်းက ကိုယ့်မိသားစုအသိုင်းအဝိုင်းထဲကို ဒုက္ခတွေတစ်လှေကြီးသွင်းသလို ဖြစ်နိုင်လို့ စဉ်းစားဆင်ခြင်နိုင်ကြပါစေဆိုပြီး အသိပေးခြင်း ဖြစ်ပါတယ်။

မိသားစုအပေါင်း ပြဿနာအဝဝ ကင်းရှင်းကြပါစေလို့ ဆန္ဒပြုရင်းဖြင့်။ ။

**ဒီနေရာမှာ အဓိကထားပြီး မိဘတွေကို မေတ္တာထားပြောချင်တာက အခုလို မတူကွဲပြားခြားနားပြီး ဝိဝါဒကွဲပြားကာ ပဋိပက္ခဖြစ်နေတဲ့ အခါမှာ ငယ်ရွယ်ပြီး ဘာမှမသိနားမလည်တဲ့ ကလေးသူငယ်တွေကို နိုင်ငံရေးဇာတ်ခုံပေါ်ကို တွန်းပို့ခြင်းက ကိုယ့်မိသားစု အသိုင်းအဝိုင်းထဲကို ဒုက္ခတွေတစ်လှေကြီးသွင်းသလို ဖြစ်နိုင်လို့ စဉ်းစားဆင်ခြင်နိုင်ကြပါစေ . . .**

# ခနောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရွာင် မတ် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခနောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ်အတွင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၅၄၆ ဒသမ ၃၇၆ သန်းဖြင့် မြေသားလမ်း(၈/၄)မိုင်၊ ကျောက်လမ်း (၈/၀)မိုင်၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း(၂/၀)မိုင်တို့အား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ရွာင်မြို့နယ် အင်းကြီး-ပယ်ကင်း-သဖန်းပင်-ကျောက်တောလမ်း(၆/၄)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်ရေးတို့အတွက် ပင်းတယမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရွာင်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၊ အိမ်ခြေ ၅၃၉ အိမ်၊ လူဦးရေ ၂၆၁၂ ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်



## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ပြည်နယ်ဖူဆယ်ဘောလုံးအားကစားရုံတည်ဆောက်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၆**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များသည် မတ် ၄ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ် (၅) ရပ်ကွက် တက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမအနီး တိုးချဲ့ကွက်သစ်ရှိ ပြည်နယ်ဖူဆယ်ဘောလုံး အားကစားရုံ တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့သွားရောက် ကြည့်ရှုရာတွင် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးနိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနပြည်နယ်ဦးစီးမှူးဦးမင်းမင်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အလျားပေ ၁၆၀၊ အနံ ပေ ၁၃၀ နှင့် အမြင့်ပေ ၃၀ ရှိဖူဆယ်ဘောလုံးအားကစားရုံ တည်ဆောက်မည့် မြေနေရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ဖူဆယ်ဘောလုံးအားကစားရုံ တည်ဆောက်ရေး လုပ်ငန်းကို အမြန်ဆုံးစတင်ရန်နှင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မောင်တောမြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မောင်တော မတ် ၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မတ် ၆ ရက် နံနက် ၈ နာရီခန့်က မြို့ဦးရွှေစည်းခုံဆံတော်မြတ်စေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်စုံဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ကိုကို ၊ အမှတ်(၄၆)မူးယစ်တပ်ဖွဲ့စု ရဲမှူးကြီးမြင့်၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးသန့်စင်၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးထွန်းရွှေခိုင်၊ အမှတ်(၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ရဲအုပ် အောင်သိန်းထွေးနှင့် ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မြို့ဦးရွှေစည်းခုံဆံတော်မြတ်စေတီတော်ကြီးအား ဘုရားရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်အား ရေဆေးကြောကာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရင်ပြင်အနီးအနားရှိ အမှိုက်သရိုက်၊ မြက်ပင်၊ ပေါင်းပင်များအား စုစုပေါင်းအင်အား ၁၅၀ ခန့်က စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရခိုင်ဒေသ၌ တာဝန်ထမ်းဆောင်ခဲ့သောရဲတပ်ဖွဲ့ဝင်များအား ရိက္ခာပစ္စည်းထောက်ပံ့

**စစ်တွေ မတ် ၆**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့မှ ရခိုင်ဒေသတွင် ရှေ့တန်းတာဝန်ထမ်းဆောင်ခဲ့သော အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များအား ရိက္ခာပစ္စည်းများထောက်ပံ့ပေးအပ်ပွဲကို ယနေ့တွင် စစ်တွေမြို့အမှတ်(၃၆) ရဲတပ်ရင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ဝန်ထမ်းတစ်ဦးအနေဖြင့် အထက်ကပေးအပ်လာသော တာဝန်များကို ကျေပွန်စွာဆောင်ရွက်ခြင်းသည် အမြင့်မြတ်ဆုံး၊ ဂုဏ်သိက္ခာအရှိဆုံး အလုပ်ပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့မိမိတို့ပြည်နယ်ကိုလာရောက်ပြီး ကျရာတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်သည်လည်း အခြေအနေတစ်ခုထိအေးချမ်းသာယာလာသည်ကို တွေ့မြင်နိုင်ကြောင်း၊ ထို့ကြောင့် ပြည်နယ်သူပြည်နယ်သားများ ကိုယ်စား အထူးပင် မှတ်တမ်းတင်ဂုဏ်ယူပါကြောင်းနှင့် ထပ်မံ၍လည်းတာဝန်ကျရာဒေသများတွင် မိမိတို့တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထင်လတ်ဦးက ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးတို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးအောင်မျိုးသန့်က လက်ခံရယူသည်။

ယင်းနောက် ထောက်ပံ့ပစ္စည်းများကို ခေတ္တဇူဟာစစ်ရေးယာဉ်စုမှူး၊ ယာယီဗိုလ်မှူးကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ပေးအပ်ကြရာ အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးအောင်မျိုးသန့်က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ်၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**လှိုင်းဘွဲ့ မတ် ၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးလှိုင်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက မီးလောင်မှု ဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် အုပ်၍ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး သုံးစွဲမှု အဆင့်ဆင့်တို့ကို မီးသတ်ဝန်ထမ်းများက လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာ မြောက်မုန်းမြောင်းမကြီး သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ပွင့်ဖြူ မတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကျေးရွာအနီးရှိ မြောက်မုန်းမြောင်းမကြီးတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၀ – ၂၀၂၁ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘတ်ဂျတ် ခွင့်ပြုရန်ပုံငွေဖြင့် သံကူကွန်ကရစ်တံတား တစ်စင်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ဒုတိယပတ်က ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာတွင် ရွာလယ်ချောင်းရှိသည့်အတွက် ကျေးရွာ၏အရှေ့ပိုင်းရှိ အိမ်ထောင်စု ၂၅၀ခန့် မှာ နှစ်စဉ် မိုးတွင်းကာလတွင် သွားလာရေး အခက်အခဲများ ကြုံတွေ့နေရပြီး ဒေသခံပြည်သူများ ရာသီမရွေးသွားလာရေးအဆင်ပြေစေရန်နှင့် ဒေသထွက်ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာအနီးရှိ မြောက်မုန်းမြောင်းမကြီးတွင် သံကူကွန်ကရစ်တံတားတစ်စင်း တည် ဆောက်ပေးနိုင်ရေး ကျေးရွာနေပြည်သူများက တင်ပြတောင်းခံလာသဖြင့် ယခု ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တိုင်းဒေသကြီး ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေကျပ် ၉၉ သန်းဖြင့် မြောင်းမကြီး အရှည် ၇၅ပေ၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်းအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်က စတင်တည်ဆောက်ပေးခဲ့ရာ သတ်မှတ်ကာလဖြစ်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။



အဆိုပါ တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ကျောင်းကုန်းကြီးကျေးရွာအရှေ့ပိုင်းရှိ အိမ်ထောင်စု ၂၅၀ခန့် အတွက် မြို့ပြနှင့် ကျေးလက် ရာသီမရွေးအဆင်ပြေစွာ ကူးလူးဖြတ်သန်းသွားလာနိုင်မည့်အပြင် ကျေးရွာနေပြည်သူများ အဓိကစီးပွားဖြစ် လုပ်ကိုင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာမြေများမှ ထွက်ရှိသော သီးနှံထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည် ဖြစ်သည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# မံစီမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး

**မံစီ မတ် ၆**

ကချင်ပြည်နယ် မံစီမြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အသက် ၆၅ နှစ်နှင့်အထက်ရှိပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးခြင်းကို မတ် ၅ ရက် နံနက် ၉ နာရီက စတင်ဆောင်ရွက်သည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး(COVISHIELD) ထိုးနှံခြင်းလုပ်ငန်းများကို မံစီမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ လည်းကောင်း၊ တိုင်းရင်းဆေးရုံ၌လည်းကောင်း ထိုးနှံပေးလျက်ရှိရာ ကြက်ခြေနီအသင်းဝင်များကလည်း ကျန်းမာရေးစစ်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းစသည့် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပြီးသည့်သူများ အနေဖြင့် ရက်သတ္တပတ် လေးပတ်ခြားပြီး နှစ်ကြိမ်မြောက် ထပ်မံ ထိုးနှံရမည်ဖြစ်ကာ ဧပြီ ၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြန်လည်ထိုးနှံပေးရမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

**တောင်ကြီး မတ် ၆**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက် နံနက် ၁၀ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ကျေးလက်နှင့်မြို့ပြကွာခြားမှု မရှိစေရေး၊ အချို့ကျေးလက်ဒေသများ အဆင့်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငွေကြေးကုန်ကျပြီးလုပ်ငန်းတွင် အရာမရောက်မှုမျိုးမဖြစ်စေရေးအတွက် ငွေပမာဏကို သုံးသပ်ကာ မည်သည့်မြို့နယ်၊ မည်သည့်နေရာတွင် အသုံးပြုမည်ကို ဌာနဆိုင်ရာအနေဖြင့် တင်ပြထားရန်လိုကြောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂) ဦးခွန်သိန်းမောင်က ထင်သာမြင်သာရှိမည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြည်သူများအား အကျိုးပြုနိုင်မည့်လုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်၊ ဌာနများအနေဖြင့်လည်း ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးဦးနေလင်းနှင့်တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများက ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မယ်စဲ့မြို့နယ်တွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

**မယ်စဲ့ မတ် ၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ပြည်နယ်ရန်ပုံငွေများဖြင့် မြို့နယ်လမ်းဦးစီးဌာနရုံး ဝန်ထမ်းအိမ်ရာနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



မြို့နယ် လမ်းဦးစီးဌာနရုံး ဝန်ထမ်းအိမ်ရာ အဆောက်အအုံ အကျယ်အဝန်း (ပေ၆၀x၃၄ပေ ၆လက်မ) လေးခန်းတွဲ တစ်ထပ်ကို တည်ဆောက်လျက်ရှိရာ လုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး ဝန်ထမ်းအိမ်ရာ အဆောက်အအုံ အကျယ်အဝန်း (၃၀x၂၆x၂၂) ပေကိုတည်ဆောက်လျက်ရှိရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းကော်မတီက ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မိုင်းယောင်း၌ မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်

**မိုင်းယောင်း မတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံး အသစ်ဆောက်လုပ်လျက်ရှိသည်။

RCC နှစ်ထပ် အမျိုးအစား၊ အလျားပေ ၁၀၀၊ အနံပေ ၃၀ အကျယ်ရှိသော အဆိုပါရုံးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၇၈ သန်းဖြင့် စိုင်းရှဲန်ရွက်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ် ပညာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သိပ္ပံဆောင်များ အသစ်ဆောက်လုပ်ခြင်း၊ အန္တရာယ်ရှိကျောင်းများဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း၊ KG ကျောင်းဆောင် တည်ဆောက်ခြင်း၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ စာကြည့်တိုက် အသစ်ဆောက်လုပ်ခြင်း၊ ရုံးအဆောက်အအုံများ အသစ်ဆောက်လုပ် ခြင်း၊ မပြီးပြတ်သေးသော ကျောင်းဆောင်များ အပြီးသတ်ဆောက်လုပ်ခြင်း စသည့် တည်ဆောက်ရေးလုပ်ငန်း ၃၀ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# စာသင်ဆောင်သစ်နှင့် ရုံးအဆောက်အအုံသစ် ဆောက်လုပ်နေမှုစစ်ဆေး

**ပုလဲ မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ RC နှစ်ထပ်စာသင်ဆောင်သစ်(အလျားပေ ၇၀၊ အနံပေ ၃၀၊ အမြင့် ၂၄ပေ)ကို ဆောက်လုပ်လျက်ရှိရာ မတ် ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းအရည်အသွေးပြည့်မီမှုရှိရေး၊ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်ပေးရန် ကုမ္ပဏီမှတာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး RC တစ်ထပ် အဆောက်အအုံသစ်(အလျား ၅၆ ပေ၊ အနံပေ ၄၀၊ အမြင့် ၁၂ ပေ)ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**



# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး

**မောင်တော မတ် ၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေးနှိုးဆော်ခြင်းကို မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များက မတ် ၅ ရက် ညနေ ၃ နာရီက မြို့ပေါ်ရပ်ကွက်များအတွင်း လုပ်ဆောင်ခဲ့ကြသည်။

ထို့သို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး မျိုးကျော်ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မိဘပြည်သူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ/ရုံးများတွင် မီးဘေး လုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိကြရန်နှင့် မော်တော်ယာဉ်များ၊ စက်သုံးဆီဆိုင်များ၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပုဂ္ဂလိကရုံးများ၌ မီးဘေးကြိုတင်ကာကွယ်ရန် ထားရှိအပ်သော ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ဆေးဘူးများ၊ တပ်ဆင်ထားရှိကြရန် လိုအပ်ကြောင်း အသိပေးနှိုးဆော်ခဲ့ကြသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## နှမ်းဈေးကောင်းသဖြင့် နှမ်းစိုက်တောင်သူများ အဆင်ပြေ



**ကျောက်ဆည် မတ် ၆**
ယခုနှစ်တွင် ရာသီဥတု ကောင်းမွန်မှု မရှိသောကြောင့် နှမ်းစိုက်တောင်သူများ စိုက်ပျိုးထားသည့် နှမ်းများ သီးနှံထွက် နှုန်းကောင်းမွန်မှု မရှိသေးကြောင်း သိရသည်။

သို့သော် နှမ်းဈေးကောင်းသဖြင့် နှမ်းစိုက်တောင်သူများ ဝင်ငွေအသင့်အတင့် ကောင်းရကာ မိသားစုများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် နှမ်းဖြူနှင့် နှမ်းနက် နှစ်မျိုးစိုက်ပျိုးလျက်ရှိပြီး ယခုနှစ် နှမ်းနက်တစ်တင်း၏ ပေါက်ဈေးမှာ ငွေကျပ် ၅၅၀၀၀ ဖြစ်ပြီး နှမ်းဖြူတစ်တင်း၏ဈေးနှုန်းမှာ ကျပ် ၆၀၀၀၀ ရောင်းရသောကြောင့် တစ်ဧကထွက်နှုန်းနှင့်တွက်ချက်လျှင် နှမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ရဲဘော်ကြီးကျေးရွာမှ နှမ်းစိုက်တောင်သူဦးစိုးနိုင်က ပြောကြားသည်။

နှမ်းတစ်ဧက စိုက်မည်ဆိုလျှင် နှမ်းမျိုးစေ့ သုံးပြည်အသုံးပြုရပြီး မိုးဦးနှမ်းနှင့် မိုးနှောင်းနှမ်းဟူ၍ မြေအမျိုးအစားအလိုက် နှစ်မျိုးစိုက်ပျိုးနိုင်ကာ ရိတ်သိမ်းရာတွင်လည်း တလင်းနှမ်း(လှဲနှမ်း)နှင့် ထောင်နှမ်း(စည်းနှမ်း)ဟူ၍ နှစ်မျိုးနှစ်စားဖြင့် မျိုးစေ့ပြန်လည်ရယူနိုင်ပြီး ထောင်နှမ်းသည် ရိတ်ပြီးနှမ်းပင်များကို စုစည်းကာ တစ်စည်းနှင့်တစ်စည်း ဖိုခုံလောက်ဆိုင် နေပူတွင်ထောင်ထားပြီး အခြောက်လှန်းကာ မျိုးစေ့ထုတ်ယူခြင်းမျိုးဖြစ်သည်။

လှဲနှမ်းသည် မြေတလင်းပြင်တွင် ရိတ်သိမ်းပြီး နှမ်းပင်များကို ဖြန့်ကြဲပြီး အခြောက်လှန်းကာမျိုးစေ့ ထုတ်ယူသောနည်းဖြစ်သည်။ တလင်းနှမ်းသည်ဖုန်မှုန့်များပါရှိသောကြောင့် ထောင်နှမ်းမျိုးနှင့် ဈေးယှဉ်ရောင်းရာတွင် ဈေးအနည်းငယ် လျော့နည်းကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်တွင် ဆင်းရတနာ(၄)၊ ဆင်းရတနာ(၁၂) နှမ်းဖြူမျိုးနှင့် မကွေးနှမ်းနက်(၁/၁၃) နှမ်းမျိုးများကို မိုးနှောင်းသီးနှံအဖြစ် အများဆုံးစိုက်ပျိုးကြပြီး ကျောက်ဆည်မြို့နယ်တွင် နှမ်းစိုက်ဧက ၃၀၆၉၄ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၀၁၃၇ ဧက၊ မြစ်သား မြို့နယ်တွင် ၁၇၇၇၈ ဧက၊ တံတားဦးမြို့နယ်တွင် ၃၂၅ ဧက စုစုပေါင်း ၅၈၉၃၄ ဧကစိုက်ပျိုးကြောင်း ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ **သက်မောင် (ကျောက်ဆည်)**

## ပဲနုတ်သိမ်းနေသည့် တောင်သူများ လုပ်သားအခက်အခဲအပြင် ဈေးနှုန်းကျဆင်းမှုနှင့်ကြုံရ

**ရေတာရှည် မတ် ၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့် ဒေသများ၌ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွန်း၊ စွံတာနီ ပဲမျိုးများကို စိုက်ပျိုးထားကြပြီး ဖေဖော်ဝါရီ ပထမအပတ်က စတင်ရိတ်သိမ်းလျက်ရှိသည်။

မတ်လဆန်းပိုင်းကာလသည် ပဲဖြိုင်ဖြိုင်ပေါ်ချိန်ဖြစ်ရာ ရိတ်သိမ်းလိုသည့် ဧကနှင့် လုပ်သားအင်အားမမျှတမှုများဖြစ်ပေါ်လျက်ရှိနေခြင်းလည်း ဖြစ်သည်။

“ရွာတွေအလိုက် ပဲရိတ်သိမ်းမယ့် သုတ်အဖွဲ့တွေ ရှိတယ်၊ တစ်ရွာတစ်ရွာကို လူ ၄၀ ကနေ ၆၀ ဝန်းကျင်လောက်ကိုထွက်နိုင်တာ တောင်သူတွေက တစ်ပြိုင်တည်းပေါ်နေတော့ ဟိုနည်းနည်း ဒီနည်းနည်းခွဲပေးနေရတာဆိုတော့ အလုပ်က သိပ်မတွင်နိုင်ဘူးဖြစ်နေတယ်၊ အပူချိန်ကလဲ အတော်ပြင်းလာတော့ ပဲတွေခြောက်ပြီးကွဲကုန်မှာကို စိုးရိမ်ကြတာလဲရှိတယ်”ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာနေ တောင်သူ ဦးသိန်းဝင်းက ပြောကြားသည်။

ပဲအငှား ရိတ်သိမ်းသူများသည် နံနက် ၅ နာရီ လူစုကြပြီး လုပ်ငန်းခွင်ကို ၆ နာရီ အရောက်သွားကာ လုပ်ကိုင်ကြရခြင်းနှင့်ပတ်သက်၍ လုပ်သားတစ်ဦးက "အကွက်ထဲကို စောရောက်တာ တောင်သူအတွက် ကောင်းပေမယ့် ကျွန်တော်တို့ကျတော့ အစောပိုင်းမြူတွေကျတာရယ် မြင်ကွင်းမရှင်းတာရယ်ကြောင့် ခြေကင်းလက်ကင်းက ကြောက်ရတယ်၊ ပဲပင်တွေအောက်မှာ မြွေပွေးပေါက်တွေ ခဏခဏတွေ့နေရတော့ စိုးရိမ်တာပေါ့၊ နေကအတော်ပူလာတယ်၊ မနက်ပိုင်း ၁၁ နာရီဆို သိမ်းပြီ ဆက်နုတ်လိုလဲ ပဲတွေကွဲမှာ စိုးလို့မရတော့ဘူး" ဟု ပြောကြားသည်။

ပဲစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့ရသည့်လုပ်ငန်းစဉ်များတွင် ရိတ်သိမ်းပြီး ပဲပုံများလှန်ပေးခြင်း၊ သယ်ယူစုပုံခြင်း၊ ခြွေလှေ့ခြင်းနှင့် ပဲအိတ်များ သယ်ဆောင်ခြင်းတို့တွင် လုပ်သားများစွာငှားရမ်းလုပ်ကိုင်ကြရခြင်းကြောင့် ကုန်ကျစရိတ်များပြားခြင်းလည်း ဖြစ်သည်။

လက်ရှိပဲဈေးကွက်အနေဖြင့် ကတ္တားဖြင့် ချိန်တွယ်ဝယ်ယူရာတွင် ပိဿာ ၃၀ တစ်တင်းခွဲ တစ်အိတ်လျှင် ကျပ် ၃၉၀၀၀ ကျော်ဖြင့် ဝယ်ယူပြီး ယခင်ပေါက်ဈေးထက် ၆၀၀၀ ကျပ်ခန့်ကျဆင်းသွားခဲ့ပြီး စိုက်ပျိုးစဉ်က သွင်းအားစုကုန်ကျစရိတ်များ၊ ရိတ်သိမ်းစရိတ်ကုန်ကျ စရိတ်များအနေဖြင့် တစ်ဧက ထွက်နှုန်း တင်း ၂၀ အထိ ထွက်ရှိသူများ အနေဖြင့် အရှုံးမရှိနိုင်သော်လည်း ထိုထက် အထွက်နှုန်းလျော့ကျပါက အရှုံးပေါ်ကြသည်ကိုတွေ့ရှိရသည်။

**ကိုလွင်(ဆွာ)**

## မိုင်းဖြတ်၌ နှင်းဆီပန်းစိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိ



**မိုင်းဖြတ် မတ် ၆**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ် မြို့နယ်တွင် တစ်ပိုင်တစ်နိုင် နှင်းဆီပန်း စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိသည်။ ဒေသအတွင်း ပန်း စိုက်ပျိုးသူ တောင်သူ ရှားပါးခြင်းကြောင့် အရောင်းအဝယ်ကောင်းကြောင်း နှင်းဆီပန်းစိုက်ပျိုး တောင်သူတစ်ဦးထံက သိရသည်။

မိသားစုဝင်ငွေရရှိဖို့အတွက် နှင်းဆီပန်းစိုက်ပျိုးသူ ဒေါ်နန်းကြာယုံက "နှင်းဆီပန်း စိုက်ပျိုးတာတော့ တစ်နှစ်ခန့်လောက်ပဲရှိပါတယ်၊ လက်တွေ့နည်းပညာဘာမှ မရှိပါဘူး၊ ဖေ့ဘုတ်ကနေ နှင်းဆီပန်း စိုက်ပျိုးနည်းတွေကို လေ့လာကြည့်ရင်းစိုက်ပျိုးခဲ့တာပါ၊ စစိုက်တုန်းကတော့ အပင်ရေ ၁၀၀၀ ခန့်လောက်ပါပဲ၊ အခုတော့ အပင်ရေ ၂၀၀၀ ခန့်လောက်တိုးချဲ့စိုက်ပျိုးလာနိုင်ပါတယ်၊ ယခုစိုက်ထားတဲ့ နှင်းဆီမျိုးကတော့ ပတ္တမြားနီ၊ ရေမွှေး၊ ပန်းကြာ၊ မော်ဒယ်စိမ်း၊ ချိုချဉ်စတဲ့မျိုးတွေကို စမ်းသပ်စိုက်ပျိုးတဲ့အနေနဲ့ စိုက်ပါတယ်၊ ကျွန်မတို့မြို့မှာက ပန်းစိုက်တောင်သူတွေကမရှိတော့ ရောင်းအားကောင်းပါတယ်၊ ပန်းမှာတဲ့သူတွေဆီကို ကိုယ်တိုင်လိုက်ပို့ရသလို မင်္ဂလာဆောင်တွေက မှာတာလည်းရှိပါတယ်၊ ထိုင်းဘက်က တံတားဖွင့်ခဲ့ရင် ထိုင်းနှင်းဆီမျိုးတွေကိုလည်း စမ်းသပ်စိုက်ပျိုးဖို့တော့ စိတ်ကူးရှိပါတယ်"ဟု ပြောကြားသည်။

စိုက်ပျိုးသည့် နှင်းဆီပန်းမျိုးများကို မန္တလေးမှတစ်ဆင့်မှာယူပြီး ပျိုးပင်တစ်ပင်လျှင် ကျပ် ၅၀၀၊ ၃၀၀၊ ၁၇၀ အထိ ပန်းမျိုးအပေါ် ဈေးအမျိုးမျိုးပေးဝယ်ရသလို ဖူးပွင့်လာသည့် နှင်းဆီပန်းများကို နှင်းဆီမျိုးပေါ်မူတည်ပြီး တစ်ပွင့်လျှင် ကျပ် ၁၀၀ မှစ၍ ရောင်းရပြီး တစ်နေ့လျှင် ဝင်ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ရရှိကြောင်း၊ သစ်ခွပန်းမျိုးများကိုလည်း စမ်းသပ်စိုက်ပျိုးထားလျက်ရှိသည်။ မိုင်းဖြတ်မြို့နယ်တွင် ပန်းစိုက်ပျိုးခြင်းလုပ်ငန်းများ လုပ်ကိုင်သူနည်းပါးပြီး မေမြို့ပန်းစိုက်ပျိုးသူများလည်း အနည်းငယ်ရှိကြောင်း သိရသည်။ **ရွှေကို(မိုင်းဖြတ်)**

## ပျိုးပင်မျိုးစုံရောင်းအားကောင်းခြင်းကြောင့် ပျိုးပင်ပျိုးထောင်ရောင်းချသူများလာ

**ကျောက်ပန်းတောင်း မတ် ၆**
မန္တလေးတိုင်းဒေသကြီးကျောက်ပန်းတောင်း မြို့နယ် ဆည်ပေါက်ကျေးရွာသည် သစ်ပင်မျိုး စုံပျိုး(မျိုး)ထောင်ကာ မြန်မာတစ်နိုင်ငံလုံး အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချခြင်းဖြင့် လူသိများသည့် ကျေးရွာတစ်ရွာဖြစ်ကာ စိုက်ပျိုးသည့် ပျိုးပင်တိုင်းရောင်းချရခြင်းကြောင့် ပျိုးထောင်ရောင်းချသူရော တစ်ဆင့်ရောင်းချသည့် ပွဲစားများပါတွက်ခြေကိုက်ရောင်းအားကောင်းလျက်ရှိကြောင်း အွန်လိုင်းမှ သစ်ပင်မျိုးစုံ ရောင်းချပေးနေသည့် ဆည်ပေါက်ကျေးရွာမှ ဒေါ်အေးရွှေက ပြောကြားသည်။

ဆည်ပေါက်ကျေးရွာသည် ကျောက်ပန်းတောင်းမြို့နှင့် ပုပ္ပားတောင်ကလပ်ကြား ကားလမ်းမကြီး တစ်ဖက်တစ်ချက်စီတွင်တည်ရှိပြီး ဆည်ပေါက်ရွာလယ်မှ ကားလမ်းဖြတ်သွားသည့်ကျေးရွာဖြစ်ကာ ပျိုးပင်ပျိုးထောင်ရောင်းချခြင်းသည် အဓိကစီးပွားဖြစ် လုပ်ငန်းဖြစ်ကာ တောင်ယာလုပ်ငန်းဖြင့် တွဲဖက်လုပ်ကိုင်ကြကြောင်း ပန်းဂေဟာ သစ်ပင်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သည့် ဦးသောင်းရီက ပြောကြားသည်။

ဆည်ပေါက်ကျေးရွာသည် နှစ်ရှည်သစ်ပင်မျိုးနှင့် သစ်သီး၊ ပန်းမန်ပင်မျိုးစုံ ရောင်းချခြင်းဖြင့် နာမည်တစ်လုံးထင်ပေါ်နေသောကျေးရွာတစ်ရွာဖြစ်ပြီး သရက်မျိုးစုံ၊ ပိန္နဲ၊ ဗာဒံပင်၊ မာလကာမျိုးစုံ၊ စန္ဒကူး၊ နံ့သာနီ၊ သနပ်ခါး၊ အုန်းပင်ပေါက်၊ ဝါးအမျိုးမျိုး၊ တောထန်း၊ မည်စည်ခေါ် ပန္နူသကနတ်ပန်း၊ စကားဝါ၊ စကားစိမ်း၊ စွံပလွန်စသည့်နှစ်ရှည်ပင်များနှင့် စံပယ်၊ မြတ်လေး၊ နှင်းဆီအမျိုးပေါင်း တစ်ရာကျော်၊ ကံ့ကော်၊ ရွှေပန်း၊ ငွေပန်း၊ သစ်ခွအမျိုးမျိုးတို့ကို ပျိုးထောင်ရောင်းချကြကြောင်း၊ ဆူးပုပ်ကြီး၊ ဆူးပုပ်လေး၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ဒန့်သလွန်၊ ဩဇာပင်များပါမကျန် ပျိုးထောင်ကြပြီး အိမ်/ခြံအရောက် လာဝယ်ကြခြင်း၊ ဖုန်းဖြင့်ဝယ်ယူလာခြင်းနှင့် အွန်လိုင်းမှ ရောင်းချခြင်းများလည်း တွင်ကျယ်စွာ ရောင်းချရကြောင်း သစ်ပင်မျိုးစုံမှာယူသည့် မြို့များသို့ ကားဂိတ်မှတစ်ဆင့် ပို့ဆောင်ကာ ရောင်းချခြင်းဖြင့် ဝန်ဆောင်မှု ပေးရောင်းချနေသည့် ဒေါ်ဖူးဖူးက ပြောကြားသည်။

ဆည်ပေါက်ကျေးရွာတွင် စီးပွားဖြစ်ပျိုးဥယျာဉ်အမြောက်အမြားရှိပြီး တစ်နိုင်တစ်ပိုင် ပျိုးထောင်ရောင်းချခြင်းသည် အိမ်တိုင်းလုပ်ကိုင်ကြကြောင်းသိရပြီး တစ်နှစ်လျှင် တစ်ရွာလုံးပေါင်း ပျိုး(မျိုး)ပင်ရောင်းချရမှု အပင်နှစ်သိန်းအထက်ရှိကြောင်း ဆည်ပေါက်ကျေးရွာနေ ဦးဆွေနိုင်ထံမှ သိရသည်။

ဆည်ပေါက်ကျေးရွာမှ နှစ်ရှည်သစ်ပင်ပျိုးပင်ပေါက်များနှင့် ပန်းပင်၊ ပန်းအလှပင်၊ သစ်သီးသစ်ပင်များအား ကယားပြည်နယ် လွိုင်ကော်မြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေး၊ မိတ္ထီလာ၊ တောင်တွင်း၊ တောင်ငူမြို့များသို့ အများဆုံးပို့ပေးရောင်းချနေရပြီး ပို့ပေးသည့် ပျိုးပင်များ မနာမကျိုးပဲ့စေရန် သတင်းစာ၊ ဂျာနယ်စက္ကူများဖြင့် ပတ်ကာပို့ပေးကြောင်းသိရသည်။

**ကိုထိန်(KPD)**



# ဂျူဗင်တပ်အသင်းက ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ခေါ်ယူမည်



အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။

ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုဟာ အကောင်းဆုံး ကွင်းလယ်ကစားသမားတွေထဲက တစ်ဦးအပါအဝင် ဖြစ်တာကြောင့် ပထမဦးစားပေး ကစားသမားအဖြစ် ခေါ်ယူသွားဖို့ ဂျူဗင်တပ် အသင်းက ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းက ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ပေး၍ ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိပြီး ဂျူဗင်တပ်အသင်း အနေနဲ့ ချယ်လ်ဆီးအသင်းမှာ နည်းပြဆာရီတာဝန်ယူ ကိုင်တွယ်စဉ်ကတည်းက ဂျော်ဂျင်ဟိုကို ခေါ်ယူဖို့ စောင့်ကြည့်နေခဲ့တာဖြစ်ပါတယ်။

ဂျော်ဂျင်ဟိုဟာ လက်ရှိချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ နှစ်နှစ်ကျန်ရှိ နေသေးပေမယ့် အီတလီစီးရီးအေမှာ ပြန်လည်ခြေချ ကစားဖို့ ကစားသမားကိုယ်တိုင်က ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းကလည်း အခုနှစ် ဘောလုံး ရာသီမှာ ကွင်းလယ်ပိုင်းအားနည်းချက်တွေ ရှိခဲ့ တာကြောင့် လက်ရှိအီတလီစီးရီးအေ အမှတ်ပေး ဇယားမှာ အဆင့် ၃ နေရာမှာသာ ရပ်တည်ခွင့်ရရှိ ခဲ့တာဖြစ်တာမို့ ကွင်းလယ်ပိုင်းအားဖြည့်ဖို့အတွက် ဂျော်ဂျင်ဟိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။



# သီတင်းပတ် ၁၀ ပတ်ကြာ ဘောလုံးကစားခွင့်ပိတ်ပင်ခံခဲ့ရတဲ့ ကီယန်ထရစ်ပီယာ မက်ဒရစ်ဒါဘီပွဲစဉ်တွင် ပြန်လည်ပါဝင်လာမည်

အက်သလက်တီကိုမက်ဒရစ်အသင်းရဲ့ အင်္ဂလန် ညာနောက်ခံကစားသမား ကီယန်ထရစ်ပီယာဟာ သီတင်းပတ် ၁၀ ပတ်ကြာ ဘောလုံးကစားခွင့် ပိတ်ပင်ခံထားရာကနေ လွှန်မြောက်လာခဲ့ပြီဖြစ်တာမို့ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ရီးယဲလ် မက်ဒရစ်အသင်းတို့ မတ် ၇ ရက်မှာ ယှဉ်ပြိုင် ကစားမည့် မက်ဒရစ်ဒါဘီပွဲစဉ်မှာ ပြန်လည်ပါဝင် လာတော့မှာဖြစ်ပါတယ်။

ဘောလုံးအဖွဲ့ချုပ်က ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကို ချိုးဖောက်ခဲ့တာကြောင့် ဒီဇင်ဘာ လကတည်းက ဘောလုံးကစားခွင့်ပိတ်ပင်ခံခဲ့ရတဲ့ အပြင် ပေါင် ၇၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရတာဖြစ်ပါတယ်။ ကီယန်ထရစ်ပီယာဟာ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း က စပါးအသင်းကနေ အက်သလက်တီကိုမက်ဒရစ် အသင်းဆီ ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ နဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်မှစတင်ကာ လက်ရှိအချိန်အထိ အက်သလက်တီကိုမက်ဒရစ် အသင်းနဲ့အတူ ၃၉ ပွဲ ပါဝင်ကစားပေးထားတာ ဖြစ်ပါတယ်။

အက်သလက်တီကို မက်ဒရစ်အသင်းဟာ ကီယန်ထရစ်ပီယာ မပါဝင်ခဲ့ချိန်မှာ အစားထိုး ကစားသမားအဖြစ် ထည့်သွင်းကစားမယ့် ကစား သမား အခက်အခဲကြုံခဲ့ရတာဖြစ်ပေမယ့် လက်ရှိ အမှတ်ပေးဇယားမှာ ရမှတ် ၅၈ မှတ်နဲ့ အမှတ်ပေး ဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါ တယ်။

ဒါ့ပြင် မတ် ၇ ရက်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ကစားမယ့် မက်ဒရစ်ဒါဘီပွဲစဉ်မှာ အနိုင်ကစားပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း စပိန်လာလီဂါဖလားကို ပထမဆုံးအကြိမ်ရယူဆွတ်ခူးနိုင်မယ့် အခွင့်အရေး တစ်ရပ်ပိုင်ဆိုင်ဖို့လည်း အက်သလက်တီကိုမက်ဒရစ် အသင်းက မျှော်လင့်ထားတာဖြစ်ပါတယ်။

# ဂိုးသမား ဟန်ဒါဆန်က မန်ယူအသင်းရဲ့ နံပါတ်တစ်ဂိုးသမားဖြစ်လာဖို့ မျှော်လင့်လျက်ရှိ

မန်ယူအသင်းရဲ့ လက်ရှိနံပါတ်တစ်ဂိုးသမား ဒီဂီယာ ဟာ အိုးထရက်ဖို့ဒ်မှာ အနာဂတ်ဆက်ရှိနေဖို့ မသေမချာ ဖြစ်နေတာကြောင့် ဂိုးသမားဟန်ဒါဆန် ဟာ မန်ယူအသင်းရဲ့ နံပါတ်တစ်ဂိုးသမားဖြစ်လာဖို့ မျှော်လင့်လျက် ရှိတယ်လို့ သိရပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ ဂိုးသမား ဒီဂီယာ စပိန်မြေသို့ ခရီးထွက်သွားပြီးနောက် ပထမ ဦးစားပေး ဂိုးသမားကို ရွေးချယ်ခြင်းမရှိဘဲ ပြိုင်ပွဲ တွေကို ယှဉ်ပြိုင်ကစားခဲ့တာဖြစ်တာမို့ ဂိုးသမား ဟန်ဒါဆန်ဟာ လာမည့်ပွဲစဉ် ငါးပွဲအတွင်းမှာ အိုးထရက်ဖို့ဒ်ရဲ့ နံပါတ်တစ်ဦးစားပေးဂိုးသမားအဖြစ် နေရာရလာဖို့ရှိနေတာ ဖြစ်ပါတယ်။


ဂိုးသမားဒီဂီယာဟာ မိသားစုကိစ္စရပ်တွေရှိတာ ကြောင့် စပိန်မြေကို ပြန်သွားတဲ့အတွက် အနည်းဆုံး ငါးပွဲအထိ မန်ယူအသင်းနဲ့အတူ ပွဲထွက်ကစား နိုင်မှာမဟုတ်ဘူးလို့လည်း သိရပါတယ်။ ဟန်ဒါဆန် အနေနဲ့ မန်ယူအသင်းရဲ့ နံပါတ်တစ်ဂိုးသမား ဖြစ်လာဖို့ မျှော်လင့်ထားပေမယ့် မန်ယူအသင်း ကတော့ဂိုးသမားဒီဂီယာနဲ့ ဂိုးသမားဟန်ဒါဆန်တို့ကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချ သွားဖို့ရှိနေတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ် နေတာဖြစ်ပါတယ်။

ဂိုးသမားဟန်ဒါဆန်ဟာ ပြီးခဲ့တဲ့သြဂုတ်လ အတွင်းက မန်ယူအသင်းနဲ့အတူ ခြောက်နှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး လက်ရှိမှာ တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်း ရရှိနေတာဖြစ်ပါတယ်။ ဂိုးသမားဒီဂီယာကတော့ မန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ နှစ်နှစ်ကျန်ရှိနေပြီး လက်ရှိမှာ တစ်ပတ်လုပ်ခ လစာပေါင် ၃၇၅၀၀၀ ရရှိနေတာ ဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်

# ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းနဲ့အတူ တိုက်စစ်မှူးနေမာ ပါဝင်လာဖွယ်ရှိ



ပေါင်ခြံဒဏ်ရာပြဿနာကြောင့် တစ်လကြာ အနားယူနေရတဲ့ ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး နေမာဟာ ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ပါဝင် လာဖွယ်ရှိတယ်လို့ သိရပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး နေမာဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ မတ် ၄ ရက် ကတည်းက လေ့ကျင့်ရေးပြန်ဆင်းနေခဲ့တာ ဖြစ်ပြီး မတ် ၁၀ ရက်မှာ ကစားမယ့် ဘာစီလိုနာအသင်းနဲ့ ပွဲစဉ်မှာ ပြန်လည်ပါဝင် လာဖို့ရှိနေတာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီ အသင်းနည်းပြ ပိုချက်တီနိုကလည်း တိုက်စစ်မှူး နေမာ ပြန်လည်ပါဝင်လာမယ့် အရေးကို ကြိုဆိုကြောင်း ပြောကြား ခဲ့ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ပီအက်စ်ဂျီ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ ဟက်ထရစ်သွင်းဂိုးအပါအဝင် လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါ တယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာဟာ အဲဒီပထမအကျော့ပွဲစဉ်မှာ ဒဏ်ရာပြဿနာကြောင့်ပါဝင်ကစားနိုင်ခဲ့ခြင်း မရှိခဲ့တာဖြစ်ပါတယ်။



# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း (၁)

၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်မီဖို့လိုတာပါလဲ

၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အမြန်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရ၍ ကာကွယ်ဆေး ဟုတ်ပါသလား

၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးရမည့် ကာကွယ်ဆေးလား


၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာဝင်ပြနေသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



# Dior ရဲ့ ဖက်ရှင်နဲ့ အလှအပဆိုင်ရာ ကိုယ်စားလှယ်ဖြစ်လာတဲ့ ဂျီဆိုး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျီဆိုးဟာ အမျိုးသမီး တေးဂီတအဖွဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးပါ။ သူဟာ အဖွဲ့အတွက် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်တဲ့အပြင် အလှအပနဲ့ ပတ်သက်ပြီးလည်း ကျော်ကြားသူတစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာတော့ နာမည်ကျော် အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Dior က ဂျီဆိုးကို အမှတ်တံဆိပ်အတွက် ဖက်ရှင်နဲ့ အလှအပရေးရာ ကမ္ဘာလုံးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၅ ရက်မှာ ဂျီဆိုးကို Dior ရဲ့ ဖက်ရှင်နဲ့ အလှအပ ကမ္ဘာလုံးဆိုင်ရာကိုယ်စားလှယ်အဖြစ် ရွေးချယ်လိုက်ပြီဖြစ်ကြောင်း အဆိုပါ အမှတ်တံဆိပ်ဘက်က ထုတ်ပြန်ကြေညာခဲ့တာပါ။ အဆိုပါ ကုမ္ပဏီရဲ့ ဖန်တီးမှုဒါရိုက်တာဖြစ်သူ မာရီယာဂရာဇီယာချူရီဟာ Dior's Fall 2021 collection ကို ဖန်တီးစဉ်ကတည်းက ဂျီဆိုးရဲ့ လွှမ်းမိုးမှုတွေ ရှိနေခဲ့တာဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီဘက်က ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ဂျီဆိုးဟာ ကေပေါ့ပ်အမျိုးသမီး တေးသံရှင်တွေအနက် အလှဆုံးဖြစ်ကြောင်းလည်း အလှအပဆိုင်ရာ ခွဲစိတ်ဆရာဝန်တစ်ဦးက မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဂျီဆိုးဟာ တောင်ကိုရီးယားကြယ်ပွင့်တွေအနက် လှပသူတစ်ဦးအဖြစ်သာမက ဖက်ရှင်ပိုင်းဆိုင်ရာမှာလည်း ဆွဲဆောင်မှုရှိသူတစ်ဦးအဖြစ် ကျော်ကြားပါတယ်။

# ငါးကြိမ်မြောက် လက်ထပ်လိုက်တဲ့ နီကိုလက်ကေ့ချ်



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားကြီးတစ်ဦးဖြစ်သူ နီကိုလက်ကေ့ချ်ဟာ လတ်တလောမှာ အချိန်အတော်ကြာ လက်တွဲလာခဲ့တဲ့ ချစ်သူနဲ့ လက်ထပ်လိုက်ပြီဖြစ်ပါတယ်။ ဒါဟာ မင်းသားအတွက် ငါးကြိမ်မြောက် လက်ထပ်ခြင်းဖြစ်ပြီး သူ့ရဲ့ဇနီးဟာ သူနဲ့ အသက် ၃၀ ခန့်ကွာခြားကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နီကိုလက်ကေ့ချ်ဟာ ၂၆ နှစ်အရွယ်သာရှိသေးတဲ့ ဂျူနီယာတစ်ဦးဖြစ်သူ ရီကိုရှိဘာတာနဲ့ မကြာသေးမီက လက်ထပ်ပွဲဆင်နွှဲခဲ့ကြောင်း သိရပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့လကုန်ပိုင်းက လက်ထပ်ခဲ့တာဖြစ်ပြီး အသက်အရွယ်ကွာခြားလွန်းသူတွေဖြစ်ကြပေမယ့် သူတို့နှစ်ဦးအကြားက အချစ်တွေကတော့ ရပ်တန့်သွားခြင်းမရှိတာလည်း ဖြစ်ပါတယ်။

ရီကိုရှိဘာတာဟာ ဂျပန်လူမျိုးတစ်ဦးဖြစ်ပြီး လက်ထပ်ပွဲမှာ သတို့သမီးဟာ ဂျပန်ရိုးရာဝတ်စုံကို ဝတ်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။ သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က လက်စ်ဗီးဂတ်စ်မှာ ပြုလုပ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အော်စကာဆုရှင် မင်းသားကြီး နီကိုလက်ကေ့ချ်နဲ့ ရီကိုရှိဘာတာတို့နှစ်ဦးကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်မှုတွေမစတင်မီ နယူးယောက်မှာ အတူတွဲကာ တွေ့မြင်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်း ရီကိုရှိဘာတာဟာ တိုကျိုသို့ပြန်သွားခဲ့ကာ နှစ်ဦးသား ခြောက်လခန့်ခွဲခွာနေခဲ့ရပါတယ်။ ခွဲနေရတဲ့အချိန်တွေမှာပင် နီကိုလက်ကေ့ချ်က ရီကိုရှိဘာတာကို လက်ထပ်လိုကြောင်း ပြောကြားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၄ ရက်မှာ စေ့စပ်ပြီးဖြစ်ကြောင်း ကြေညာခဲ့တယ်လို့လည်း သိရပါတယ်။

# ဟာဝိုင်အီမှာ ရောက်ရှိနေတဲ့ အော်လန်ဒိုဘလွန်းနဲ့ ကတ်တီပါရီ



ကျော်ကြားတဲ့ အမေရိကန်တေးသံရှင်တစ်ဦးဖြစ်သူ ကတ်တီပါရီဟာ လတ်တလောမှာ စေ့စပ်ထားသူဖြစ်တဲ့ မင်းသားအော်လန်ဒိုဘလွန်း၊ သမီးဖြစ်သူ ဒေစီတို့နဲ့အတူ ဟာဝိုင်အီကမ်းခြေမှာ အလည်အပတ်ထွက်ခဲ့တာ တွေ့မြင်ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃ ရက်မှာ မိသားစုတွေအတူ ကမ်းခြေမှာ လမ်းလျှောက်ထွက်ခဲ့ကြပြီး အသက် ခြောက်လအရွယ်ရှိပြီဖြစ်တဲ့ ဒေစီအတွက် ဟာဝိုင်အီခရီးစဉ်ဟာ ကမ်းခြေကို သွားရောက်တဲ့ ပထမဆုံးခရီးလည်း ဖြစ်ပါတယ်။ ကတ်တီပါရီဟာ လက်ရှိမှာ သူ့ရဲ့မိသားစုအတွက် အချိန်ပေးရင်း အနုပညာလုပ်ငန်းတွေကိုလည်း ဆက်လက်လုပ်ဆောင်နေကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# ပ့ါခ်ရှင်ဟေးနဲ့ပတ်သက်ပြီး စွပ်စွဲပြောဆိုသူတွေကို အရေးယူပြီးဖြစ်ကြောင်း အေဂျင်စီဆို



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ပ့ါခ်ရှင်ဟေးရဲ့ အေဂျင်စီက မင်းသမီးအပေါ် မမှန်စွပ်စွဲခဲ့သူတွေကို အေဂျင်စီအနေနဲ့ အရေးယူကာ ဒဏ်ကြေးပေးဆောင်စေတာတွေ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၆ ရက်မှာ ပ့ါခ်ရှင်ဟေးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဆော့အင်တာတိန်းမန့်က မင်းသမီးနဲ့ပတ်သက်ပြီး ဝေဖန်တိုက်ခိုက်သူတွေကို အရေးယူတာတွေလုပ်ဆောင်ပြီးဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ ပ့ါခ်ရှင်ဟေးအပေါ် လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် မမှန်မကန်ရေးသားဖော်ပြခဲ့ကြသူတွေကို သက်သေနဲ့တကွစုဆောင်းကာ ဆူဝန်ခရိုင်တရားရုံးရဲ့ ဆောင်းနမ်းရုံးခွဲမှာ တရားစွဲဆိုခဲ့ကြောင်းနဲ့ ဖေဖော်ဝါရီလအတွင်းမှာပင် ပြစ်မှုထင်ရှားသူတွေကို ဒဏ်ကြေးပေးဆောင်စေကာ အရေးယူခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။

ဒါ့အပြင် အေဂျင်စီက ပ့ါခ်ရှင်ဟေးနဲ့ပတ်သက်ပြီး မင်းသမီးကို ထိခိုက်အောင် မမှန်သတင်းရေးသားဖော်ပြတာတွေနဲ့ စွပ်စွဲသူတွေထပ်မံရှိလာပါကလည်း အလားတူ အရေးယူသွားမှာဖြစ်ကြောင်းနဲ့ မင်းသမီးကို ကာကွယ်ပေးသွားမှာဖြစ်ကြောင်း တစ်ပါတည်း ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

# စံချိန်သစ် တင်လိုက်တဲ့ Penthouse 2

တောင်ကိုရီးယားမှာ လတ်တလော ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲ The Penthouse 2 ဟာ စတင်ပြသချိန်မှာ ကြည့်ရှုသူအများဆုံးသော ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး လတ်တလောမှာ တတိယမြောက်သီတင်းပတ်အဖြစ် ပြသခဲ့ရာမှာလည်း ကြည့်ရှုသူများပြားခဲ့သည့်အပြင် ယခင်သီတင်းပတ်ရဲ့ ကြည့်ရှုနှုန်းကို ကျော်လွန်ကာ လက်ရှိအချိန်အထိ ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၅ ရက်မှာ အဆိုပါဇာတ်လမ်းတွဲ အပိုင်း(၅)ကို ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းအပိုင်း ထုတ်လွှင့်ပြီးနောက် ကြည့်ရှုသူ ၂၀ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ကာ နှစ်ပိုင်းပေါင်းအနေနဲ့ ကြည့်ရှုသူ ၂၄ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါဟာ ဇာတ်လမ်းတွဲ စတင်ထုတ်လွှင့်သည်မှ ကြည့်ရှုသူအများဆုံးဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် လတ်တလောမှာ အပိုင်းသစ်အတွက် ခါတ်ပုံတွေကိုလည်း ထုတ်ဖော်ပြသခဲ့တာ တွေ့ရပါတယ်။ အဆိုပါ ခါတ်ပုံတွေမှာ ဇာတ်ဆောင်တွေကို ထိတ်လန့်ဖွယ်အမူအရာတွေနဲ့ တွေ့မြင်ရပြီး လာမယ့် ဇာတ်လမ်းတွဲသစ်တွေအတွက် ပရိသတ်တွေကို ဆွဲဆောင်ထားနိုင်တာလည်း ဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲဟာ ယခုသီတင်းပတ်အတွင်း ပရိသတ်အကြား ရေပန်းအစားဆုံးသော ဇာတ်လမ်းတွဲအဖြစ်လည်း ရွေးချယ်ဖော်ပြခံခဲ့ရပြီး ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ဆောင်တွေဟာ တစ်ပတ်အတွင်း ကျော်ကြားတဲ့ သရုပ်ဆောင်တွေစာရင်းကို ဦးဆောင်ထားနိုင်ခဲ့တာ တွေ့ရပါတယ်။



# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှတာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ၊
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယားခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာစေး/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဒုရဲမှူးကြီးထွဏ်းလွင်ဦး(ငြိမ်း)
## အသက်(၈၄)နှစ်

ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့၊ အမှတ်(၁၄)၊ တောင်ကြီးလမ်း၊ ဦးဆုပ်ရပ်၊ ကျိုင်းတုံမြို့နေ (Dr ဦးဘဆပ်-ဒေါ်ခင်စီ)တို့၏သား၊ ဒေါ်ဥမ္မာခိုင်၏ ခင်ပွန်း၊ Australia နိုင်ငံ Sydney မြို့နေ Damian Ross– Mya Ross၊ (ဦးနန္ဒလွင်ဦး)– ဒေါ်နန်းရှဲန်အန်း၊ Australia နိုင်ငံ၊ Sydney မြို့နေ ဥဂ္ဂါလွင်ဦး၊ ဖြိုးမင်းလွင်ဦး– သီတာဝင်းကြည်၊ မြသီတာလွင်တို့၏ ဖခင်၊ နန်းပိုးရှန်၊ Connor Ross၊ အေးသဒ္ဒါဦး၊ Elsie တို့၏ အဘိုးသည် ၅-၃-၂၀၂၂ ရက်နေ့ (သောကြာနေ့) ရွှေလမင်းဆေးရုံတွင် ၁:၃၀ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၂၂ ရက် နံနက် ၉ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကန့်ကွက်နိုင်ကြောင်း
# အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရဲစုတောင်ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်(၁၆၃)တွင် ကျွန်တော် ဦးသက်နိုင်မှ **"UNIQUE" (ယူနစ်ခ်)** အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပါသည်။

အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်တော် ဦးသက်နိုင်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြော်ငြာချက်နှင့်အတူ မိမိအသုံးပြုမည်ဖြစ်သော **"UNIQUE"(ယူနစ်ခ်)** သောက်ရေသန့် အမှတ်တံဆိပ်အား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ အမည်တူ ထောက်ခံချက်ဖြင့် ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးသက်နိုင်[၁၂/မဂဒ(နိုင်)၀၂၀၈၉၄]**

**ဖုန်း-၀၉-၂၄၀၁၈၉၈**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ကျိုက်မရောမြို့၊ ရေတွင်းကုန်းကျေးရွာအုပ်စုတွင် နေထိုင်သည့် ဦးဂဖိုလ်၏သား၊ သမီးများဖြစ်သော ဦးအာမီရာလီ၊ ဒေါ်ဆလီမာဘီ၊ ဒေါ်အာမိနာဘီ၊ ဒေါ်ဆိုဒီဇမာ၊ ဒေါ်လာလ်ဘာနူး၊ ဦးဇာမိရ်အာမက်၊ ဒေါ်ဇလေခါဘီ၊ ဒေါ်ဆူရွတ်ဘီ၊ ဒေါ်ရရှီဒါဘီ၊ ဦးအူစမာန်(ခ)မောင်ဇော်ထွန်း၊ ဒေါ်ဆိုင်ရာဘာနူး(ခ)မခင်အေး၊ ဦးကဘိန်အာမက်တို့မှ(၂၆-၁၀-၁၉၉၆)ရက်စွဲပါ အမွေခွဲဝေပေးခြင်းကတိစာချုပ်အရ ရရှိမည့် လယ်မြေကေများဖြစ်သော(က) ကျိုက်မရောမြို့၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၉/ခ)၊ ခနောင်တောင်ကွင်း၊ ဦးပိုင်အမှတ်(ခ/၁၃၆)၊ ဧရိယာ(၅.၅၀)ကေရှိ လယ်မြေ။ (ခ) ကျိုက်မရောမြို့၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၉/ခ)၊ ရေတွင်းကုန်းကွင်း၊ ဦးပိုင်အမှတ်(က/၁၃၆/၆)၊ ဧရိယာ(၇.၉၂)ကေရှိ လယ်မြေ။ (ဂ) ကျိုက်မရောမြို့၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၉/က)၊ ခနောင်တောင်ကွင်း၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၉.၉၂)ကေရှိ လယ်မြေများ အနက်မှဦးဂဖိုလ်၏ သား၊ သမီးများကအမွေဝေစု စုစုပေါင်းလယ်မြေကေ (၁၄.၂၄)ကေကို ဦးဂဖိုလ်၏ သား၊ သမီးများအားလုံး၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးကဘိန်အာမက်တစ်ဦးတည်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၇)ကို ထုတ်ယူမည်ဖြစ်ပါကြောင်း ဦးရာရှစ်နှင့် ဦးဇာကီအာမက်တို့အပါအဝင် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ(၇)ရက်အတွင်း ဦးကဘိန်အာမက်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာမှတ်စာတမ်း၊ မူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကြေညာသည့်ရက် ကုန်ဆုံးချိန်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇)ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးရာရှစ်နှင့် ဦးဇာကီအာမက်အပါအဝင် အများပြည်သူတို့သိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးကဘိန်အာမက် (KMW-၁၃၇၉၁၃)**

**အမှတ်(၁၀၅)၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်။**

### သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ထားဝယ်မြို့၊ ထိန်သစ်ရပ်၊ အမှတ်(၄)လမ်းနေ ဦးကံဝင်း-ဒေါ်ခင်အုံးနိုင်တို့၏ သမီးဖြစ်သူ မဖြူဝင်းနှောင်း [၆/လလန(နိုင်)၀၀၀၁၃၀]သည် မိဘမောင်နှမများ၏ဆုံးမမှုကိုမနာခံဘဲ ဂုဏ်သိက္ခာကျဆင်းအောင်ဆောင်ရွက်ပြီး အစ်မဖြစ်သူ၏ စေတနာကိုနားမလည်၊ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ကျူးလွန်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စအဝဝကိုမျှ လုံးဝ (လုံးဝ) တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးကံဝင်း[၆/လလန(နိုင်)၀၄၄၃၇၆]**

**ဒေါ်ခင်အုံးနိုင်[၆/လလန(နိုင်)၀၄၄၃၈၅]**

# လူသား တို့၏ ကျန်းမာရေး အိုဇုန်း လွှာကို ထိန်းသိမ်းပေး




### ရဟန်းဒါယိကာမ
## ဒေါ်လှသန်း
### အသက်(၉၆)နှစ်

ကြို့ပင်ကောက်မြို့နေ (ဦးသင့်-ဒေါ်တင်မေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ်(၁၂)နေ (ဦးဂျူတိတ်(ခ)ဦးတင်အေး)၏ဇနီး၊ ဦးတင်ကိုနိုင်- ဒေါ်ခင်မေလွင်၊ ဦးတင်မောင်ထွဋ်- ဒေါ်ခင်သီတာ၊ ဦးအောင်မြင့်ဦး- ဒေါ်ဥမ္မာအေးတို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၃-၂၀၂၂ ရက် ည ၁၀ နာရီတွင် လူကြီးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၂ (သောကြာနေ့) ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးခင်ညို(ငြိမ်း)
### အသက်(၉၀)

သူငယ်ချင်း ဗိုလ်မှူးချုပ်မျိုးအေး(ငြိမ်း)၏ဖခင် ဗိုလ်ကြီးခင်ညို(ငြိမ်း) အသက်(၉၀) သည်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)မှသူငယ်ချင်း၊ မိသားစုများ**

## ဦးအေး
### အသက်(၈၄)နှစ်
#### ဒုညွှန်မှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ်(၁၁၄/၂)၊ သုဝဏ္ဏမြို့နယ်နေ (ဦးစံရုံ-ဒေါ်အေးစိန်)တို့၏သား၊ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ ဦးရဲထွဋ်အေး (PEMCO CO.,LTD)- ဒေါ်တိုးတိုးအောင်၊ ဒေါ်အေးအေးဇော်-ဦးကျော်သူငြိမ်း၊ ဦးအောင်ဇေယျ-ဒေါက်တာ ဒေါ်ဝေဝေထွန်း၊ ဦးရဲအောင်တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၆-၃-၂၀၂၂ (စနေနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကြွင်းကျန်သောရုပ်ကလာပ်ကို ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၂၂ (သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်သန်းရီ(သထုံ)
### ပြည်တွင်းအခွန်များဦးစီးဌာန(အငြိမ်းစား)
### အသက်(၈၅)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ (ဦးဖေချစ်-ဒေါ်မာဖြူ)တို့၏သမီး (ဦးစံတင်)၏ချစ်လှစွာသောဇနီး (ဒေါ်တင်ရီ)၊ ဦးခင်မောင်စိုး၊ ဦးခင်မောင်ရီတို့၏ ညီမ/အစ်မ၊ (ဦးဖေသန်းအောင်)-ဒေါ်ခင်အုန်းမြင့်၊ ဦးဇော်ထူး-ဒေါ်သီသီစံ၊ ဗိုလ်ချုပ်သော်လွင်(ငြိမ်း)-ဒေါ်လှလှစံ (ဒုညွှန်မှူး-ငြိမ်း၊ ပြည်တွင်းအခွန်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး(၁၀)ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂-၃-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၆:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ခြင်း ၆-၃-၂၀၂၂ ရက်(စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားနာဆောင်ရွက်ခဲ့ရာတွင် လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းခြင်း၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်း၊ လိုက်ပါပို့ဆောင်သူများနှင့် နာရေးကိစ္စအဝဝအတွက် ကူညီဆောင်ရွက်ပေးပါသော ဆက်သွယ်ရေးတပ်ဖွဲ့မိသားစုများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်အေး
### အသက် (၆၆)နှစ်

၁၃၈၂ ခုနှစ်၊ (တပို့တွဲလပြည့်ကျော် ၆ ရက်) ၄-၃-၂၀၂၀ ရက်၊ (ကြာသပတေးနေ့) ညနေ ၃:၁၅ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၆-၃-၂၀၂၂ ရက် (စနေနေ့) နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ကွယ်လွန်သူအား ရည်စူး၍ ၁၀-၃-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ဇာတိမာန်လမ်း၊ ခြံအမှတ် ၄/၈၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးကျော်ဝင်း**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၈၉)**

**ကျန်ရစ်သူခင်ပွန်း**

## အများသိစေရန်ကြေညာခြင်း

အနာဂတ်ကွင်းဆက်အုပ်စု ကုမ္ပဏီလီမိတက် (Registration No 101681297) မှ ကုမ္ပဏီနှစ်ပတ်လည်အစည်းအဝေးနှင့် မတည်ငွေရင်းလျှော့ချခြင်းပြုလုပ်ရန် ရှယ်ယာရှင်အစည်းအဝေးတစ်ရပ်ကို မကြာမီကာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာ ရှယ်ယာရှင်များသို့ အကြောင်းကြားစာများပေးပို့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ရှယ်ယာပိုင်ရှင်များကိုယ်တိုင် မပျက်မကွက် တက်ရောက်နိုင်ပါရန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အနာဂတ်ကွင်းဆက်အုပ်စုကုမ္ပဏီလီမိတက်**

**ဖုန်း-၀၉-၉၇၄၁၆၂၀၀၉**

# ဥတုရာသီ တောကိုမှီ၏

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီး ခင်ညို (ငြိမ်း)
### အသက် (၉၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်၊ ရဲဘော် (၅)လမ်း၊ ဇ(၃၀၃)နေ ဒေါ်ခင်ခင်အေး၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမင်းဇော်-ဒေါ်သန်းသန်းမြင့်၊ (ဦးမောင်မောင်မြင့်)- ဒေါ်သန်းသန်းတင့်၊ ဦးမျိုးမြင့်အောင်- ဒေါ်သန်းသန်းဆင့်၊ ဦးမျိုးအေး- ဒေါ်နီလာကို၊ (ဦးတင်မောင်ညို)- ဒေါ်စန်းသီတာမြင့်၊ ဦးမင်းညိုထွေး-ဒေါ်နီလာမောင်၊ ဦးသန်းထွန်းနိုင်-ဒေါ်မေဦးခိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ် ရှစ်ယောက်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၆-၃-၂၀၂၂ (စနေနေ့) နံနက် ၀၀:၃၀ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းမြင့်
### အသက် (၈၁) နှစ်
### စီမံ (၃) ဌာနမန်နေဂျာ(ငြိမ်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ လမ်းသစ်ရိပ်သာ၊ တိုက်(၇)၊ အခန်း (၅)နေ (ဦးမောင်ကြင်-ဒေါ်ဖွားခင်) တို့၏ သမီးထွေး (ဦးမျိုးညွန့်-ဒေါ်ကျင်လှ)၊ (ဦးလှမောင်-ဒေါ်သန်းကြည်)၊ ဦးရှိန်ကြည်၊(ဒေါ်မြမြ)၊ (ဦးစိုးမြင့်-ဒေါ်ခင်တုတ်)(ဦးမောင်တင်-ဒေါ်ခင်နု)၊ (ဗိုလ်မှူးစိုးနိုင်- ဒေါ်ခင်ထား)၊ [ဦးလှထွန်း-ဒေါ်တင်ရီ(ခ) ဒေါ်ဒေလီ] တို့၏ ညီမ၊ တူ၊ တူမ (၄၄)ယောက် တို့၏အဒေါ် ဒေါ်ခင်စန်းမြင့်သည် (၃-၃-၂၀၂၂) မွန်းလွဲ ၁၂:၃၀ နာရီတွင် OSC အထူးကုဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၄-၃-၂၀၂၂ ရက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးအေး
### အသက်(၈၄)နှစ်
### ဒုညွှန်မှူး(ငြိမ်း)အကောက်ခွန်ဦးစီးဌာန

PEMCO CO.,LTD မှ Director ဦးရဲထွဋ်အေး- ဒေါ်တိုးတိုးအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၆-၃-၂၀၂၂ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Director များနှင့် PEMCO CO.,LTD**

**ဝန်ထမ်းမိသားစုဝင်များ**

### ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးထွန်းအေး(အနီ)
### အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ဒု-ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၆၂ လမ်း၊ အမှတ် ၃၃ နေ [ဦးပါ(စတီးဘရားသား)-ဒေါ်ပူစီ ] တို့၏သား၊ ရန်ကင်းမြို့နယ်၊ တိုက် ၁၂၆/၆ နေ (ဦးမောင်တင်- ဒေါ်နှင်းလှိုင်)တို့၏သားသမက်၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ အမှတ် ၂၉၇ နေ ဒေါ်တင်မေကြည်၏ ခင်ပွန်း၊ ဒေါ်ယဉ်အေးနု၊ ဒေါ်ဖြူအေးနု(Chief Physiotherapist ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး)တို့၏ ဖခင်သည် ၆-၃-၂၀၂၂ ရက် နံနက် ၁၀:၄၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းအေး(အနီ)၊ အသက် (၇၇)နှစ်
### အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ အမှတ် ၂၉၇ နေ ဒေါ်တင်မေကြည်၏ ခင်ပွန်းသည် ၆-၃-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်လတ်

ဥက္ကဋ္ဌ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် အရာထမ်း၊ အမှုထမ်းများ

## "ကန့်ကွက်နိုင်သည်"

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ် (၄၈)၊ စစ်ကဲကုန်းရပ်၊ ဦးပိုင်အမှတ် ၅၃ ဃ၊ မြေချိန်ဧရိယာ (၀.၀၇၇) ကေအနက် မြေပုံပေါ်တွင် (A) အမှတ်ပြ ဧရိယာ (၀.၀၁၇) ကေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၅၄/၈)၊ သာယာကုန်းလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော နေအိမ်တန်းလျားခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၏ မှတ်ပုံတင် (၁-က) စာရင်းတွင် ဒေါ်ဘိန်ဟန်အမည်ပေါက်လျက်ရှိပြီး အောက်ခြေစာချုပ်အဆင့်ဆင့်ဖြင့် ဦးအောင်မြင့်က ဆက်လက်ပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းထံမှတစ်ဆင့် ဦးရာဂျူး(ခ) ဦးစိုးသန်းက ဝယ်ယူပိုင်ဆိုင်ပြီး၍ စာချုပ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက စာချုပ်စာတမ်း မှတ်ပုံတင်ကိစ္စရပ်ကို ပြီးဆုံးသည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရာဂျူး (ခ) ဦးစိုးသန်း**

**[၁၀/မလမ(နိုင်)၁၂၄၃၉]**

**အမှတ် (၅၄/၈)၊ သာယာကုန်းလမ်း၊ စစ်ကဲကုန်းရပ်မ၊ မော်လမြိုင်မြို့။**

# မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၀ လမ်း၊ အဓိကရုဏ်းဖြစ်စဉ်တွင် မကြယ်စင် (ခ) မကျားရှိ (၁၉)နှစ် သေဆုံးခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် မတ် ၆**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် လမ်း ၃၀ လမ်းမပေါ်၌ မတ် ၃ ရက်က လူစုလူဝေးဖြင့် ပိတ်ဆို့ဆန္ဒပြနေသည့် လူအုပ်စုအား တာဝန်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲပေးရန် အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့သော်လည်း လူစုခွဲခြင်းမပြုသည့်အပြင် အကြမ်းဖက်ရုန်းရင်းဆန်ခတ်မှုများကိုပါ ပြုလုပ်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် လူစုခွဲမှုကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ လူစုလူဝေးဖြင့် အကြမ်းဖက်ရုန်းရင်းဆန်ခတ်မှု ပြုလုပ်စဉ်အတွင်း အမျိုးသမီးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးခဲ့ကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေမှုသေခင်းရေးဖွင့်ပြီး စုံစမ်းစစ်ဆေးနိုင်ရေးဆောင်ရွက်ခဲ့သော်လည်း သေဆုံးသူနှင့် သက်ဆိုင်သူများက အလောင်းကို စစ်ဆေးခွင့်မပြုခဲ့ဘဲ ၎င်းတို့၏ သဘောအလျောက် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေဆုံးမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် သေဆုံးသူ၏ အလောင်းအား ဆရာဝန်ဖြင့် ခွဲစိတ်စစ်ဆေးရန် လိုအပ်သဖြင့် သေဆုံးသူ၏ဖခင်ထံ ခွင့်ပြုချက်တောင်းခံပြီး မတ် ၅ ရက်တွင် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာတရားသူကြီးနှင့် ဆေးဘက်ဆိုင်ရာ ဆရာဝန်များသည် သက်သေများနှင့်အတူ တရားသူကြီး၏ ခွင့်ပြုမိန့်ဖြင့် သေဆုံးသူ၏ အလောင်းအား အုတ်ဂူမှ ပြန်လည်တူးဖော်၍ အသေးစိတ်ခွဲစိတ်စစ်ဆေးခဲ့ရာ ရရှိခဲ့သောဒဏ်ရာမှာ ဦးခေါင်းဝဲဘက် နားရွက်နောက်မှ ဖောက်ဝင်ခြင်းဖြစ်ပြီး ဦးနှောက်အတွင်းကပ်နေသည့် အလျား ၁ ဒသမ ၂ စင်တီမီတာ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့



# ပွင့်ဖြူမြို့နယ်၌ တောင်သူများ နွေစပါးသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး လယ်ယာမြေများ ထွန်ယက်ပြုပြင်ဆောင်ရွက်

**ပွင့်ဖြူ မတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီအတွက် အချိန်မီစိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများက မိမိတို့၏ လယ်ယာမြေများအား ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်လုပ်ကိုင်နေကြကြောင်း ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စပါးစိုက်ဧက ၁၉၈၀၄ ဧကနှင့် နှမ်းစိုက်ဧက ၃၁၆၆၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရကာ ယခုအခါ ဒေသခံတောင်သူများက နွေစပါးသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် မိမိတို့၏ လယ်ယာမြေများကို နွေစပါးနှင့် နွေနှမ်းစိုက်ပျိုးနိုင်ရေး ကြိုတင်၍ လယ်ယာမြေများ ပြုပြင်ထွန်ယက်ခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများ ထည့်သွင်း၍ ထယ်ရေးညက်အောင် ပြုလုပ်ခြင်းများကို ကြိုးပမ်းဆောင်ရွက်နေကြကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့

## ကြေးမုံ ယနေ့ ဖတ်စရာ


**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ သန်းကျော်ရှိလာ**

စာမျက်နှာ » ၁၃

**မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များတွင် ဆူပူအော်ဟစ်ဆန္ဒပြခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရ**

စာမျက်နှာ » ၁၉

**ထာဝရလန်းဆန်း သုံးခိုင်ပန်း**

စာမျက်နှာ » ၂၁

**မိမိတို့၏ ရင်သွေးသားသမီးများကို ချစ်လှပါသည်ဆိုသော မိခင်ဖခင်များထံသို့ အိတ်ဖွင့်ပေးစာ**

စာမျက်နှာ » ၂၃


# ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ အာဆင်နယ်ကျေနပ်ခဲ့ရ

ပရီမီယာလိဂ်ပွဲစဉ် ၂၇ ရဲ့ စနေနေ့ညအစာပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘန်လေအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ ပွဲကစားချိန် ၆ မိနစ်မှာ သွင်းယူခဲ့တဲ့ တိုက်စစ်မှူး အူဘာမေယန်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ပွဲကစားချိန် ၃၉ မိနစ်မှာ တိုက်စစ်မှူး ခရစ်ဝုဒ်ရဲ့သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် ဘန်လေအသင်း ချေပဂိုးပြန်လည်ရရှိခဲ့ပါတယ်။

အာဆင်နယ်အသင်းနည်းပြ အာတီတာရဲ့ အူဘာမေယန်ကို အထောင်တိုက်စစ်အဖြစ်အသုံးပြုပြီး ၄-၂-၃-၁ ကစားကွက်ဟာ ပွဲအစပိုင်းမှာသာ အလုပ်ဖြစ်ခဲ့ပြီး ချေပဂိုးပြန်လည်ပေးလိုက်ရပြီးနောက်ပိုင်းမှာ နည်းပြဆီယန်ဒိုင်ချီရဲ့ ၄-၄-၂ ကစားကွက်ကို မကျော်ဖြတ်နိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်အဆင့် ၉ နေရာသို့ တက်လှမ်းနိုင်မယ့်အခွင့်အလမ်းတစ်ရပ် ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ ဘန်လေအသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ် ၂၈ ပွဲအထိ ကစားထားတဲ့အသင်းဖြစ်ပေမယ့် လက်ရှိမှာ ရမှတ် ၃၀ သာရရှိထားတာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၁၅ နေရာမှာသာ ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

